ကြေးမုံ
The Mirror Daily
၁၉၅၇ ပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**မိမိကိုယ်သာလျှင် ကြည့်ရှုဆင်ခြင်**

သူတစ်ပါးတို့၏ ကြမ်းတမ်းဝန်တို မလိုသော စကားတို့ကို နှလုံးမသွင်းအပ်၊ သူတစ်ပါး၏ ကောင်းသောအမှု၊ မကောင်းသောအမှု ပြု မပြုကို မကြည့်ရှု မဆင်ခြင်ရာ၊ မိမိ၏ ကောင်းသောအမှု၊ မကောင်းသောအမှု ပြု မပြုကိုသာလျှင် ကြည့်ရှု ဆင်ခြင်ရာ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)

၁၃၈၅ ခုနှစ်၊ နတ်တော်လဆန်း ၁၂ ရက်၊ တနင်္ဂနွေနေ့။ Sunday, 24 December 2023 ၁၁၃၁၉

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ခရစ်တော်မွေးနေ့(ခရစ္စမတ်)ကျေးဇူးတော်ချီးမွမ်းခြင်း အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

**နေပြည်တော် ဒီဇင်ဘာ ၂၃**

မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံဧဝံဂေလိခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံခရစ်တော်သာသနာပြန့်ပွားမှု ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ချုပ်တို့က စုပေါင်းကျင်းပပြုလုပ်သည့် ခရစ်တော်မွေးနေ့(ခရစ္စမတ်)ကျေးဇူးတော်ချီးမွမ်းခြင်း အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်ရှိ Holy Cathedral Church ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်ချီးမြှင့်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ★

**ယနေ့ ဖတ်စရာ**

**ခေတ်သစ်မီဒီယာ၌မူ နည်းပညာအလွန်အမင်း ထွန်းကားလာမှုအရ သတင်းသမားသာမက လူထုအားလုံးက သတင်းကို လိုသလိုပုံဖော်ရေးသားလာကြသဖြင့် သတင်းတု၊ သတင်းမှားနှင့် ဘက်လိုက်သတင်းများမှာ ကမ္ဘာ့နိုင်ငံအားလုံးရှိ လူသားများအတွက် အထူးစိုးရိမ်စရာဖြစ်လာ**

ဆောင်းပါး စာမျက်နှာ » ၁၀

**လယ်ယာမြေ ၁၀ ကေအထက် ပိုင်ဆိုင်ထားသည့် တောင်သူလယ်သမားများကို ကာလတိုချေးငွေအဖြစ် တစ်ကေလျှင် ငွေကျပ် လေးသိန်း ထုတ်ချေးပေးနိုင်ရေးကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ပုဂ္ဂလိကဘဏ်များ ညှိနှိုင်းပေါင်းစပ်စီစဉ်လျက်ရှိ**

စာမျက်နှာ » ၁၆

**တက္ကစီယာဉ်မောင်းများ ဒုစရိုက်ဘေးအန္တရာယ်မှကင်းဝေးစေရန် တက္ကစီဘုတ်တွင် အချက်ပြမီးတပ်ဆင်သည့်စနစ်ကို ဆောင်ရွက်ရန် အစီအစဉ်ရှိ**

စာမျက်နှာ » ၈



ပူတာအိုခရီးစဉ်ဒေသရှိ သဘာဝရေခဲတောင်များကို အဝေးမှ လှမ်းမြင်ရစဉ်။

# ပူတာအိုဒေသ ခရီးသွားလုပ်ငန်းကိုအထောက်အကူပြုသည့် သဘာဝရေခဲတောင်များ စတင်မြင်တွေ့နေရ

**ပူတာအို ဒီဇင်ဘာ ၂၃**

ကချင်ပြည်နယ် ပူတာအိုခရိုင်တွင် ပူတာအိုခရီးစဉ်ဒေသ ခရီးသွားလုပ်ငန်းကို အထောက်အကူပြုသည့် သဘာဝရေခဲတောင်များကို ယခုလဆန်းပိုင်းမှစတင်မြင်တွေ့ခဲ့ရခြင်းဖြစ်ပြီး ဒီဇင်ဘာ ၂၂ ရက်တွင် ဖြူဖွေးလှပသိသာထင်ရှားစွာ မြင်တွေ့နေရပြီဖြစ်သည်။

မြန်မာနိုင်ငံမြောက်ဘက်အစွန်ဆုံးမြို့ဖြစ်သည့် ပူတာအိုမြို့၏ မြောက်ဘက်နှင့် အနောက်ဘက်တောင်တန်းကြီးများတွင် ရေခဲတောင်များကို မြင်တွေ့နေရခြင်းဖြစ်ပြီး အဆိုပါ တောင်တန်းကြီးများတွင် ရေခဲများကို ဒီဇင်ဘာလမှ ဧပြီလအတွင်း အများအားဖြင့် မြင်တွေ့နေရခြင်းဖြစ်သည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❂

ကြေးမုံ

# တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်

မြန်မာ့တိုင်းရင်းဆေးပညာသည် နှစ်ပေါင်းထောင်ချီရှည်လျားသည့် မြန်မာ့အမွေအနှစ်ဖြစ်သည်။ သမိုင်းစဉ်တစ်လျှောက် ဖြစ်ထွန်းတည်တံ့ခဲ့သည့် အမျိုးသားဆေးပညာဖြစ်သည်။ မြန်မာလူမျိုးတို့အား ခေတ်အဆက်ဆက် ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့သည့် တိုင်းရင်းဆေးပညာဖြစ်သည်။ မြန်မာတို့သည် မြန်မာတိုင်းရင်းဆေးများကို အားကိုးအားထားပြုပြီး ကျန်းမာစွာရှင်သန်နေထိုင်ခဲ့သည်။

ဒေသနာနယ၊ ဘေသဇ္ဇနယ၊ ဝိဇ္ဇာဓရနယ၊ နက္ခတ္တနယဟူသော မြန်မာ့တိုင်းရင်းဆေးပညာ၏ အခြေခံနယကြီးလေးပါးကို အခြေတည်ပြီး လက်တွေ့ပျောက်ကင်းအောင် ကုသပေးနိုင်သော သမိုင်းမှတ်တမ်းများရှိသည်။ တကောင်း၊ သရေခေတ္တရာ၊ ပုဂံ၊ အင်းဝ၊ ကုန်းဘောင်စသည့် ခေတ်အဆက်ဆက် ဆေးကျမ်းများရှိခဲ့သည်။ ထို့အပြင် တိုင်းရင်းဆေးသမားတော်ကြီးများကိုယ်တိုင် နန်းတွင်းသူနန်းတွင်းသားများနှင့်တိုင်းသူပြည်သားများကို ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့သည့် သမိုင်းမှတ်တမ်းများရှိသည်။

မျက်မှောက်ကာလတွင် အနောက်တိုင်းဆေးပညာများ ခေတ်မီဆန်းသစ်တိုးတက်ဖြစ်ထွန်းလာမှုနှင့်အတူ ပြည်သူများအနေဖြင့် အနောက်တိုင်းကုထုံးနှင့်ဆေးဝါးများကို မှီခိုအားထားကြရာတွင် ဆေးကုသစရိတ်မြင့်မားခြင်းနှင့် ဆေးနှင့်ဆေးပစ္စည်းများကို ဝယ်ယူသုံးစွဲကြရာတွင် ဈေးနှုန်းကြီးမြင့်ခြင်းကြောင့် အခက်အခဲများ ကြုံတွေ့ကြရသည်။ ပြည်သူများအနေဖြင့် နေထိုင်စားသောက်မှုပုံစံများပြောင်းလဲလာသည့်အလျောက် မကူးစက်တတ်သောရောဂါများဖြစ်သည့် ဆီးချို၊ သွေးချို၊ သွေးတိုး၊ နှလုံးရောဂါများ အဖြစ်များလာရာ ကာကွယ်ကုသမှုများကို နေ့စဉ်ပြုလုပ်နေရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိရာ အနောက်တိုင်းဆေးပညာဖြင့် ကုသမှုပေးသည့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍကို နှစ်စဉ်မြှင့်တင်ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့်အပြင် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် အမျိုးသားဆေးပညာဖြစ်သည့် မြန်မာ့တိုင်းရင်းဆေးပညာဖြင့် တိုင်းရင်းသားပြည်သူများ၏ကျန်းမာရေးကို အပြည့်အဝစောင့်ရှောက်မှုပေးနိုင်ရန်အတွက် နိုင်ငံတစ်ဝန်း၌ တိုင်းရင်းဆေးရုံ၊ ဆေးခန်းများကို တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်ဖွင့်လှစ်ပေးလျက်ရှိသည်။

မြန်မာ့သမိုင်းအစဉ်အဆက် လက်ဆင့်ကမ်းအသုံးပြုခဲ့ကြသည့် မြန်မာ့ရိုးရာတိုင်းရင်းဆေးပညာအဆင့်အတန်း ပိုမိုမြင့်မားစေရန်နှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ နည်းပညာများ သင်ယူလေ့လာခြင်း၊ မျှဝေပေးခြင်းစသည်တို့ကို ဘက်ပေါင်းစုံမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပြီး တိုင်းရင်းဆေးပညာဖြင့် ပြည်သူများအား ကျယ်ကျယ်ပြန့်ပြန့် ကုသစောင့်ရှောက်မှုပေးနိုင်အောင် ကြိုးပမ်းအားထုတ်ရမည်ဖြစ်သည်။ ထို့အပြင် ကမ္ဘာ့အလယ်၌ မြန်မာ့ရိုးရာတိုင်းရင်းဆေးပညာ၏ အစွမ်းထက်ပုံတို့ကို ထုတ်ဖော်အသိပေးပြီး ဂုဏ်ယူဝင့်ကြွားနိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

သက်ရှိလူသားများသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရ သဘောလေးခု မျှတခြင်းဖြင့် အသက်ရှည်ကျန်းမာစွာနေထိုင်ကြရသည်။ ထို့အပြင် ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဟူသော ဓာတ်ကြီးလေးပါးမျှတနေသမျှ ကျန်းမာစွာအသက်ရှင်သန်ရပ်တည်နေထိုင်နိုင်သည်။ ဓာတ်ကြီးလေးပါး၊ သဘောလေးခု တစ်ခုခုဖောက်ပြန်သည်နှင့် ကျန်းမာရေးကိုထိခိုက်ပြီး စိုးရိမ်ဖွယ်ဖြစ်လာနိုင်သည်။ ထိုသဘောတရားများကို နိုင်နင်းအောင် ထိန်းသိမ်းနိုင်စွမ်းရှိသည်မှာ မြန်မာ့တိုင်းရင်းဆေးပညာဖြစ်သည်။ ပြည်သူများ နေ့စဉ်နေထိုင်မှုလူမှုဘဝတွင် "အစာလည်းဆေး၊ ဆေးလည်းအစာ" ဟူသည့် တိုင်းရင်းဆေးပညာဆိုစကားကဲ့သို့ မြန်မာ့တိုင်းရင်းဆေးပညာ၏ အခြေခံသဘောတရားများဖြစ်သည့် ချို၊ ချဉ်၊ ငန်၊ စပ်၊ ခါး၊ ဖန် အရသာခြောက်ပါးကို ညီညွတ်မျှတစွာ စားသုံးပေးခြင်းဖြင့် သက်ရှည်ကျန်းမာစွာနေထိုင်နိုင်သည့် နည်းလမ်းကောင်းများရှိသည်။

မြန်မာ့တိုင်းရင်းဆေးပညာသည် အစဉ်အလာကြီးမားသည့် အစွမ်းထက်သောဂုဏ်ဒြပ်များရှိသဖြင့် မြန်မာ့တိုင်းရင်းဆေးပညာ အစဉ်အလာမပြတ် ထွန်းကားတောက်ပြောင်နေအောင် နိုင်ငံတော်အစိုးရက အားပေးမြှင့်တင်ကူညီပေးလျက်ရှိသည်။ တိုင်းရင်းဆေးပညာသုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရက သုတေသနရန်ပုံငွေများ နှစ်စဉ်ထောက်ပံ့ပေးလျက်ရှိသည်။ အစွမ်းထက်မြက်သည့် မြန်မာ့တိုင်းရင်းဆေးပညာကုထုံးများ၊ ဆေးနည်းများ၊ ဆေးပင်များကို အတွေ့အကြုံအခြေပြုဆေးပညာမှသည် အထောက်အထားအခြေပြုဆေးပညာအဖြစ်သို့ရောက်အောင် သုတေသနပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ မြန်မာ့တိုင်းရင်းဆေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာအောင် နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့်နည်းတူ မြန်မာ့တိုင်းရင်းဆေးသမားတော်များကလည်း နှစ်စဉ် တစုတဝေးတည်း နှီးနှောဖလှယ်ဆွေးနွေးကြကာ မြန်မာ့တိုင်းရင်းဆေးပညာ မြင့်မားတိုးတက်ရေးနှင့် တိုင်းရင်းဆေးဝါးများ အရည်အသွေးအဆင့်မီရေးအတွက် ကြိုးပမ်းဆောင်ရွက်ပြီး ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါကြောင်း။ ။

## (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

၁။ အမျိုးသားအကျိုးစီးပွားနှင့် အမျိုးသားနိုင်ငံရေးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန် အရေးသုံးပါးကို ထိန်းသိမ်းဆောင်ရွက်ရေး။

၂။ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ် တည်ဆောက်ရာတွင် အသိပညာ၊ အတတ်ပညာ၊ ပင်ကိုအရည်အသွေး၊ စွမ်းရည်များနှင့် ပြည့်စုံသည့် လူ့စွမ်းအား အရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့် ဘက်စုံပညာရေးကဏ္ဍကို မြှင့်တင်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ ဥပဒေနှင့်အညီ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲ ကျင်းပနိုင်ရေးနှင့် တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဆန္ဒမဲပေးပိုင်ခွင့်ရရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေး။

၄။ အကြမ်းဖက်ဖြစ်စဉ်များအားလုံး ချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းရေးနှင့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးအတွက် ပြည်သူလူထုတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေး။

၅။ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် MSME စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်ရေး။

## အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်၌ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် ဆုပေးပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၃

အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်၌ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက် မွန်းလွဲပိုင်းတွင် အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်ရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာနီလာမြင့်ထူးက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ စာရေးဆရာကြီး ဦးကောင်းသန့်က လွတ်လပ်ရေးနှင့် သက်ဆိုင်သည့် အသိပညာပေးဟောပြောရာတွင် လွတ်လပ်ခြင်း၏ အဓိပ္ပာယ်နှင့် လွတ်လပ်ရေး၏အနှစ်သာရ အကြောင်းအရာများကို ကျောင်းသား ကျောင်းသူများအား ဟောပြောသည်။

ထို့နောက် (၇၆) နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ်



စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ကျောင်းအုပ်ကြီးက ဆုများပေးအပ်ခဲ့သည်။

**NMDC**

## ကျိုက်မရောမြို့ အထကကျောင်း၌ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကဗျာ၊ စာစီစာကုံးနှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ



ကျိုက်မရော ဒီဇင်ဘာ ၂၃

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကဗျာ၊ စာစီစာကုံးနှင့် ကျပန်းစကားပြောပြိုင်ပွဲများကို ယမန်နေ့ နံနက်ပိုင်းက အထက(ကျိုက်မရော) ပညာအားမာန်ခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် အထက(ကျိုက်မရော)ကျောင်းမှ အထက်တန်းပြဆရာ ဦးစိုးလွင်က လွတ်လပ်ရေးနေ့ ဖြစ်ပေါ်လာပုံအကြောင်း ရှင်းလင်းပြောကြားပြီး အထက ကျိုက်မရော Grade-9 မှ မောင်ဖုန်းပြည့်စုံက လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကြောင်းကို ဟောပြောသည်။

ယင်းနောက် ကျပန်းစကားပြောပြိုင်ပွဲကို ဆက်လက်ကျင်းပရာ Grade-11 မှ ကျောင်းသား ကျောင်းသူ ငါးဦးတို့က "ထိန်းသိမ်းစို့လေ လွတ်လပ်ရေးအမွေ" ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ကြပြီး စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲများကိုလည်း ဆက်လက်ကျင်းပရာ အခြေခံပညာအထက်တန်း၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူစုစုပေါင်း ၅၅ ဦးတို့က ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**မိချို(ပြန်/ဆက်)**


ကြေးမုံ

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | ဦးစိုးစိုးနိုင် |
| စာတည်းမှူး | - | ဦးဝင်းနိုင် |
| စာတည်းများ | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး |
| ဘာသာပြန် | - | ဦးနိုင်လင်းကြည်၊ |
| စာတည်းများ | | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ |
| အကြီးတန်း သတင်းထောက်များ | - | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| အငယ်တန်း သတင်းထောက်များ | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| သုတေသန | - | ဒေါ်ဇင်မာဝင့် |
| စာပြင် | - | ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| အီးမေးလ်နှင့် အွန်လိုင်း | - | ဦးစည်သူလွင်နှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ခရစ်တော်မွေးနေ့(ခရစ္စမတ်)ကျေးဇူးတော်ချီးမွမ်းခြင်း အခမ်းအနားတွင် ခရစ္စမတ်အမှာစကားပြောကြားစဉ်။

★ ရှေ့ဖုံးမှ

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်ဇနီးများ၊ မြို့တော်ဝန်၊ မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီမှ ဆရာတော်ကြီးများ၊ မြန်မာနိုင်ငံ ကက်သလစ်သာသနာမှ ဆရာတော်ကြီးများ၊ သီလရှင်များ၊ မြန်မာနိုင်ငံ ဧဝံဂေလိ ခရစ်ယာန်မဟာမိတ် အဖွဲ့ချုပ်မှ ဆရာတော်ကြီးများ၊ မြန်မာနိုင်ငံ ခရစ်တော် သာသနာပြန့်ပွားမှုပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ချုပ်မှ ဆရာတော်ကြီးများ၊ ခရစ်ယာန်သာသနာအဖွဲ့အစည်းများ၊ ဘာသာပေါင်းစုံ ချစ်ကြည်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ မြန်မာနိုင်ငံရှိ ခရစ်ယာန်ဘာသာဝင်များ၊ ကက်သလစ် လူငယ်အဖွဲ့များနှင့် ခရစ်ယာန်ဘာသာဝင် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Holy Cathedral Church သို့ ရောက်ရှိကြရာ ရန်ကုန်ကက်သလစ် ဂိုဏ်းချုပ်သာသနာ၊ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုနှင့် ဆရာတော်ကြီးများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် အခမ်းအနားကို St. Mary’s Cathedral (စိန့်မေရီကာသီဒြယ်) ကျောင်းတော်ကြီးတွင် စတင်ကျင်းပရာ ဂိုဏ်းချုပ်ဆရာတော်ကြီး ဦးမြတ်ဆန်းက အဖွင့်ဆုတောင်းပြီး လက်ထောက်ဆရာတော် နိုဝယ်စောနေသအေးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ “ယေရှုကြွလာတော်ကျူး” ဓမ္မသီချင်းကို သံပြိုင်သီဆို ချီးမွမ်းကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ခရစ္စမတ်အမှာစကား ပြောကြားရာတွင် မိမိတို့မြန်မာနိုင်ငံသည် ရှေးယခင်ကတည်းကပင် အစိုးရအဆက်ဆက်တွင် ကိုးကွယ်ယုံကြည်ရာ ဘာသာတရားနှင့် ပတ်သက်၍ သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လွတ်လပ်စွာ ယုံကြည်ခွင့်အား အသီးသီးသော ဘာသာဝင်များအားလုံး ရရှိ ခံစားကြရပါကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ခုနှစ် အခန်း(၈)၊ ပုဒ်မ (၃၅၄) (ဃ) အရ တိုင်းရင်းသားလူမျိုးတစ်မျိုးနှင့် တစ်မျိုး သို့မဟုတ် တိုင်းရင်းသားအချင်းချင်းကို လည်းကောင်း၊ အခြားဘာသာသာသနာကိုလည်းကောင်း၊ ထိခိုက်နစ်နာမှုမရှိစေဘဲ မိမိချစ်ခင်မြတ်နိုးသည့် စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့် ဘာသာသာသနာနှင့် ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာဆောင်ရွက်ပိုင်ခွင့်၊ ပုဒ်မ(၃၆၂) အရ နိုင်ငံတော်သည် ခရစ်ယာန်ဘာသာသာသနာ၊ အစ္စလာမ်ဘာသာသာသနာ၊ ဟိန္ဒူဘာသာသာသနာနှင့် နတ်ကိုးကွယ်သည့် ဘာသာတို့ကို ဤဖွဲ့စည်းပုံအခြေခံဥပဒေအာဏာတည်သော နေ့၌ နိုင်ငံတော်တွင် ရှိနေကြသည့် ကိုးကွယ်ရာ ဘာသာများဟူ၍ အသိအမှတ်ပြုကြောင်း ဖော်ပြထားချက်များသည် ဘာသာဝင်တစ်ဦးချင်းအနေဖြင့် လည်းကောင်း၊ ဘာသာဝင်အားလုံးအနေဖြင့်လည်းကောင်း၊ မိမိတို့၏ ယုံကြည်ချက်၊ ခံယူချက်ကို သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်း ဥပဒေဘောင်အတွင်းမှ ဆောင်ရွက်နိုင်မှု အခွင့်အရေးကို ပွင့်လင်းမြင်သာစွာ ဖော်ပြထားပြီးလည်းဖြစ်ပါကြောင်း ဦးစွာပြောကြားသည်။



ရန်ကုန်ကက်သလစ် ဂိုဏ်းချုပ်သာသနာ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘို ခရစ္စမတ်ဆုတောင်းပေးစဉ်။

**ဆွေးနွေးပြောကြား**

ထို့နောက် ရှင်မဿဲခရစ်ဝင်ကျမ်း ၁:၂၃ နှင့် ရှင်လုကာ ခရစ်ဝင်ကျမ်း ၂:၁၃-၁၄ တို့တွင် ပါရှိသော ခရစ်တော်နှင့် ပတ်သက်သည့် ချီးမွမ်း၍ မြွက်ဆိုခြင်းများအား ဆွေးနွေးပြောကြားသည်။

ဆက်လက်ပြောကြားရာတွင် သာသနာပိုင်ချုပ်၊ ဂိုဏ်းချုပ်ဆရာတော်၊ သိက္ခာတော်ရဆရာတော်များ၊ သီလရှင်များစသည့် သာသနာပြုပုဂ္ဂိုလ်များကလည်း ဘုရားသခင်မှ လူသားတစ်ဦးချင်းစီကို မေတ္တာကရုဏာများ ပေးနိုင်အောင် ကမ္ဘာမြေကြီး ငြိမ်သက်ခြင်းရှိစေအောင် မိမိတို့ သာမန်လူသားများထက် ပိုမို၍ ကိုးကွယ်ယုံကြည်ရာ ဘာသာဝင်များကိုယ်စား ဘုရားသခင်ထံ ဆုတောင်းမေတ္တာ ပို့သပေးနိုင်ရေးကိုလည်း မေတ္တာရပ်ခံပါကြောင်း။

ဘာသာတိုင်းတွင် မေတ္တာကရုဏာ စာသားမပါမဖြစ် ပါရှိကြသဖြင့် “မေတ္တာ” သည် အရာရာတိုင်းကို ကျော်လွှားနိုင်သော၊ ထိုးဖောက်နိုင်သော အင်အားကြီးမားသည့် အရာတစ်ခုဖြစ်ပါကြောင်း၊ အလားတူပင် ငြိမ်းချမ်းခြင်းကို မေတ္တာဖြင့်သာ အနိုင်ယူစေနိုင်မည်ဖြစ်ကြောင်း၊ လူသားအချင်းချင်း မေတ္တာထားရှိကြရေး၊ ကရုဏာထားရှိကြရေး ဆရာတော်ကြီးများနှင့် ဘာသာဝင်ပုဂ္ဂိုလ်များအားလုံးက ကိုယ်တိုင်လည်း လိုက်နာကျင့်သုံးသလို အခြားဘာသာဝင်နှင့် ဘာသာဝင်မဟုတ်သူများကိုလည်း လိုက်နာကျင့်သုံးနိုင်ရေး စည်းရုံးပြောဆိုကြရမည် **စာမျက်နှာ ၄ သို့** ○



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် ခရစ္စမတ်အထိမ်းအမှတ်လက်ဆောင်အဖြစ် သစ်သီးခြင်းနှင့် တပ်မတော်ထုတ်ပစ္စည်းများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် ဇနီးတို့ ခရစ္စမတ် အမှတ်တရမေတ္တာလက်ဆောင်များ အပြန်အလှန်ပေးအပ်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ ၂၀၂၄ ခုနှစ် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အသက် (၂၅) နှစ်အောက် ဘောလုံး(အမျိုးသမီး) ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနား တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၂၃

အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၂၄ ခုနှစ် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အသက် (၂၅) နှစ်အောက် ဘောလုံး(အမျိုးသမီး) ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ ဘောလုံးကွင်း၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရှေ၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အသက် (၂၅) နှစ်အောက် ဘောလုံး(အမျိုးသမီး) ပြိုင်ပွဲ ဗိုလ်လုပွဲ ကြည့်ရှုအားပေးစဉ်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရှေ၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ တပ်မတော်မှ အဆင့်မြင့်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများမှ ပြိုင်ပွဲဝင်အသင်းများအလိုက် အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ၊ ဝန်ထမ်းများနှင့် ဘောလုံးဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ ၂၀၂၄ ခုနှစ် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အသက် (၂၅) နှစ်အောက် ဘောလုံး (အမျိုးသမီး) ပြိုင်ပွဲ ဗိုလ်လုပွဲပွဲစဉ်အဖြစ် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို တစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရရှိသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းအား တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။

## ပေးအပ်ချီးမြှင့်

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော်နှင့် ဦးရွှေကြိမ်းက အကောင်းဆုံးဂိုးသမားဆု၊ အကောင်းဆုံးနောက်တန်း ကစားသမားဆု၊ အကောင်းဆုံး အလယ်တန်းကစားသမားဆု၊ အကောင်းဆုံးရှေ့တန်းကစားသမားဆုနှင့် ပွဲစဉ်တစ်လျှောက်အကောင်းဆုံးကစားသမားဆုရရှိကြသူများကို တစ်ဦးချင်းအကောင်းဆုံး ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရှေက စတုတ္ထဆုရရှိသည့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းအား ဂုဏ်ပြုဆုငွေကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာမှုထန်က တတိယဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပိုးရယ်အောင်သိန်းက ဒုတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို လည်းကောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူက ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို လည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းအား တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။

၂၀၂၄ ခုနှစ် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အသက် (၂၅) နှစ်အောက် ဘောလုံး(အမျိုးသမီး) ပြိုင်ပွဲကို တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အထောက်အကူဖြစ်စေရေး၊ ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများအား ပျော်ပျော်ရွှင်ရွှင် စည်းစည်းလုံးလုံးဖြင့် ချစ်ခင်ရင်းနှီးမှုရရှိစေရေးနှင့် ဝန်ထမ်းများ တက်ကြွရွှင်လန်းစွာဖြင့် လုပ်ငန်းတာဝန်များကို ပိုမို ထမ်းရွက်နိုင်စေရေးတို့အတွက် ရည်ရွယ်၍ ဒီဇင်ဘာ ၁၄ ရက်မှ ၂၃ ရက်အထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ လေ့ကျင့်ရေး ဘောလုံးကွင်းများနှင့် လယ်ဝေးအားကစားကွင်း (TC-2)တို့၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲဝင် ဝန်ကြီးဌာနဘောလုံးအသင်း ငါးသင်းမှ အုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားသမားများ စုစုပေါင်း ၁၅၀ ကျော် ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

○ စာမျက်နှာ ၃ မှ

ဖြစ်ပါကြောင်းနှင့် မေတ္တာခြုံလုံပါကြောင်း၊ လူသားတစ်ဦးချင်း၊ မိသားစုတစ်စုချင်းမှ လူ့အသိုင်းအဝိုင်းတစ်ခုလုံး၊ နိုင်ငံတော်ကြီး၊ ကမ္ဘာကြီး ငြိမ်းချမ်းပါစေကြောင်း ဆုတောင်းမေတ္တာပို့သပါကြောင်း ဖြင့် ပြောကြားသည်။

၎င်းနောက် တေးသံရှင်များက ဂုဏ်တော်ချီးမွမ်းပြီး Rev.D, ဦးအေးမင်းက သမ္မာကျမ်းစာတော်မြတ် အတုံ့အပြန်ဖတ်ကြားခြင်းကိုလည်းကောင်း၊ သာသနာပိုင်ချုပ်ကြီး စတီဗင်သန်းမြင့်ဦးက အထူး ဆုတောင်းခြင်းကိုလည်းကောင်း၊ (CBCM) သီလရှင် စစ္စတာမိုင်ဒိုရင်းက သမ္မာကျမ်းစာတော်မြတ်ဖတ်ကြားခြင်းကို လည်းကောင်း အသီးသီးဖတ်ကြားဆုတောင်းကြပြီး ခရစ္စမတ်သံစုံအဖွဲ့မှ ခရစ္စမတ်တေးသံသာဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုက ခရစ္စမတ်သတင်းကောင်းနှင့် ဆုမွန်စကား မျှဝေပြောကြားရာတွင် မင်္ဂလာရှိသော ခရစ္စမတ်အခါသမယတွင် ခရစ်ယာန်ဘာသာဝင်များသာမက ကမ္ဘာပေါ်ရှိ လူသားအားလုံး ခရစ္စမတ်၏ကောင်းခြင်းမင်္ဂလာတို့ဖြင့် ပြည့်စုံပါစေကြောင်း၊ မြန်မာပြည်သူပြည်သားအားလုံး စစ်မှန်သည့် ငြိမ်းချမ်းရေးရရှိကြပြီး ခန္ဓာစိတ်ဝမ်း ငြိမ်းချမ်းကြပါစေကြောင်း၊ ဘာသာရေး၊ စီးပွားရေး၊ လူမှုရေးမှအစ အလုံးစုံတို့တွင် အဆင်ပြေချောမွေ့ကြပါစေကြောင်း၊ ငြိမ်းချမ်းသာယာဝပြောပြီး ဝမ်းမြောက်ခြင်းများနှင့် ပြည့်ဝနိုင်ကြပါစေကြောင်းဖြင့် ခရစ္စမတ်ဆုတောင်းပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီးတို့အား ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုနှင့် သာသနာပိုင်ချုပ်ကြီး စတီဗင်သန်းမြင့်ဦးတို့က ခရစ္စမတ်အမှတ်တရ မေတ္တာလက်ဆောင်ပေးအပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ဇနီးတို့က ခရစ္စမတ်အထိမ်းအမှတ်လက်ဆောင်အဖြစ် သစ်သီးခြင်းနှင့် တပ်မတော်ထုတ်ပစ္စည်းများအား ပြန်လည်ပေးအပ်သည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဇနီးတို့အား ဂိုဏ်းချုပ်ဆရာတော်ကြီး ဦးမြတ်ဆန်းနှင့် လက်ထောက်ဆရာတော် နို့ဝယ်စောနောအေးတို့က ခရစ္စမတ်အမှတ်တရ မေတ္တာလက်ဆောင်များ အပြန်အလှန်ပေးအပ်ကြသည်။

ထို့နောက် Rev.မန်ပါစတာက ကျေးဇူးတင်စကား ပြောကြားပြီး ဂိုဏ်းချုပ် ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးအတွက် ကောင်းချီးပေးခြင်းတို့ကို ဆောင်ရွက်ကြပြီး ဓမ္မတေးသီချင်းများကို သံပြိုင်သီဆိုချီးမွမ်းကြသည်။



ခရစ်တော်မွေးနေ့(ခရစ္စမတ်) ကျေးဇူးတော်ချီးမွမ်းခြင်း အခမ်းအနားတွင် ဓမ္မတေးသီချင်းများကို သံပြိုင်သီဆိုချီးမွမ်းကြစဉ်။

ယင်းနောက် Rev. စောစံအောင်က ခရစ္စမတ် အခါသမယ မိတ်သဟာယ ညစာစားပွဲဖြစ်မြောက်ရေးနှင့် ပါဝင်ပေးခဲ့သူများအားလုံးအတွက် ကျေးဇူးတော်ချီးမွမ်းခြင်း ဆောင်ရွက်သည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များ ကောင်စီ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ကက်သလစ်ဆရာတော်ကြီးများ၊ မြန်မာနိုင်ငံဧဝံဂေလိခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ခရစ်တော်သာသနာပြန့်ပွားမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တို့က တည်ခင်းဧည့်ခံသည့် မိတ်သဟာယ ညစာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

**မိမိတို့ ယနေ့ငြိမ်းချမ်းရေး ကြိုးပမ်းဆောင်ရွက်နေခြင်းသည် မိမိတို့၏ သားစဉ်မြေးဆက်လူငယ်များအတွက် တည်ငြိမ်သည့်အနာဂတ်နှင့် ဖွံ့ဖြိုးတိုးတက်ပြီး ကမ္ဘာ့အဆင့်မီ နိုင်ငံတစ်ခုဖြစ်အောင် လက်ဆင့်ကမ်းအမွေပေးနိုင်ရန် အမျိုးသားရေးတာဝန်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည်။ ကိုယ်ကျိုးစီးပွားအတွက်၊ တစ်ဦးတစ်ယောက် နာမည်ကောင်းရရန်အတွက် ဖော်ဆောင်နေခြင်းမဟုတ်ပေ။**

[နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၃-၃-၂၀၂၁) ရက်က အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ အစည်းအဝေး (၁/၂၀၂၁) တွင် ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်]




မြန်မာ့ယဉ်ကျေးမှုအကအလှ ဓာတ်ပုံ-ဦးအောင်မြတ်မင်း

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ လူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ စတုတ္ထပတ် လူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပသည်။

**ပါဝင်ဆင်နွှဲ**

စုပေါင်း လမ်းလျှောက်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်၊ ဒေါက်တာဘရှေ့နှင့် ခွန်စံလွင်၊ ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ ပျော်ပျော်ရွှင်ရွှင် ပါဝင်ဆင်နွှဲကြသည်။

**စတင်တာထွက်**

၂၀၂၃ ခုနှစ် ဒီဇင်ဘာ စတုတ္ထပတ် လူထု အားကစားလှုပ်ရှားမှု အထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးရာ ပါဝင်ဆင်နွှဲကြသူများသည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဂိတ်အမှတ်(၁)မှ စတင်တာထွက်ကြပြီး ဝဏ္ဏသိဒ္ဓိအားကစားကွင်း၏ သတ်မှတ်လမ်းကြောင်းများအတိုင်း ဂိတ်(A)ရှေ့အထိ ပျော်ပျော်ပါးပါး လမ်းလျှောက်ကာ စုပေါင်း ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်း အတွဲ(၁)၊ (၂) နှင့် Physical Fitness Dance လေ့ကျင့်ခန်းများကို စုပေါင်းလုပ်ရှား ဆောင်ရွက်ကြကာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ရေသန့်ဘူးများနှင့် အစားအစာများ ပေးဝေခဲ့ကြသည်။



လူထုလမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲကြသူများ ပျော်ပျော်ရွှင်ရွှင် ပါဝင်ဆင်နွှဲကြစဉ်။



လူထုလမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲကြသူများ စုပေါင်းလေ့ကျင့်ခန်း ဆောင်ရွက်ကြစဉ်။

**ဆက်လက်ကျင်းပသွားမည်**

အဆိုပါ စုပေါင်းလမ်းလျှောက်ပွဲပဉ္စမပတ်ကို ဒီဇင်ဘာ ၃၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များ ပါဝင်ဆင်နွှဲကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**❂ ရေခဲတောင်မှ**

ရေခဲများသည် မိုးတွင်းကာလများတွင် အရည်ပျော်လျက်ရှိရာ ဒေသခံပြည်သူများသည် မိုးတွင်းကာလများတွင် အဆိုပါရေခဲတောင်များတွင် ရှိုးပတီး၊ မချစ်ဥ၊ ခန်းတောက်မြစ်၊ ဘေချို၊ ရှားချိုစသည့် သဘာဝဆေးမြစ်ဆေးဥများကို မိသားစု စားဝတ်နေရေးအတွက် သွားရောက်ရှာဖွေကြရသည်။

အဆိုပါ တောင်တန်းကြီးများသည် မိုးတွင်းကာလတွင် စိမ်းလန်းစိုပြည်လျက်ရှိပြီး ဆောင်းရာသီနှင့် နွေရာသီကာလများတွင် ရေခဲများဖြင့် ဖြူဖွေးလှပသော တောင်တန်းကြီးများအဖြစ် ပြောင်းလဲသွားသည်။ ပူတာအိုခရိုင်တွင် သဘာဝခရီးသွားလုပ်ငန်းကို အထောက်အကူပြုသည့် ခါကာဘိုရာဇီရေခဲတောင်၊ ဖုန်ကန်ရာဇီရေခဲတောင်၊ မသွယ်ရေခဲတောင်၊ ဂမ်လန်ရာဇီရေခဲတောင်နှင့် ရှိန်းခေါင်ဆီးနှင်းဖုံးလွှမ်းသည့် ရေခဲပြင်ကျေးရွာတို့တွင် ပြည်တွင်း ပြည်ပခရီးသွားများ လာရောက်လည်ပတ်လျက်ရှိရာ ဖုန်ကန်ရာဇီရေခဲတောင်သည် အချိန်တိုအတွင်း တက်ရောက်နိုင်သော ရေခဲတောင်ဖြစ်ခြင်းကြောင့် ပြည်တွင်းပြည်ပခရီးသွားများ အများဆုံးတက်ရောက်သော ရေခဲတောင်ဖြစ်ကြောင်း သိရသည်။

**ဖုန်ကန်(ပူတာအို)**



# (၇၆)နှစ်မြောက် ရေတပ်နေ့ မြန်မာ့ပင်လယ် ဒို့ကာကွယ်လျက် အောင်ပွဲဆက်စေ တပ်မတော်(ရေ)

**ရွှေအိမ်လင်း(တိုင်းတာရေး)**

**ကမ်းရိုးတန်းပိုင်ဆိုင်သည့်နိုင်ငံများအနေဖြင့် ၎င်းတို့၏ ရေပြင်ပိုင်နက်ကို ကာကွယ်စောင့်ရှောက်ရန်အလို့ငှာ သီးသန့်စီးပွားရေးဇုန်အထိ ဖြန့်ကြက်တိုက်ပွဲဝင်နိုင်သည့် ရေတပ်များ၊ ကမ်းခြေစောင့်တပ်ဖွဲ့များနှင့် ရေကြောင်းရဲတပ်ဖွဲ့များကို ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ရေမိုင်ပေါင်း ၁၂၆၀ ကျော်ခန့် ရှည်လျားသည့် ကမ်းရိုးတန်းပိုင်ဆိုင်သည့်နိုင်ငံဖြစ်သည်နှင့်အညီ အချုပ်အခြာအာဏာရေပိုင်နက်ကို ကာကွယ်စောင့်ရှောက်ရန် ၁၉၄၇ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် တပ်မတော်(ရေ)ကို စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။**




အမှန်စင်စစ် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် နေထိုင်ခဲ့သည့် ရှေးမြန်မာမင်းများလက်ထက် ၁၂ ရာစု အဦးပိုင်းကာလက အစပြုဖွဲ့စည်းခဲ့သည့် ရှေးခေတ်မြန်မာ့ရေတပ်သည် ခြေလျင်ကြည်းတပ်များနှင့်ပူးပေါင်း၍ သမိုင်းမော်ကွန်းတင်ကျန်ရစ်သော တိုက်ပွဲများစွာအား ပါဝင်ဆင်နွှဲခဲ့သည့် အစဉ်အလာကောင်းများရှိခဲ့သည်။ ထို့အတူ လွတ်လပ်ရေး ကြိုးပမ်းမှုကာလတွင် နယ်ချဲ့အင်္ဂလိပ်တို့နှင့် ဖက်ဆစ်ဂျပန်တို့အား ဗမာ့လွတ်လပ်ရေးတပ်မတော် (Burma Independence Army–BIA) နှင့်အတူရှိသည့် ရေယာဉ်၊ ရရာလက်နက်တို့ဖြင့် မြစ်ဝကျွန်းပေါ်တိုက်ပွဲများ၊ ရခိုင်ကမ်းရိုးတန်းနှင့် တနင်္သာရီကမ်းရိုးတန်းတိုက်ပွဲများကို အောင်မြင်စွာဆင်နွှဲနိုင်ခဲ့သည်။ မြန်မာ့ပင်လယ်ပြင်နှင့် မြစ်တွင်းစစ်ဆင်ရေးများတွင် ရှုပ်ရှုပ်ချွံချွံ တိုက်ပွဲဝင်ခဲ့ပြီး တွံတေးတိုက်ပွဲ၊ ဝက်ကော်တိုက်ပွဲတို့သည် တပ်မတော်(ရေ)၏ ထင်ရှားသောတိုက်ပွဲများဖြစ်ကြသည်။



**ဆိတ်ဆိတ်နေ၍ နက်နက်ငုပ်နိုင်သည့် ရေငုပ်သင်္ဘောများ ပိုင်ဆိုင်ထား**

ခေတ်စနစ်အမျိုးမျိုးကို ဖြတ်သန်းလာခဲ့ရသော တပ်မတော်(ရေ)သည် နိုင်ငံတကာရေတပ်များနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် တိုးတက်ခေတ်မီသော တပ်မတော်(ရေ) အဖြစ်သို့ ချီတက်လျက်ရှိရာ ယနေ့တပ်မတော်(ရေ)သည် ကမ်းရိုးတန်းကို ကာကွယ်စောင့်ရှောက်နိုင်သည့် ရေတပ်အဖြစ်မှ သီးသန့်စီးပွားရေးဇုန်အထိ ဖြန့်ကြက်စစ်ဆင်နိုင်သည့် ရေတပ်အဆင့်သို့ တက်လှမ်းရောက်ရှိနေပြီဖြစ်သည်။ စစ်ရေယာဉ်-မေယုမှသည် ဖရီးဂိတ်စစ်ရေယာဉ်များစွာကို ကိုယ်တိုင်တည်ဆောက်ပြီး Buyer to Builder အဆင့်အထိ ရောက်ရှိခဲ့ပြီး ဘက်စုံသုံး ထောက်ပံ့ရေးရေယာဉ်များနှင့် ဆိတ်ဆိတ်နေ၍ နက်နက်ငုပ်နိုင်သည့် (Run Deep Run Silence) ရေငုပ်သင်္ဘောများကိုလည်း ရရှိပိုင်ဆိုင်ထားသည်။ စစ်ရေယာဉ်များကို ပြည်တွင်း၌ပင် တည်ဆောက်၍ ကုန်ကျစရိတ်များစွာ သက်သာခဲ့ပြီး နိုင်ငံတော်၏ဘဏ္ဍာငွေများ ချွေတာနိုင်သဖြင့် အခြားသောနိုင်ငံဖွံ့ဖြိုးရေးကဏ္ဍများတွင် ခွဲဝေသုံးစွဲနိုင်ခဲ့ပါသည်။

**နိုင်ငံတော်အား ပင်လယ်ပြင်မှ ရှေ့တန်းကျကျ ကာကွယ်နိုင်ရမည်**

နိုင်ငံတော်အား ပင်လယ်ပြင်မှ ရှေ့တန်းကျကျ ကာကွယ်နိုင်ရမည်။ နိုင်ငံတော်၏ ရေကြောင်းအကျိုးစီးပွားများအား ကာကွယ်စောင့်ရှောက်နိုင်ရမည်။ ကြည်း၊ ရေ၊ လေ ပူးပေါင်းစစ်ဆင်နိုင်စွမ်းရှိရမည်ဟူသော ရည်မှန်းချက်တာဝန်များထားရှိကာ အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်ဖြစ်ရမည်ဟူသော တပ်မတော်၏ ရည်မှန်းချက်တာဝန်များကို တစ်ဖက်တစ်လမ်းမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်အား ပင်လယ်ပြင်မှ ရှေ့တန်းကျကျ ကာကွယ်နိုင်ရမည်ဟူသော ရည်မှန်းချက်တာဝန်နှင့်အညီ တပ်မတော်(ရေ)ရှိ ဖရီးဂိတ်စစ်ရေယာဉ်များ၊ ကော်ဗက်စစ်ရေယာဉ်များဖြင့် ရေပြင်စစ်ဆင်ရေး၊ ရေအောက်စစ်ဆင်ရေး၊ ဝေဟင်စစ်ဆင်ရေးနှင့် အီလက်ထရွန်နစ်စစ်ဆင်ရေးတို့တွင် အောင်မြင်မှုများရရှိစေရန် ရေယာဉ်တစ်စင်းချင်းစီအလိုက်၊ ရေယာဉ်အုပ်အလိုက် လေ့ကျင့်သည်သာမက နှစ်စဉ်စစ်ရေယာဉ်တပ်ပေါင်းစု ပင်လယ်ပြင်စစ်ဆင်မှု လေ့ကျင့်ခန်း (Combined Fleet Exercises) များကို ၂၀၁၄ ခုနှစ်မှ စတင်၍ လေ့ကျင့်ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ ရုရှား၊ တရုတ်၊ အိန္ဒိယ စသည့်အင်အားကြီးရေတပ်များမှ ကျင်းပပြုလုပ်သည့် ပင်လယ်ပြင် စစ်ရေးလေ့ကျင့်ခန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း၊ အိမ်နီးချင်းရေတပ်များနှင့် ပင်လယ်ပြင်နယ်နိမိတ်တစ်လျှောက် ပူးတွဲကင်းလှည့်ခြင်း (Coordinate Patrol–CORPAT) များ ဆောင်ရွက်လျက်ရှိပါသည်။

**ရေကြောင်းအကျိုးစီးပွားများအား ကာကွယ်စောင့်ရှောက်နိုင်ရမည်**

နိုင်ငံတော်၏ ရေကြောင်းအကျိုးစီးပွားများအား ကာကွယ်စောင့်ရှောက်နိုင်ရမည်ဟူသော ရည်မှန်းချက်တာဝန်များနှင့်အညီ အမိနိုင်ငံပိုင်ဆိုင်သော ကုန်းမြေဧရိယာ စတုရန်းမိုင်ပေါင်း ၂၆၁၂၂၈ ၏ တစ်ဝက်ကျော်ခန့်ရှိသော စတုရန်းရေမိုင်ပေါင်း ၁၄၁၂၁၀ ရေပြင်ဧရိယာအား ပိုင်ဆိုင်ထားသည့် မြန်မာ့ပင်လယ်ကမ်းရိုးတန်းတွင် ကမ်းလွန်ရေနံ/ သဘာဝဓာတ်ငွေ့၊ ငါး၊ ပုစွန်နှင့် အခြားရေပေါ်/ ရေအောက်သယံဇာတများ ပေါကြွယ်ဝလျက်ရှိပြီး ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်သည့် မြိတ်ကျွန်းစုနှင့် ၎င်းတို့ကိုမှီခိုနေကြရသည့် သက်ရှိ၊သက်မဲ့သယံဇာတများအား ထိန်းသိမ်းစောင့်ရှောက်ရန်အလို့ငှာ ရေနံနှင့် သဘာဝဓာတ်ငွေ့တူးစင်များ၏ လုံခြုံရေး၊ ရေအောက်သယံဇာတများကို တရားမဝင် ရှာဖွေတူးဖော်ထုတ်လုပ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းမရှိစေရေး အစဉ်အမြဲစောင့်ကြပ်၍ လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိသည်။ မျက်မှောက်ခေတ် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးအရ အရေးပါလာသည့် အိန္ဒိယသမုဒ္ဒရာ၏ အစိတ်အပိုင်းများဖြစ်သော ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်ပြင်တို့ကဲ့သို့ ပထဝီနိုင်ငံရေးအရ အရေးပါသည့် Choke Point ဖြစ်သော မြန်မာ့ပင်လယ်ပြင်ကို ကာကွယ်စောင့်ရှောက်ရန်မှာ တပ်မတော်၏တာဝန် တစ်နည်းအားဖြင့် တပ်မတော် (ရေ) ၏ တာဝန်ပင်ဖြစ်သည်။ **စာမျက်နှာ ၇ သို့** ✡

**❝ယနေ့တပ်မတော်(ရေ)သည် ကမ်းရိုးတန်းကို ကာကွယ်စောင့်ရှောက်နိုင်သည့် ရေတပ်အဖြစ်မှ သီးသန့်စီးပွားရေးဇုန်အထိ ဖြန့်ကြက်စစ်ဆင်နိုင်သည့် ရေတပ်အဆင့်သို့ တက်လှမ်းရောက်ရှိနေပြီဖြစ်သည်။ စစ်ရေယာဉ်-မေယုမှသည် ဖရီးဂိတ်စစ်ရေယာဉ်များစွာကို ကိုယ်တိုင်တည်ဆောက်ပြီး Buyer to Builder အဆင့်အထိ ရောက်ရှိခဲ့ပြီး ဘက်စုံသုံး ထောက်ပံ့ရေးရေယာဉ်များနှင့် ဆိတ်ဆိတ်နေ၍ နက်နက်ငုပ်နိုင်သည့် (Run Deep Run Silence) ရေငုပ်သင်္ဘောများကိုလည်း ရရှိပိုင်ဆိုင်ထားသည်။ စစ်ရေယာဉ်များကို ပြည်တွင်း၌ပင် တည်ဆောက်၍ ကုန်ကျစရိတ်များစွာသက်သာခဲ့ပြီး နိုင်ငံတော်၏ဘဏ္ဍာငွေများ ချွေတာနိုင်❞**







☆ စာမျက်နှာ ၆ မှ

ကြည်း၊ ရေ၊ လေ ပူးပေါင်းစစ်ဆင်နိုင်စွမ်းရှိရမည်ဟူသော ရည်မှန်းချက်တာဝန်များနှင့်အညီ တပ်မတော်(လေ)နှင့်အတူ ပူးပေါင်းစစ်ဆင်မှုလေ့ကျင့်ခန်း၊ လေ့ကျင့်ခန်း (အောင်ဇေယျ) အား ၂၀၀၉ ခုနှစ်တွင် လည်းကောင်း၊ တပ်မတော်(ကြည်း)၊ တပ်မတော်(လေ) တို့နှင့်အတူ ကြည်း၊ ရေ၊ လေ ပူးပေါင်းစစ်ဆင်ရေးလေ့ကျင့်ခန်း၊ လေ့ကျင့်ခန်း (ဆင်ဖြူရှင်) အား ၂၀၁၈ ခုနှစ်တွင် လည်းကောင်း ပြုလုပ်ခဲ့ပါသည်။ ခေတ်သစ်စစ်ပွဲများ၏ သဘောသဘာဝအရ လက်ရုံးတပ်ဖွဲ့တစ်ခုတည်းအားဖြင့် စစ်ဆင်တိုက်ခိုက်၍မရတော့ဘဲ သဘောသဘာဝမတူညီသော လက်ရုံးတပ်ဖွဲ့များ၏ စွမ်းဆောင်ရည်များကို အချင်းချင်း ချိတ်ဆက်ပြီး ပေါင်းစပ်ညှိနှိုင်း၍ သာလွန် ပေါင်းစည်းတိုက်စစ်အားဖြင့်သာ အောင်ပွဲရရှိနိုင်မည်ဖြစ်သောကြောင့် တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရုံးတပ်ဖွဲ့တို့ပါဝင်သော ပူးပေါင်းစစ်ဆင်ရေး လေ့ကျင့်ခန်းများတွင် တပ်မတော်(ရေ)အနေဖြင့် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

**ပင်လယ်ပြင်စစ်ဆင်မှု လေ့ကျင့်ခန်းကို နှစ်စဉ်လေ့ကျင့်**

နိုင်ငံတကာ ရေတပ်များနည်းတူ တပ်မတော်(ရေ)သည် စစ်ရေးကဏ္ဍ (Military Role)၊ တရားဥပဒေစိုးမိုးရေးကဏ္ဍ (Constabulary Role)၊ သံတမန်ရေးကဏ္ဍ (Diplomatic Role) နှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးကဏ္ဍ (Benign Role) တို့တွင် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။ စစ်ရေးကဏ္ဍအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အချိန်မရွေးတိုက်ပွဲဝင်နိုင်သည့်ရေတပ်ဖြစ်စေရေး စစ်သည်တစ်ဦးချင်း ကျွမ်းကျင်မှုသာမက အဖွဲ့လိုက်ကျွမ်းကျင်မှုရှိစေရေးအတွက် လေ့ကျင့်ဆောင်ရွက်လျက် ရှိပါသည်။ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ တပ်မတော်(ရေ)ရှိ ဗျူဟာစစ်ရေယာဉ်စုများမှ စစ်ရေယာဉ်များဖြင့် စစ်ရေယာဉ်တပ်ပေါင်းစု ပင်လယ်ပြင်စစ်ဆင်မှု လေ့ကျင့်ခန်း (Combined Fleet Exercise–Sea Shield) ကို နှစ်စဉ်လေ့ကျင့်လျက်ရှိခြင်းကြောင့် တပ်မတော် (ရေ) ရှိ အရာရှိ၊ စစ်သည်များအတွက် အဖိုးမဖြတ်နိုင်သော အတွေ့အကြုံကောင်းများ၊ အလေ့အကျင့်ကောင်းများ ရရှိပိုင်ဆိုင်သည်သာမက ပင်လယ်ပြင်တိုက်ခိုက်ရေးစွမ်းရည် ပိုမိုတိုးတက်စေခဲ့ပါသည်။

ယနေ့ခေတ် ရေကြောင်းကုန်သွယ်သွားလာမှု တိုးတက်များပြားလာမှုနှင့်အတူ ပင်လယ်ပြင်ဆိုင်ရာ တရားဥပဒေစိုးမိုးရေးသည်လည်း အရေးကြီးသောကဏ္ဍတစ်ခုဖြစ်လာခဲ့သည်။ ပင်လယ်ပြင်အကြမ်းဖက်မှု၊ တရားမဝင်ငါးဖမ်းဆီးမှု၊ တရားမဝင်ရွှေ့ပြောင်းသွားလာမှု၊ အဖိုးတန်သစ်များ၊ လက်နက်နှင့်မူးယစ်ဆေးဝါးများ တရားမဝင်သယ်ဆောင်ရောင်းဝယ်မှု၊ လူမှောင်ခိုကူးမှုတို့ကို ထိရောက်စွာ ကာကွယ်ရန်မှာ တပ်မတော် (ရေ) ၏ တာဝန်ပင်ဖြစ်ပါသည်။ ပင်လယ်ပြင်တရားဥပဒေစိုးမိုးရေးအတွက် တပ်မတော် (ရေ) နှင့်အတူ မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့၊ မြန်မာရေကြောင်းရဲတပ်ဖွဲ့နှင့် အခြားသော ရေကြောင်းဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်း၍ မြန်မာ့ပင်လယ်ပြင်တစ်လျှောက် တရားဥပဒေစိုးမိုးရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ပင်လယ်ပြင် တရားဥပဒေစိုးမိုးရေးအတွက် မိမိတို့နိုင်ငံတစ်ခုတည်း ရပ်တည်၍မရဘဲ ရေပြင်ဇရိယာချင်းထိစပ်လျက်ရှိသည့် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၏ရေတပ်များ၊ ကမ်းခြေစောင့်တပ်ဖွဲ့များနှင့်လည်း ပူးပေါင်းညှိနှိုင်း ဆောင်ရွက်လျက်ရှိပါသည်။

**ရေတပ်များ အချင်းချင်းပူးပေါင်း ဆောင်ရွက်**

ရေတပ်အင်အား သာလွန်သည့်နိုင်ငံများအနေဖြင့် ယင်းတို့၏အကျိုးစီးပွားအတွက် အခြားနိုင်ငံငယ်များအပေါ် စစ်ရေး၊ နိုင်ငံရေးနည်းလမ်းများဖြင့် ဖိအားပေးမှုများကြောင့် ကမ်းရိုးတန်းနိုင်ငံများသည် ရေကြောင်းစွမ်းအား တိုးတက်စေရန် အစဉ်အလေးပေး ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံချင်း စစ်ရေးဆိုင်ရာ အပြိုင်အဆိုင်စုဖွဲ့ပြင်ဆင်မှု၊ နျူကလီးယားလက်နက်များပိုင်ဆိုင်လာမှုတို့သည် သမားရိုးကျရေကြောင်းဆိုင်ရာ ခြိမ်းခြောက်မှုများဖြစ်ပြီး ကုန်ပစ္စည်းခိုးယူမှု၊ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှု၊ တရားမဝင်ရွှေ့ပြောင်းသွားလာမှု၊ ပင်လယ်ဓားပြမှုနှင့် လက်နက်ကိုင်လုယက်မှု၊ အခြားသော ရေကြောင်းဆိုင်ရာ အဖျက်လုပ်ငန်းများဆောင်ရွက်မှုတို့သည် သမားရိုးကျမဟုတ်သော ရေကြောင်းဆိုင်ရာ ခြိမ်းခြောက်မှုများဖြစ်သည်။ မျက်မှောက်ခေတ် နိုင်ငံတကာရေတပ်များသည် အထူးသဖြင့် သမားရိုးကျမဟုတ်သော ရေကြောင်းဆိုင်ရာ ခြိမ်းခြောက်မှုများကို ရင်ဆိုင်ဖြေရှင်းရန် သက်ဆိုင်ရာနိုင်ငံအသီးသီးရှိ ရေတပ်တစ်ခုတည်းအင်အားဖြင့် ဆောင်ရွက်၍မရဘဲ ရေတပ်များ အချင်းချင်း ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်သည်။ ထို့ကြောင့် တပ်မတော်(ရေ)အနေဖြင့် အထက်ပါ ခြိမ်းခြောက်မှုများကို ရင်ဆိုင်နိုင်ရေး အိမ်နီးချင်းနိုင်ငံရေတပ်များ၊ ဒေသတွင်းနိုင်ငံရေတပ်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

**ရေတပ်ဆိုင်ရာ သံတမန်ရေးရာကဏ္ဍသည် အရေးကြီးသောတာဝန်ဖြစ်**

နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒကို အထောက်အကူပြုရန် ရေတပ်ဆိုင်ရာ သံတမန်ရေးရာကဏ္ဍသည် နိုင်ငံအသီးသီးရှိရေတပ်များအတွက် အရေးကြီးသောတာဝန်ဖြစ်သည်။ စစ်ရေယာဉ်တစ်စင်းသည် သက်ဆိုင်ရာနိုင်ငံ၏ ကိုယ်စားပြုသံတမန်သဖွယ် ဖြစ်သောကြောင့် တပ်မတော်(ရေ) ရှိ စစ်ရေယာဉ်များအား နိုင်ငံတကာ ရေတပ်အခမ်းအနားများသို့ စေလွှတ်တက်ရောက်စေခြင်း၊ တပ်မတော်(ရေ)အကြီးအကဲများ၏ ချစ်ကြည်ရေးခရီးစဉ်များ၊ စစ်ရေယာဉ်များအချင်းချင်း အပြန်အလှန်အလည်အပတ်ခရီးစဉ်များ စေလွှတ်ခြင်းဖြင့် သံတမန်ရေးရာကဏ္ဍကို တိုးမြှင့်လျက် အာဆီယံနိုင်ငံများအပါအဝင် အိန္ဒိယကဲ့သို့ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများသာမက မိုင်ထောင်ချီကွာဝေးသော ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံများအထိ စေလွှတ်နိုင်ခဲ့ပြီးဖြစ်ပါသည်။ သံတမန်ရေးကဏ္ဍ တိုးတက်ခိုင်မာစေရန် ရည်ရွယ်၍ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် နိုင်ငံတကာ ရေတပ်တို့နှင့်အတူ အပြည်ပြည်ဆိုင်ရာ ရေတပ်တွေ့ဆုံပွဲ (International Fleet Review)၊ နိုင်ငံတကာရေတပ်စစ်ရေယာဉ်များ လေ့ကျင့်ခန်း (Multi–National Naval Exercise–MILAN)၊ အာဆီယံ–ရုရှားရေတပ်လေ့ကျင့်ခန်း (ASEAN–RUSSIA Naval Exercise) တို့တွင် ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် အာဆီယံနိုင်ငံများမှ အလှည့်ကျကျင်းပသည့် နိုင်ငံတော်အဆင့် အစည်းအဝေးဖြစ်သည့် (၅)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ တွေ့ဆုံပွဲ (ASEAN Naval Chief Meeting–ANCM) ကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပနိုင်ခဲ့ပြီး အဆိုပါတွေ့ဆုံပွဲများသို့ နှစ်စဉ်တက်ရောက်၍ သံတမန်ရေးကဏ္ဍအား ခိုင်မာအားကောင်းအောင် တည်ဆောက်လျက်ရှိပါသည်။

တပ်မတော်(ရေ)၏ လုပ်ငန်းကဏ္ဍကြီးများအနက် လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးကဏ္ဍတွင်လည်း တပ်မတော်(ရေ)သည် တပ်မတော် (ကြည်း၊ လေ) တို့နှင့်အတူ ကျရာတာဝန်များကို အစဉ်တစိုက် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)နှင့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)တို့ဖြင့် ကမ်းရိုးတန်းနေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်–၁၉ ကူးစက်ပြန့်ပွားမှုနှင့် စီးပွားရေးကျဆင်းလာမှုတို့ကြောင့် ပြည်ပနိုင်ငံများတွင် အတိဒုက္ခရောက်နေကြသည့် အမိမြန်မာနိုင်ငံသားများအား တပ်မတော်(ရေ)ရှိ ဘက်စုံသုံး ထောက်ပံ့ရေးရေယာဉ် စစ်ရေယာဉ် (မုတ္တမ)၊ ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်)၊ စစ်ရေယာဉ် (ဆင်ဖြူရှင်)နှင့် စစ်ရေယာဉ် (တပင်ရွှေထီး)တို့ဖြင့် ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ပါသည်။ မျက်မှောက်ခေတ်ကာလတွင် ပိုမိုဖြစ်ပွားလာသည့် သဘာဝဘေးအန္တရာယ်များကြောင့် ဒုက္ခရောက်နေကြရသည့် ပြည်သူလူထုအား ကူညီစောင့်ရှောက်ကြရာတွင် ၂၀၂၃ ခုနှစ်၌ ဖြစ်ပွားခဲ့သော မိုခါမုန်တိုင်းကယ်ဆယ်ရေးလုပ်ငန်းများတွင် လည်းကောင်း၊ ထောက်ပံ့ရေးပစ္စည်းများ သယ်ယူပို့ဆောင်ရေးတွင် လည်းကောင်း၊ ပြန်လည် ထူထောင်ရေးလုပ်ငန်းများတွင်လည်းကောင်း တပ်မတော်(ရေ)၏ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့မှုများကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်ပါသည်။

တပ်မတော်(ရေ)အနေဖြင့် မိမိတို့တာဝန်ယူဆောင်ရွက်နေသည့် ကဏ္ဍကြီး (၄)ရပ်အား အောင်မြင်စွာအကောင်အထည်ဖော်ကာ သုံးဘက်မြင်စစ်ဆင်နိုင်စွမ်းရှိသော၊ ဒွိတာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်သော၊ ရည်မှန်းချက်တာဝန် (၃) ရပ်အား အပြည့်အဝ အကောင်အထည်ဖော်နိုင်သော၊ နိုင်ငံတော်နှင့်ပြည်သူတစ်ရပ်လုံးက အားကိုးအားထားပြုနိုင်သော တပ်မတော် (ရေ) ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အပြင် အရည်အချင်းပြည့်ဝသော အရာရှိ၊ စစ်သည်များနှင့် စွမ်းအားပြည့်စစ်ဆင်နိုင်သော ဝေဟင်၊ ရေပြင်၊ ရေအောက်၊ မြေပြင် ပစ်ခတ်နိုင်သောလက်နက်နှင့် အာရုံခံစနစ်များဖြင့် မြန်မာ့ပင်လယ် ဒို့ကာကွယ်လျက် စွမ်းရည်ထက်မြက် အောင်ပွဲဆက်မည့် တပ်မတော်(ရေ)အဖြစ် ဆက်လက်ချီတက်သွားမည်ဖြစ်ကြောင်း ဂုဏ်ပြုတင်ပြအပ်ပါသည်။ ။

## အောင်လံလွှင့်နေ တပ်မတော်(ရေ)

ကမ္ဘာနှင့်ယှဉ်၊ တိုးတက်ချင်၍
အစဉ်ကြိုးစား၊ ရေတပ်သားတို့
စွမ်းအားမြှင့်တင်၊ ကိုယ်တိုင်ထွင်ပြီး
ရေယာဉ်များစွာ၊ ထုတ်လုပ်လာသည်။

စွမ်းရည်မြင့်မား၊ နည်းနာများကို
သွားရောက်လေ့လာ၊ သင်ယူကာဖြင့်
ပညာရပ်တွေ၊ ဆင့်ပွားလေရင်း
ရေပြင်ထက်မှာ၊ ဦးမော့လာသည်။

စိတ်ဓာတ်စည်းကမ်း၊ ပေါင်းစပ်စွမ်းရည်
ထမ်းရွက်ညီညာ၊ ပြည့်ဝန်တာကို
ကျေစွာနှင်းဆက်၊ ဦးထိပ်ရွက်လို့
ဘက်စုံတော်စေ၊ ဖြည့်ဆည်းနေသည်။

ကြည်းရေလေစုံ၊ ပူးပေါင်းကုန်လျက်
ပုံရိပ်မြင့်မား၊ ရေတပ်သားတို့
စွမ်းအားမြှင့်ကာ၊ ခေတ်မီလာပြီး
ရေပြာပိုင်နက်၊ စဉ်ဖြန့်ကြက်ရင်း
လေးချက်သစ္စာ၊ ဦးထိပ်မှာတည်
"ကမ္ဘာတည်စေ ထင်ရှားစေ"
"အောင်လံလွှင့်နေ တပ်မတော်(ရေ)"။

မောင်အေးချမ်း(တောင်ကြီး)

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုညစာစားပွဲတွင် နိုင်ငံတော်သံစုံတီးဝိုင်းမှဖျော်ဖြေတင်ဆက်မည့်အစီအစဉ် ကြိုတင်ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၂၃**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုညစာစားပွဲ အခမ်းအနား၌ နိုင်ငံတော်သံစုံတီးဝိုင်းမှ ဖျော်ဖြေတင်ဆက်မည့် အစီအစဉ် ပြင်ဆင်လေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးသည်။





ဦးစွာ ပြည်ထောင်စုဝန်ကြီးအား မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က နိုင်ငံတော် သံစုံတီးဝိုင်း အင်အားတိုးချဲ့စုဖွဲ့ပြီး လေ့ကျင့်ပြင်ဆင်နေမှု၊ အသံပိုင်းဆိုင်ရာ နည်းပညာများ ဖြည့်ဆည်းဆောင်ရွက်ထားရှိမှုနှင့် အုပ်ချုပ်မှုကိစ္စရပ်များ စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်သံစုံတီးဝိုင်းက ပဏာမတေးသွား၊ တေးသီချင်းများနှင့် သံစဉ်တီးလုံးများ သီဆိုတီးမှုတ်ဖျော်ဖြေပြသမှုအပေါ် ပြည်ထောင်စုဝန်ကြီးက အကြံပြု ဆွေးနွေးပြောကြားပြီး အုပ်ချုပ်မှုကိစ္စရပ်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သံစုံတီးဝိုင်းနှင့် အဆိုပညာရှင် ဝန်ထမ်းများကို ဆုငွေပေးအပ်ချီးမြှင့်ပြီး အနုပညာရှင်၊ ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ နိုင်ငံတော်သံစုံတီးဝိုင်းကို နိုင်ငံတော်အဆင့် အခမ်းအနားများ၊ ပြည်ပဧည့်သည်တော်များအတွက် ဂုဏ်ပြုဧည့်ခံပွဲများနှင့် ပြည်ပခရီးစဉ်များတွင် သွားရောက်ဖျော်ဖြေ တင်ဆက်နိုင်ရန်အတွက် စုဖွဲ့ထားရှိရာ ယခုအခါ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုညစာစားပွဲတွင် ဖျော်ဖြေတင်ဆက်နိုင်ရန်အတွက် လိုအပ်သည်များကို ကြိုတင်ပြင်ဆင်လေ့ကျင့်နေခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဆောင်းသီးနှံစိုက်ဧရိယာများ စိုက်ပျိုးရေဖူလုံစွာအသုံးပြုနိုင်ရေး ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၂၃**

နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ စိုက်ပျိုးမြေများ သီးထပ်စွမ်းအား မြှင့်တင်ရေး၊ ဆောင်းသီးနှံစိုက်ဧရိယာများ စိုက်ပျိုးရေဖူလုံစွာ အသုံးပြုနိုင်ရေးအတွက် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိခရိုင် စက်စက်ယိုရေလှောင်တမံနှင့်ရေသောက်ဧရိယာအတွင်းရှိ စိုက်ကွင်းများ၊ ရာဇဌာနီ လမ်းမကြီးဘေးဝဲ/ယာရှိ ဆောင်းသီးနှံစိုက်ခင်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ပုဗ္ဗသီရိမြို့နယ် သပြေကုန်းကျေးရွာအနီးရှိ စက်စက်ယိုချောင်းပေါ်တွင် တည်ဆောက်ထားသည့် သံကူကွန်ကရစ်ရာဘာရေလှောင်တမံအတွင်း ရေဝင်ရောက်မှု၊ မြောင်းမကြီးရေတံခါး၊ ရေကူမြောင်းရေတံခါးနှင့် စိုက်ပျိုးရေပေးဝေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူများက ရေလှောင်တမံဆိုင်ရာ အချက်အလက်များနှင့် ရာသီအလိုက် စိုက်ပျိုးရေပေးဝေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စက်စက်ယိုဆည်ရေသောက်ဧရိယာနှင့် ရာဇဌာနီလမ်းမကြီးဘေးဝဲ/ယာရှိဆောင်းသီးနှံစိုက်ခင်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် မိမိတို့ဝန်ကြီးဌာနအောက်ရှိ ဌာနများအားလုံးက အသိပညာပေးခြင်း၊ နည်းပညာဖြန့်ဝေခြင်းအပါအဝင် လိုအပ်ချက်များကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်၊ စိုက်ပျိုးမြေများကို တည်ဆဲလယ်ယာမြေဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ အသုံးပြုရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

စက်စက်ယိုရေလှောင်တမံမှ စိုက်ပျိုးမြေ စိစစ်ပြီး ၇၈၂ ဧကကို စိုက်ပျိုးရေပေးဝေလျက်ရှိကြောင်း၊ ရာဇဌာနီလမ်းဘေးဝဲ/ယာ ဆောင်းသီးနှံ ၂၃၂ ဒသမ ၄၅ ဧကတွင် စက်ရေတွင်းများမှ မြေအောက်ရေဖြင့် စိုက်ပျိုးခြင်း၊ အစိုဓာတ်ထိန်းစိုက်ပျိုးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ ရာဇဌာနီလမ်းတောင်ဘက်ခြမ်းရှိ Plastic Lining အတွင်းသို့ ငလိုက်ရေလှောင်တမံမှ ရေဖြည့်သွင်း၍လည်းကောင်း၊ ရာဇဌာနီလမ်း မြောက်ဘက်ခြမ်းရှိ Plastic Lining အတွင်းသို့ စက်စက်ယိုရေလှောင်တမံမှ ရေဖြည့်သွင်း၍လည်းကောင်း ဖြည့်စွက်ရေပေးဝေနိုင်ရေး စီမံဆောင်ရွက်ထားရှိပြီး လိုအပ်ပါက အမြင့်ပိုင်းစိုက်ကွင်းများအတွက် ရွှေ့လျားဆိုလာရေတင်စက်များ အသုံးပြုနိုင်ရေး ဆောင်ရွက်ထားရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး နယ်မြေမဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်း ဆက်လက်ဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး နယ်မြေ မဲဆန္ဒရှင်ပြည်သူများ၏ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ် မဲပေးလေ့လာခြင်းကို ဒီဇင်ဘာ ၄ ရက်မှစ၍ ခရိုင်နယ်မြေများ အလိုက် ဆက်လက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကင်းမြို့နယ် ရပ်ကွက် ၁၅ ခုမှ ပြည်သူ ၅၀၈ ဦး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ရပ်ကွက် ၁၅ ခုမှ ပြည်သူ ၄၁၈ ဦး၊ ဒေါပုံမြို့နယ်ရပ်ကွက် ခြောက်ခုမှ ပြည်သူ ၅၆၂ ဦး၊ မရမ်းကုန်းမြို့နယ် ရပ်ကွက် ၁၀ ခုမှ ပြည်သူ ၄၄၀ စုစုပေါင်း ပြည်သူ ၁၉၂၈ ဦး တက်ရောက်၍ လက်တွေ့စမ်းသပ် မဲပေးလေ့လာကြသည်။



အဆိုပါ အီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ် မဲပေးလေ့လာခြင်းကို ဒီဇင်ဘာ ၂၄ ရက်တွင် ရန်ကင်းမြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒေါပုံမြို့နယ်နှင့် မရမ်းကုန်းမြို့နယ်များတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တက္ကစီယာဉ်မောင်းများ ဒုစရိုက်ဘေးအန္တရာယ်မှကင်းဝေးစေရန် တက္ကစီဘုတ်တွင် အချက်ပြမီးတပ်ဆင်သည့်စနစ်ကို ဆောင်ရွက်ရန်အစီအစဉ်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၂၃**

တက္ကစီယာဉ်မောင်းများ ဒုစရိုက်မှုဘေးအန္တရာယ်မှ ကင်းဝေးစေရန်အတွက် တက္ကစီဘုတ်တွင် အချက်ပြမီး တပ်ဆင်သည့်စနစ်ကို ဆောင်ရွက်ရန် အစီအစဉ်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ (YRTC) မှ တွဲဖက်အတွင်းရေးမှူး ဦးလျှန်ကျင့်မန်က ပြောသည်။

တက္ကစီယာဉ်မောင်းများအနေဖြင့် လုယက်ခံရမှု၊ အသက်အန္တရာယ် ခြိမ်းခြောက်ခံရမှုများအတွက် တစ်ထောင့်တစ်နေရာမှ ကြိုတင်ကာကွယ်သည့်အနေဖြင့် တက္ကစီဘုတ်တွင် မီးပြေးတပ်ဆင်မှုစနစ်ကို Yangon City Taxi Association(YCTA) က ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

"အချက်ပြမီး လုပ်နေတာ ဟုတ်ပါတယ်။ တချို့ယာဉ်တွေမှာတော့ တပ်ပြီးသွားပြီ။ အကုန်လုံးတော့ မတပ်ကြသေးဘူး။ တပ်ဖို့လုပ်နေကြတာတွေလည်း ရှိတယ်။ တက္ကစီသမားတွေအနေနဲ့ လုယက်ခံရမှုတွေလျော့နည်းပြီး အန္တရာယ်ကင်းဝေးအောင် ဆောင်ရွက်တာဖြစ်ပါတယ်"ဟု ဦးလျှန်ကျင့်မန်က ပြောသည်။ အန္တရာယ်တစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက တက္ကစီဆိုင်းဘုတ်တွင် တပ်ဆင်ထားသည့် အပြာရောင်နှင့် အနီရောင် မီးပြေးကို ကားအတွင်းမှ ခလုတ်ဖွင့်ကာ အသိပေးနိုင်မည်ဖြစ်ပြီး ထိုသို့ အသိပေးပါက အနီးအနားရှိ တက္ကစီယာဉ်များက လာရောက်ကူညီနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ အချက်ပြမီး တပ်ဆင်မည်ဖြစ်ကြောင်းကို သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးသို့ တင်ပြကာ ခွင့်ပြုချက်ရယူထားပြီး တပ်ဆင်လိုသူများအနေဖြင့်လည်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း YRTC ထံမှ သိရသည်။ "အခုလို ဆောင်ရွက်ထားတဲ့ အကြံဉာဏ်ကောင်းပါတယ်။ တက္ကစီမောင်းတဲ့သူတွေ အတွက်လည်း တစ်နည်းအားဖြင့် လုယက်မှုဘေးအန္တရာယ်တွေကနေ အထိုက်အလျောက် ကာကွယ်တာပေါ့။ တပ်ထားသင့်ပါတယ်"ဟု တက္ကစီယာဉ်မောင်းတစ်ဦးက ပြောသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း City Taxi အစီးရေ ခြောက်သောင်းကျော်ခန့်ရှိကြောင်း သိရသည်။ **MT**

## ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် ရွှေစင်ရွှေပြားကပ်လှူပူဇော်နိုင်ရေး နှိုးဆော်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မြို့တော် နေပြည်တော်တွင် "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" ကို နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့က သဒ္ဓါထက်သန်စွာဖြင့် စုပေါင်းပါဝင်လှူဒါန်းပူဇော်တည်ထားကိုးကွယ်ခဲ့ရာ စေတီတော်မြတ်ကြီး၏ ဖောင်းရစ်သုံးခုအနက် တတိယဖောင်းရစ်နှင့် ဒုတိယဖောင်းရစ်အား ရွှေစင်ရွှေပြားများ ကပ်လှူပူဇော်ခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ ဆက်လက်၍ ကျန်သော ပထမဖောင်းရစ်ဧရိယာ ၃၄၈၅ ဒသမ ၇၈ စတုရန်းပေအား ရွှေစင်ရွှေပြားကပ်လှူရန် စီစဉ်လျက်ရှိပါသည်။ ရွှေစင်ရွှေပြား တစ်ချပ် (အရွယ် တစ်ပေ x တစ်ပေ၊ အလေးချိန် ရွှေတစ်ကျပ်သား) ၏ ကုန်ကျစရိတ်မှာ ၂၅၀၀၀၀၀ (ကျပ်နှစ်ဆယ့်ငါးသိန်းတိတိ) ဖြစ်ပါ၍ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ရုံးအဖွဲ့အစည်းများ၊ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များ၊ ကုမ္ပဏီအဖွဲ့အစည်းများနှင့် ပြည်သူတစ်ဦးချင်းမှ သဒ္ဓါတတ်အား နည်းများမဆို ကုသိုလ်ပါဝင်လှူဒါန်းနိုင်ပါရန်နှင့် ကုသိုလ်ပါဝင်လှူဒါန်းလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်၍ဖြစ်စေ၊ ပျဉ်းမနားမြို့ မြန်မာ့စီးပွားရေးဘဏ် ရွှေသက်န်းငွေစာရင်းအမှတ် CF.000873 သို့ ပေးပို့၍ဖြစ်စေ ကုသိုလ်ပါဝင်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည် -

**ဆက်သွယ်ရန်လိပ်စာ**

(၁) ဦးမြင့်စိုး၊ အဖွဲ့ဝင်၊ နေပြည်တော်ကောင်စီ
၀၉-၂၆၁၁၇၉၀၀၃

(၂) ဦးမောင်မောင်၊ ဒုတိယမြို့တော်ဝန်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ
၀၉-၄၀၄၄၃၄၄၉၉

(၃) ဦးထွန်းကြည်၊ ဂေါပကအဖွဲ့ဝင်၊ ဥပ္ပါတသန္တိစေတီတော်
၀၉-၅၁၃၅၆၉၈

(၄) ဦးတင်မောင်ကြည်၊ ဂေါပကအဖွဲ့ဝင်၊
ဥပ္ပါတသန္တိစေတီတော် ၀၉-၅၀၇၈၁၇၃

(၅) ဦးခင်မောင်ထွန်း၊ ဂေါပကအဖွဲ့ဝင်၊
ဥပ္ပါတသန္တိစေတီတော် ၀၉-၄၄၈၁၂၇၉၀၇

## (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် နေပြည်တော် MSME ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲနှင့် ဈေးရောင်းပွဲတော်အခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် နေပြည်တော် MSME ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲနှင့် ဈေးရောင်းပွဲတော်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် အောင်မင်္ဂလာရပ်ကွက်ရှိ အောင်မင်္ဂလာကားဝင်းဟောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနကြီးမှူးများ၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ နေပြည်တော် MSME အသင်းဥက္ကဋ္ဌနှင့် MSME အေဂျင်စီအဖွဲ့ဝင်များ၊ MSME လုပ်ငန်းရှင်များ၊ စီးပွားရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။



ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန်က MSME လုပ်ငန်းရှင်များ၏ ထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲသာမက စားသောက်ကုန်၊ လူသုံးကုန်၊ လက်မှုထည်ပစ္စည်းစသည့် ထုတ်ကုန်ပစ္စည်းများအပေါ် ထုတ်ကုန်အမျိုးအစားအလိုက် ပြိုင်ပွဲများကျင်းပပေးပြီး ကဏ္ဍအလိုက် ဆုများချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် ဒေသတွင်းစီးပွားရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ကြရန်နှင့် Value Added လုပ်ငန်းများ၊ သွင်းကုန်အစားထိုးလုပ်ငန်းများ၊ စွန့်ဦးတီထွင်လုပ်ငန်းများကို ရေရှည်တည်တံ့သော MSME လုပ်ငန်းများဖြစ်စေရေးအတွက် အားလုံးက ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်းပြောကြားသည်။

ယင်းနောက် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် နေပြည်တော် MSME ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲနှင့် ဈေးရောင်းပွဲတော်အခမ်းအနားကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းနှင့် ဦးမြင့်စိုး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ နေပြည်တော်MSMEအသင်းဥက္ကဋ္ဌ ဦးကျော်စွာဝင်းတို့က ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန်သည် တာဝန်ရှိသူများနှင့်အတူ နေပြည်တော် အသေးစား၊ အငယ်စားနှင့် အလတ်စား(MSME) လုပ်ငန်းရှင်များ၏ ဒေသထွက်ထုတ်ကုန် အရောင်းပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက "သွေးချင်းတို့ဌာနေမြန်မာပြည်" သီချင်းဖြင့်လည်းကောင်း၊ အမှတ်(၂၀)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ဦးရွှေရိုး၊ ဒေါ်မိုး"သီချင်းဖြင့်လည်းကောင်း၊ Music Band အဖွဲ့မှ "စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်" သီချင်းဖြင့်လည်းကောင်း သီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေးပြီး သီဆိုဖျော်ဖြေကြသည့် ကျောင်းသားကျောင်းသူများနှင့် Music Band အဖွဲ့အား ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်သည်။

အဆိုပါ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် နေပြည်တော် MSME ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲနှင့် ဈေးရောင်းပွဲတော်တွင် နေပြည်တော် အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) လုပ်ငန်းရှင်များက ဒေသထွက်ထုတ်ကုန် အရောင်းပြခန်း ဆိုင်ခန်း ၃၈ ခန်းဖြင့် ဒီဇင်ဘာ ၂၃ ရက်မှ ၂၉ ရက်အထိ ပြသရောင်းချမည်ဖြစ်ပြီး ပြည်ထောင်စုနယ်မြေအတွင်းရှိ MSME လုပ်ငန်းများ၏ ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဖွံ့ဖြိုးမှုအားကောင်းလာစေရန်၊ ပါဝင်ပြသသူအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်စေရန်၊ ထုတ်ကုန်အရည်အသွေး၊ တီထွင်ဆန်းသစ်မှုများကို လေ့လာနိုင်ရန်၊ ထုတ်လုပ်မှုမှ ကုန်သွယ်မှုအထိ လုပ်ငန်းစဉ်တစ်လျှောက် လိုအပ်ချက်များကို ပိုမိုနားလည်ဆန်းစစ်အဖြေရှာနိုင်စေရန်နှင့် အစိုးရ၊ ပုဂ္ဂလိကကဏ္ဍနှင့် MSME လုပ်ငန်းများ နီးကပ်စွာပူးပေါင်းဆောင်ရွက်ခြင်းဖြင့် Regional Trade Promotion မှ International Market အထိ လွယ်ကူလျင်မြန်စွာ ထိုးဖောက်ဝင်နိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက" မိခင် ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်း ဆင်ဝိုင်းမှ ဆင်မ ဇာနန်းလှ အသက် ၃၃ နှစ်က ဆင်ဖြူတော်(အထီး)ကလေး တစ်စီးအား ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက်နံနက် မင်္ဂလာအချိန် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါဆင်ဖြူတော်လေးမှာ မွေးဖွားစတွင် အရပ်အမြင့် နှစ်ပေငါးလက်မ၊ ကိုယ်လုံးလုံးပတ် သုံးပေတစ်လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၈၀ ခန့်ရှိသည်။



ဆင်ဖြူတော်ကလေး၏ ဘွဲ့နာမံတော်မှာ "ရဋ္ဌနန္ဒက" ဖြစ်ပြီး အဆိုပါ ဆင်ဖြူတော်လေးသည် ရတနာ ဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ရှစ်ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဍာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ အသားအရေပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ငါးခုစီနှင့် နောက်ခြေသည်း လေးခုစီပါရှိခြင်း၊ နားကြီးခြင်းစသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ခုနစ်ချက်နှင့်ကိုက်ညီသော ဆင်ဖြူတော်လေး ဖြစ်သည်။

အထက်ပါ ဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက" မှာ ယခုအသက်တစ်နှစ်ငါးလသားအရွယ်တွင် အရပ်အမြင့် လေးပေ၊ ကိုယ်လုံးလုံးပတ် ခြောက်ပေငါးလက်မ၊ ကိုယ်အလေးချိန် ၁၀၄၅ ပေါင်ရှိလာပြီး ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ်၊ နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက" မှာ ငယ်စဉ်ကတည်းကပင် လူနှင့် ယဉ်ပါးသည့် ဆင်ဖြူတော်ကလေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့် လူသားတို့အကြား ကောင်းမွန်စွာ ဆက်ဆံတတ်စေ ရန်လေ့ကျင့်သင်ကြားခြင်းစနစ် "Peace Human and Elephant Interaction Training" ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် ဒီဇင်ဘာ ၂၃**

စစ်ကိုင်းတိုင်း ဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) တို့တွင် နေရာကွက်ကျားမိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# သတင်းတု၊ သတင်းမှား၊ ဘက်လိုက်သတင်းများနှင့် လတ်တလောမြန်မာ့မီဒီယာ

ကေဇင်ရွှန်း

၂၀၀၀ ပြည့်နှစ်နောက်ပိုင်းမှအစပြု၍ ကမ္ဘာ့မီဒီယာကဏ္ဍတွင် သမားရိုးကျမီဒီယာ (Traditional Media) နှင့် ခေတ်သစ်မီဒီယာ (New Media) ဟူ၍ ကွဲပြားစွာတည်ရှိလာခဲ့ပါသည်။ သမားရိုးကျမီဒီယာ၌ ပုံနှိပ်နှင့် အသံလွှင့်လုပ်ငန်းများပါဝင်ပြီး ခေတ်သစ်မီဒီယာ၌မူ Online နှင့် Social Media မျိုးစုံပါဝင်မည်ဖြစ်ပါသည်။

တစ်ချိန်က သမားရိုးကျမီဒီယာတွင် သတင်းစာကျင့်ဝတ်နှင့် သတင်းသမားတစ်ဦးချင်းအတွက် လိုက်နာစောင့်ထိန်းကြရမည့် စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများ ရှိခဲ့သော်လည်း ခေတ်သစ်မီဒီယာတွင်မူ လူထုအားလုံးအယုတ်၊ အလတ်၊ အမြတ်မရွေး ပါဝင်ခွင့်ရခဲ့ပြီး သတင်းသမားနှင့် သတင်းကျင့်ဝတ်ဆိုသည်ကို ဖော်ပြလိုက်နာနိုင်စွမ်းမရှိတော့ချေ။ သမားရိုးကျမီဒီယာခေတ်ကောင်းစဉ်ကပင် သတင်းလောက၌ သတင်းတု၊ သတင်းမှားနှင့် ဘက်လိုက်သတင်းများအမျိုးမျိုးရှိခဲ့သော်လည်း နောက်ခံခြေရာလိုက်၍ သက်ဆိုင်ရာသတင်းတိုက်နှင့် သတင်းသမားကို ဖော်ထုတ်နိုင်ခြင်းကြောင့် အလွန်အမင်း ဆိုးရွားမှုမရှိခဲ့ပါ။

**ကာကွယ်နိုင်မည့် တစ်ခုတည်းသောနည်းလမ်း**

ခေတ်သစ်မီဒီယာ၌မူ နည်းပညာအလွန်အမင်းထွန်းကားလာမှုအရ သတင်းသမားသာမက လူထုအားလုံးက သတင်းကို လိုသလိုပုံဖော်ရေးသားလာကြသဖြင့် သတင်းတု၊ သတင်းမှားနှင့် ဘက်လိုက်သတင်းများမှာ ကမ္ဘာ့နိုင်ငံအားလုံးရှိ လူသားများအတွက် အထူးစိုးရိမ်စရာ ဖြစ်လာခဲ့ပါသည်။ ယင်းဖြစ်ရပ်ကို ကာကွယ်နိုင်မည့်တစ်ခုတည်းသောနည်းလမ်းမှာ ရင့်ကျက်၍ ပညာရေချိန်မြင့်သောလူသားမျိုးဆက်ဖြစ်နေရန်နှင့် နိုင်ငံ၊ လူမျိုးနှင့်ဘာသာအလိုက် အမျိုးသားရေးသမိုင်းနောက်ခံနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံများကို စံတန်ဖိုး (Value) တစ်ခုအဖြစ် မြတ်နိုးမှုရှိနေကြရန် ဖြစ်ပါသည်။

(၂၀) ရာစုအစပိုင်း၌ ကမ္ဘာတွင် ကမ္ဘာစစ်ကြီးများဖြစ်ပေါ်ပြီး ကိုလိုနီစနစ်ပျက်သုဉ်းခဲ့ပြီးနောက် အရှေ့နှင့်အနောက် စစ်အေးစစ်ပွဲ (East/West Cold War) ဖြစ်ပေါ်ခဲ့သည်ကို လူတိုင်း သိရှိကြပြီးဖြစ်ပါသည်။ ၁၉၉၀ ပြည့်နှစ် ဆိုဗီယက်ယူနီယံပြိုကွဲပြီးနောက် နှစ် ၄၀ ကြာ စစ်အေးစစ်ပွဲကာလပြီးဆုံးခဲ့ပါသည်။ ၁၉၉၀ မှ ၂၀၀၀ ပြည့်နှစ်ကာလအတွင်း အမေရိကန်တစ်နိုင်ငံတည်းကသာ ကမ္ဘာကို လွှမ်းမိုးခြယ်လှယ်သည့်ခေတ် (Unipolar World) ဖြစ်ခဲ့ပါသည်။

ယင်းကာလများ၌ ကမ္ဘာ့အရပ်ဒေသအသီးသီးတွင် အမေရိကန်နိုင်ငံ၏ ကျူးကျော်ပါဝင်စွက်ဖက်မှုမှာ လွန်စွာများပြားလာသည်။ ထို့ကြောင့် ဒေသအလိုက်စုဖွဲ့ထားသည့် နိုင်ငံငယ်များ၏ အဖွဲ့အစည်းများကလည်း မိမိဒေသကိုကာကွယ်ရန် ပိုမိုစုစည်းအားကောင်းလာသည့်အတွက် ကမ္ဘာပေါ်၌ (Multipolar World) ဖြစ်လာမည်ဟုပင် နိုင်ငံရေးသုတေသီအများစုက သုံးသပ်ယူဆခဲ့ကြပါသည်။

**“ ၁၉၆၂ ခုနှစ်တွင် မြန်မာနိုင်ငံ၏ နိုင်ငံရေးစနစ်သည်လည်း ဒီမိုကရေစီမှ အသွင်ပြောင်းလဲကာ ပုဂ္ဂလိကလုပ်ငန်းအများစုကို နိုင်ငံပိုင်ပြုလုပ်ခဲ့သဖြင့် ကြေးမုံ၊ ဗိုလ်တထောင်နှင့် လုပ်သားပြည်သူ့နေ့စဉ်အပါအဝင် ဂါးဒီးယန်းသတင်းစာတို့ကို အစိုးရသတင်းစာများအဖြစ် ပြောင်းလဲခဲ့ပါသည်။ ထိုစဉ်က ကမ္ဘာ၏ နိုင်ငံရေးအခြေအနေသည် အရှေ့အုပ်စုနှင့် အနောက်အုပ်စု၏ စစ်အေးစစ်ပွဲကာလဖြစ်ပြီး အုပ်စုနှစ်ဖက်က နည်းမျိုးစုံဖြင့် ဆွဲဆောင်သိမ်းသွင်းကြသော ဝါဒဖြန့်မှုအမျိုးမျိုး ဖြစ်ပေါ်လာခြင်းကြောင့် ပုဂ္ဂလိကသတင်းစာများအားလုံးကို ထုတ်ဝေခွင့်ရပ်စဲခဲ့ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံမှ သတင်းစာဆရာအများစုသည် အနောက်နိုင်ငံများအပါအဝင် အရှေ့တောင်အာရှနိုင်ငံအချို့သို့ တိမ်းရှောင်သွားခဲ့ကြပြီး ပြည်ပမှနေ၍ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးအခြေအနေများအပေါ် သုံးသပ်စွပ်စွဲပြောဆိုမှုအမျိုးမျိုး ပြုလုပ်ခဲ့ကြကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။ ထို့အတူ အမေရိကန်နိုင်ငံ၏ စီအိုင်အေအပါအဝင် အဖွဲ့အစည်းမျိုးစုံကလည်း မြန်မာသတင်းစာဆရာများကို ချဉ်းကပ်၍ ဝါဒဖြန့်မှုအမျိုးမျိုးအား ပြည်တွင်း၌ ဆောင်ရွက်ခဲ့ကြ ”**

သို့သော်လည်း ၂၀၀၀ ပြည့်နှစ်အစပိုင်း၌ ကမ္ဘာတစ်ဝန်းတွင် ခေါင်းထောင်လာသည့် အကြမ်းဖက်ဝါဒ (Terrorism) ကြောင့် လည်းကောင်း၊ ၂၀၀၁ ခုနှစ် World Trade Center ဖြစ်ရပ်ကြောင့်လည်းကောင်း ကမ္ဘာ့နိုင်ငံငယ်အများစုမှာ အမေရိကန်နိုင်ငံ၏ ဆွဲဆောင်စည်းရုံးမှုနောက်သို့ ပြန်လည်ရောက်ရှိသွားခဲ့ပါသည်။

**ပဋိပက္ခအတွင်း ကြားညှပ်ပါဝင်**

၂၀၁၀ ပြည့်နှစ်ခန့်အထိ အီရတ်စစ်ပွဲအပါအဝင် စစ်ပွဲမျိုးစုံနှင့် ရှုပ်ထွေးနေခဲ့သော အမေရိကန်နိုင်ငံမှာ ကမ္ဘာ့အလယ်၌ တဖြည်းဖြည်း ဩဇာကျဆင်းလာခဲ့ပါသည်။ ထိုစဉ် နည်းပညာဖွံ့ဖြိုးတိုးတက်မှုနှင့် စီးပွားရေးနာလန်ထမှုအရ ဖွံ့ဖြိုးလာသည့် တရုတ်နိုင်ငံနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ များစွာကြွယ်ဝသော ရုရှားနိုင်ငံတို့မှာ အမေရိကန်နိုင်ငံကို ရင်ပေါင်တန်းလာနိုင်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါနှင့်အတူ စီးပွားရေးကျဆင်းလာမှုများအကြား၌ အမေရိကန်နိုင်ငံသည် ယှဉ်ပြိုင်ဘက်ဖြစ်လာသော ရုရှားနှင့် တရုတ်နိုင်ငံတို့အား နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးအပါအဝင် နည်းမျိုးစုံဖြင့် ထိတွေ့ဖိနှိပ်ထားနိုင်ရန် လက်ရှိအချိန်၌ အထူးအကောင်အထည်ဖော်ဆောင်ရွက်နေသည်ကို တွေ့ရှိကြရမည်ဖြစ်ပါသည်။ ယင်းအခြေအနေအပေါ်မူတည်၍ ပထဝီနိုင်ငံရေးအရ ဆက်စပ်လျက်ရှိသော မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံအများစုသည်လည်း ပဋိပက္ခအတွင်း ကြားညှပ်ပါဝင် လှုပ်ရှားနေရပြီဖြစ်သည်ကို သတိပြုနိုင်ကြစေရန်ဖြစ်ပါသည်။

**“ မျက်မှောက်ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံတွင် အမေရိကန်၊ ရုရှားနှင့် တရုတ်နိုင်ငံတို့၏ ပဋိပက္ခအကြား ပထဝီနိုင်ငံရေး အခြေအနေအရ မြန်မာနိုင်ငံသည်လည်း ပါဝင်ပတ်သက်နေရလျက်ရှိသည်။ တရုတ်၏ BRI အစီအစဉ် အစိတ်အပိုင်းတစ်ခုဖြစ်သော တရုတ်နိုင်ငံ ယူနန်ပြည်နယ်မှ ဘင်္ဂလားပင်လယ်အော်အထိ ရထားလမ်းကွန်ရက် ဖြန့်ကြက်ဆက်သွယ်ရေးအစီအစဉ်တွင် မြန်မာနိုင်ငံ၏ ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်းသည် အရေးအပါဆုံးနေရာ၌ တည်ရှိပါဝင်နေသဖြင့် မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံ၏ ခေတ်သစ်ပိုးလမ်းမစီမံကိန်းကို ဟန်ချက်ညီထိန်းညှိဆောင်ရွက်သွားမည့်အခြေအနေ ဖြစ်ပေါ်လျက်ရှိ ”**

၁၀ နှစ်တာ ဒီမိုကရေစီကို ပြန်လည်လျှောက်လှမ်းစပြုခဲ့သည့် မြန်မာနိုင်ငံ၏အခြေအနေမှာ ကမ္ဘာ့မျက်မှောက်အခြေအနေတွင် စိုးရိမ်စရာအနေအထားတစ်ခုသို့ ရောက်ရှိလျက်ရှိပါသည်။ နက်ရှိုင်းသော သမိုင်းကြောင်းနောက်ခံနှင့် ကွဲပြားလျက်ရှိသည့် တိုင်းရင်းသားလူမျိုးစု ၁၀၀ ကျော်နေထိုင်သော နိုင်ငံအတွင်း နှစ် ၇၀ ကျော်ကြာ ပြည်တွင်းသောင်းကျန်းမှုစစ်ပွဲများကြောင့် လူထု၏ ပညာအရည်အချင်းနိမ့်ကျမှုနှင့် ရင့်ကျက်တည်ငြိမ်မှုနည်းပါးခြင်းတို့က အထူးစိုးရိမ်စရာဖြစ်လျက်ရှိပါသည်။

**တိုးတက်လာသော နည်းပညာများနှင့်အတူ အထူးရေပန်းစားလျက်ရှိသည့် New Media ပေါ်မှ သတင်းတု၊ သတင်းမှားနှင့် ဘက်လိုက်သတင်းများစွာတို့မှာ နိုင်ငံအား လုံးဝပျက်စီးပြိုကွဲသွားစေသည်အထိ အန္တရာယ်ရှိနေကြောင်းကို သတိပြုမိကြရန်လည်း အထူးလိုအပ်လျက်ရှိပါသည်။**

**ပုဂ္ဂလိကမီဒီယာကဏ္ဍမှာ**
**လွတ်လပ်ဖွံ့ဖြိုးတိုးတက်ခဲ့**

မြန်မာနိုင်ငံအနေဖြင့် ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရရှိခဲ့ပြီး ၁၉၆၂ ခုနှစ်အထိ ဒီမိုကရေစီစနစ်ဖြင့် လျှောက်လှမ်းခဲ့စဉ်အတွင်း နိုင်ငံ၏ ပုဂ္ဂလိကမီဒီယာကဏ္ဍမှာ လွတ်လပ်ဖွံ့ဖြိုးတိုးတက်ခဲ့ပါသည်။ သမားရိုးကျမီဒီယာဖြစ်သော ပုံနှိပ်သတင်းစာများအနေဖြင့် သူရိယ၊ မြန်မာ့အလင်း၊ ရန်ကုန်၊ ထွန်း၊ ဟံသာဝတီ၊ ကြေးမုံနှင့် လူထုစသဖြင့် အစောင်နှစ်ဆယ်ကျော်ခန့် ထုတ်ဝေခဲ့ကြောင်း တွေ့ရှိရမည်ဖြစ်သည်။ အလားတူ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော ဒေးလီးမော်နီတာ (Daily Monitor)၊ သည်နေးရှင်း (The Nation)၊ ဂါးဒီးယန်း (Guardian) နှင့် ယူနီယံအိပ်ပရက်စ် (Union Express) စသော သတင်းစာများလည်း ထုတ်ဝေခဲ့ကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။

**၁၉၆၂ ခုနှစ်တွင် မြန်မာနိုင်ငံ၏ နိုင်ငံရေးစနစ်သည်လည်း ဒီမိုကရေစီမှ အသွင်ပြောင်းလဲကာ ပုဂ္ဂလိကလုပ်ငန်းအများစုကို နိုင်ငံပိုင်ပြုလုပ်ခဲ့သဖြင့် ကြေးမုံ၊ ဗိုလ်တထောင်နှင့် လုပ်သားပြည်သူ့နေ့စဉ်အပါအဝင် ဂါးဒီးယန်းသတင်းစာတို့ကို အစိုးရသတင်းစာများအဖြစ် ပြောင်းလဲခဲ့ပါသည်။ ထိုစဉ်က ကမ္ဘာ၏နိုင်ငံရေးအခြေအနေသည် အရှေ့အုပ်စုနှင့် အနောက်အုပ်စု၏ စစ်အေးစစ်ပွဲကာလဖြစ်ပြီး အုပ်စုနှစ်ဖက်က နည်းမျိုးစုံဖြင့် ဆွဲဆောင်သိမ်းသွင်းကြသော ဝါဒဖြန့်မှုအမျိုးမျိုး ဖြစ်ပေါ်လာခြင်းကြောင့် ပုဂ္ဂလိကသတင်းစာများအားလုံးကို ထုတ်ဝေခွင့်ရပ်စဲခဲ့ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံမှ သတင်းစာဆရာအများစုသည် အနောက်နိုင်ငံများအပါအဝင် အရှေ့တောင်အာရှနိုင်ငံအချို့သို့ တိမ်းရှောင်သွားခဲ့ကြပြီး ပြည်ပမှနေ၍ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးအခြေအနေများအပေါ် သုံးသပ်စွပ်စွဲပြောဆိုမှုအမျိုးမျိုး ပြုလုပ်ခဲ့ကြကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။ ထို့အတူ အမေရိကန်နိုင်ငံ၏ စီအိုင်အေအပါအဝင် အဖွဲ့အစည်းမျိုးစုံကလည်း မြန်မာသတင်းစာဆရာများကို ချဉ်းကပ်၍ ဝါဒဖြန့်မှုအမျိုးမျိုး အား ပြည်တွင်း၌ ဆောင်ရွက်ခဲ့ကြကြောင်း တွေ့ရှိရမည်ဖြစ်သည်။**

မြန်မာနိုင်ငံ၌ The Nation သတင်းစာကို ထုတ်ဝေသော ဦးလောရုံသည်လည်း ယင်းတို့အနက် တစ်ဦးအပါအဝင်ဖြစ်ခဲ့ကာ ထိုင်းနိုင်ငံ သတင်းစာလောကသို့ ဝင်ရောက်၍ မြန်မာဝန်ကြီးချုပ်ဟောင်း ဦးနု ပါလီမန်ဒီမိုကရေစီပါတီ (PDP) အတွက် အလုပ်လုပ်ပေးခဲ့ကြောင်း သိရှိကြရပါသည်။ ယင်းနောက် ၁၉၉၀ မှ ၂၀၀၀ ပြည့်နှစ် နောက်ပိုင်းများတွင် အထက်ပါ မြန်မာနိုင်ငံမှ ပြည်ပြေးသတင်းစာဆရာအများစုသည် အနောက်အုပ်စု၏ ကျောထောက်နောက်ခံကိုရယူလျက် အနောက်နိုင်ငံရှိ အချို့မြို့များအပါအဝင် မြန်မာနိုင်ငံနှင့် ထိုင်း၊ ကမ္ဘောဒီးယားနယ်စပ်မြို့များတွင် သတင်းစာသင်တန်းမျိုးစုံကို နိုင်ငံတွင်းမှ New Generation သတင်းသမားများအား မက်လုံးပေး စည်းရုံးခေါ်ယူ သင်တန်းပို့ချခဲ့ကြကြောင်း သိရှိရပါသည်။

**ဒီမိုကရေစီနှင့် လူ့အခွင့်အရေးဆိုင်ရာ**
**Propaganda စံနှုန်းများ သင်ကြားပို့ချ**

နိုင်ငံအတွင်း၌လည်း နိုင်ငံကြီးတချို့က ဘာသာစကားနှင့် အသိပညာတိုးပွားရေးကို ဗန်းပြပြီး နိုင်ငံတွင်း လူငယ်အများစုကို သတင်းစာပညာခေါင်းစဉ်ဖြင့် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးဆိုင်ရာ Propaganda စံနှုန်းများ သင်ကြားပို့ချပေးခဲ့ပါသည်။ သို့သော် ၎င်းတို့၏ အဓိက Concept မှာမူ မည်သည့်အုပ်ချုပ်သူအစိုးရမျိုးကိုမဆို ဆန့်ကျင်တွန်းလှန်သွားရန်နှင့် အလုံးစုံလွတ်လပ်သော လူ့အခွင့်အရေးမျိုးရရှိရန်ဖြစ်ရာ အမှန်တကယ် အနောက်နိုင်ငံများ၏ ဒီမိုကရေစီစံတန်ဖိုးများနှင့် ကိုက်ညီမှုလုံးဝမရှိကြောင်းကို တွေ့ရှိကြမည်ဖြစ်ပါသည်။ သို့ဖြင့် ယင်းလူငယ်အများစုမှာ လက်ရှိအချိန်တွင် မြန်မာ့နိုင်ငံရေးနှင့် မီဒီယာလောက၌ အဓိကပါဝင်လှုပ်ရှားလျက်ရှိသော ဆန့်ကျင်အမုန်းပွားတော်လှန်ရေးမျိုးဆက်များအဖြစ် တွေ့မြင်လာရလျက်ရှိပါသည်။

စာမျက်နှာ ၁၁ သို့

## ဒီဇင်ဘာလူထုအားကစားလ စတုတ္ထပတ်စုပေါင်းလမ်းလျှောက်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ပါဝင်ဆင်နွှဲ



ပုသိမ် ဒီဇင်ဘာ ၂၃

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ဒီဇင်ဘာလစတုတ္ထပတ် စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့ နံနက်ပိုင်းက ရွှေမုဋ္ဌောစေတီ... ရွှေရုပ်တုအဝိုင်းရှေ့၌ ပြုလုပ်ခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ပုသိမ်လေတပ်စခန်းဌာနချုပ်မှူးနှင့် ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်ဇနီးများ၊ ဌာနဆိုင်ရာများနှင့် ပြည်သူများ ပါဝင်ဆင်နွှဲကြသည်။

စုပေါင်းလမ်းလျှောက်ပွဲကို ရွှေရုပ်တုအဝိုင်းရှေ့မှစတင်၍ မဟာဗန္ဓုလလမ်းမကြီးအတိုင်း တပျော်တပါး စုပေါင်းလမ်းလျှောက်ခဲ့ကြပြီး ကိုးသိန်းအားကစားကွင်းတွင် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ၊ Physical Fitness dance များအားအတူတကွ စုပေါင်းဆောင်ရွက်ကြသည်။

စုပေါင်းလမ်းလျှောက်ပွဲသို့ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ စုစုပေါင်း ၃၅၀၀ ကျော် တပျော်တပါး ပါဝင်ဆင်နွှဲကြကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ပုသိမ်လေတပ်စခန်းဌာနချုပ်မှူးနှင့် ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဇနီးများသည် ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်း၌ ပြုလုပ်သည့် ဒီဇင်ဘာလူထုအားကစားလ ဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ(အမျိုးသမီး) ဗိုလ်လုပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့အတူ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ယနေ့မွန်းလွဲပိုင်းတွင် ဟသ္သာတခရိုင်အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး တောင်သူများ၏ လိုအပ်ချက်များအား သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေး ဟိုပုံးမြို့နယ်၌ ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲသို့ ပါဝင်ဆင်နွှဲ



ဟိုပုံး ဒီဇင်ဘာ ၂၃

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသ ဟိုပုံးမြို့နယ်၌ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး၊ ပြည်သူလူထု ကျန်းမာကြံ့ခိုင်စေရန်၊ ရောဂါကြိုတင် ကာကွယ်နိုင်ရန်နှင့် အမျိုးသား အားကစားအဆင့်အတန်း မြင့်မားရေးနှင့် ပြည်သူလူထုပါဝင်သည့် အားကစားလှုပ်ရှားမှုများကို ပိုမိုဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက် ၅ နာရီခွဲတွင် သိရိမင်္ဂလာရွှေချမ်းသာမွေတော်ဘုရားကြီးရှေ့မှ စတင်၍ မြို့မဈေး-နောင်ဘိုကန်ပတ်လမ်းအတိုင်း ဟိုပုံး-ဆီဆိုင် ဗိုလ်ချုပ်အောင်ဆန်းလမ်းမှ တစ်ဆင့် ကျောက်တိုင်ကွင်းအထိ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများက တပျော်တပါး စုပေါင်းလမ်းလျှောက်ခဲ့ကြသည်။

ထိုသို့စုပေါင်းလမ်းလျှောက်ပွဲဆောင်ရွက်ရာတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် အဖွဲ့ဝင်များ၊ ဒေသ/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၊ ကျောင်းသားကျောင်းသူများ စုပေါင်း၍ ကိုယ်လက်ကြံ့ခိုင်ရေး အတွဲ(၁)၊ အတွဲ(၂)နှင့် Fitness Dance အကများဖြင့် တပျော်တပါး ပါဝင်ဆင်နွှဲကြကြောင်း သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)


## လှည်းကူးမြို့နယ်၌ ဒီဇင်ဘာအားကစားလ စတုတ္ထပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၃

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ ပြည်သူများ ကျန်းမာကြံ့ခိုင်ပြီး အားကစားစိတ်ဓာတ်များ တိုးတက်မြင့်မားလာစေရန်ရည်ရွယ်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဒီဇင်ဘာအားကစားလ စတုတ္ထပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့ နံနက် ၅ နာရီက ကျင်းပသည်။

အဆိုပါ လမ်းလျှောက်ပွဲတွင် ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လှည်းကူးပညာရေးဒီဂရီကောလိပ်မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးများ၊ ဒေသခံပြည်သူများ စုစုပေါင်း ၄၇၅ ဦးက စုရပ်အဖြစ်သတ်မှတ်ထားသော လှည်းကူးမြို့မဈေးရှေ့မှစတင်ကာ အုန်းနဲ့ကုန်းကျေးရွာအုပ်စု ဒရယ်ဖိုကျေးရွာအထိ သတ်မှတ်ထားသည့် လမ်းကြောင်းအတိုင်း တပျော်တပါး စုပေါင်းလမ်းလျှောက်ပွဲ ဆင်နွှဲခဲ့ကြပြီး မြို့နယ်အားကစားကွင်း၌ ကျန်းမာရေးအတွက် ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများကို စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

ဥာဏ်ဟိန်း



## ထန်းတပင်မြို့နယ်၌ ဒီဇင်ဘာလူထုအားကစားလ စတုတ္ထပတ် စုပေါင်းလမ်းလျှောက်ပွဲ ဆင်နွှဲ



ရန်ကုန် ဒီဇင်ဘာ ၂၃

၂၀၂၃ ခုနှစ် ဒီဇင်ဘာလူထုအားကစားလအဖြစ် စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာလပထမအပတ်မှစတင်၍ ဆောင်ရွက်လျက်ရှိပြီး ယနေ့ နံနက်ပိုင်းက စတုတ္ထမြောက်ရက်သတ္တပတ်အဖြစ် စုပေါင်းလမ်းလျှောက်ပွဲကို ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ စုပေါင်းဆင်နွှဲသည်။ စုပေါင်းလမ်းလျှောက်ပွဲ ဆင်နွှဲရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်နိုင်ဦး၊ အဖွဲ့ဝင်(၁)ဗိုလ်မှူးဖြိုးဝေစိုးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ရပ်ကွက်နေပြည်သူများက စုရပ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့မှ စတင်၍ မြို့ဝင်ဂိတ်အထိ စုပေါင်းလမ်းလျှောက်ခဲ့ကြပြီး ထန်းတပင်မြို့မ အားကစားကွင်းတွင် ကိုယ်ကာယလေ့ကျင့်ခန်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏။**

○ စာမျက်နှာ ၁၀ မှ

လက်ရှိအချိန်တွင် ဗွီအိုအေ မြန်မာပိုင်းအသံ၊ ဘီဘီစီမြန်မာပိုင်း အပါအဝင် ဧရာဝတီ၊ မဇ္ဈိမ၊ ခေတ်သစ် အစရှိသော မီဒီယာများသည် သမားရိုးကျ မီဒီယာနှင့် ခေတ်သစ်မီဒီယာနည်းလမ်းများကို အသုံးပြုလျက် နိုင်ငံကို ပြိုကွဲပျက်စီးစေမည့် သတင်းတု၊ သတင်းမှားနှင့် ဘက်လိုက်သတင်းမျိုးစုံကို ထုတ်လွှင့်လျက်ရှိကြောင်း တွေ့ရှိကြရမည်ဖြစ်ပါသည်။ ၎င်းမီဒီယာများသည် သတင်းထုတ်လုပ်မှုအပိုင်းတွင်လည်း အချို့သောမြေပြင်သတင်းအမှန်အနည်းစုအပေါ် မူတည်ကာ ၎င်းတို့ပုံဖော်ထုတ်လွှင့်စည်းရုံးလိုသည့် ဘက်လိုက်သတင်း၊ သတင်းမှားများအား ရောနှောထုတ်လွှင့်ဖြန့်ချိနေကြခြင်းဖြစ်သဖြင့် နိုင်ငံ၏ ပြည်သူလူထုအနေဖြင့် သတင်းများကို ဆန်းစစ်ချင့်ချိန်သိရှိယုံကြည်တတ်ရန်မှာ အထူးအရေးပါကြောင်း အသိပေးဖော်ပြလိုခြင်း ဖြစ်ပါသည်။

### အရေးအပါဆုံးနေရာ၌ တည်ရှိ

မျက်မှောက် ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံတွင် အမေရိကန်၊ ရုရှားနှင့် တရုတ်နိုင်ငံတို့၏ ပဋိပက္ခအကြား ပထဝီနိုင်ငံရေးအခြေအနေအရ မြန်မာနိုင်ငံသည်လည်း ပါဝင်ပတ်သက်နေရလျက်ရှိသည်။ တရုတ်၏ BRI အစီအစဉ် အစိတ်အပိုင်းတစ်ခုဖြစ်သော တရုတ်နိုင်ငံ ယူနန်ပြည်နယ်မှ ဘင်္ဂလားပင်လယ်အော်အထိ ရထားလမ်းကွန်ရက် ဖြန့်ကြက်ဆက်သွယ်ရေးအစီအစဉ်တွင် မြန်မာနိုင်ငံ၏ ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်းသည် အရေးအပါဆုံးနေရာ၌ တည်ရှိပါဝင်နေသဖြင့် မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံ၏ ခေတ်သစ်ပိုးလမ်းမစီမံကိန်းကို ဟန်ချက်ညီထိန်းညှိဆောင်ရွက်သွားမည့်အခြေအနေ ဖြစ်ပေါ်လျက်ရှိပါသည်။

ပြီးခဲ့သည့် အစိုးရအဆက်ဆက် အပါအဝင် လက်ရှိ နိုင်ငံတော်အစိုးရအနေဖြင့်လည်း အထက်ပါစီမံကိန်းကို သဘောတူညီမှုရှိခဲ့ကြပြီးဖြစ်သကဲ့သို့ အမြန်ဆုံး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နှစ်နိုင်ငံအကြား ကြိုးပမ်းညှိနှိုင်းဆောင်ရွက်နေပြီ ဖြစ်ပါသည်။

BRI စီမံကိန်းအရ ကမ္ဘာနှင့် အာရှဒေသတွင်း တရုတ်နိုင်ငံ၏ နိုင်ငံရေးနှင့် စီးပွားရေးနယ်ပယ်ချဲ့ထွင်လုပ်ဆောင်လာနိုင်မည့် ဖြစ်စဉ်အပေါ် အမေရိကန်အပါအဝင် အနောက်နိုင်ငံများအနေဖြင့် ကြီးစွာစိုးရိမ်လျက်ရှိပြီး မြန်မာနိုင်ငံ၌ ယင်းစီမံကိန်း မဖြစ်ပေါ်စေနိုင်ရေးအတွက် နည်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေသည်ကိုလည်း မျက်ဝါးထင်ထင် တွေ့မြင်နေကြရမည်ဖြစ်ပါသည်။ ယခုကဲ့သို့ ပြည်တွင်းဆူပူမငြိမ်သက်မှုများနှင့် သောင်းကျန်းမှုစစ်ဆင်ရေးများကို ရင်ဆိုင်ကြုံတွေ့နေကြရခြင်းဖြစ်ပြီး နိုင်ငံသူ နိုင်ငံသားများအနေဖြင့် Media မျိုးစုံမှ ပေါ်ထွက်လာသော သတင်းများအပေါ် သေချာစွာ ချင့်ချိန်သုံးသပ် ဆင်ခြင်အတည်ပြု၍ ယုံကြည်သွားကြရန် အထူးလိုအပ်လျက်ရှိကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## စစ်ကိုင်းတိုင်းဒေသကြီး ဒီဇင်ဘာအားကစားလ လူထုလှုပ်ရှားမှုအထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ Fitness Dance ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

မုံရွာ ဒီဇင်ဘာ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ဒီဇင်ဘာအားကစားလ လူထုလှုပ်ရှားမှုအထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ Fitness Dance ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မုံရွာမြို့ ပြည်သူ့ အားကစားကွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများ၊ ဧည့်ပရိသတ်များက ဝန်ကြီးဌာန ကိုးခုမှ Fitness Dance ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပထမဆုရရှိသော လုံခြုံရေးနှင့်နယ်စပ်ရေးရာ-၂ အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများအား ပေးအပ်ချီးမြှင့်ကာ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီးက ဒုတိယဆုရရှိသော စည်ပင်သာယာရေးအဖွဲ့အား တစ်ဦးချင်းဆုတံဆိပ်နှင့်ငွေသားဆုများကိုပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးတရားသူကြီးချုပ်ဦးဇော်ထူးက တတိယဆုရရှိသော စီးပွား၊ တိုင်းရင်းသား၊ ဥပဒေအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့်ငွေသားဆုကို လည်းကောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက နှစ်သိမ့်ဆုများရရှိကြသော အသင်းများအား ငွေသားဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)





## တောင်ကြီးမြို့၌ ဒီဇင်ဘာလ စတုတ္ထပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲဆင်နွှဲ

တောင်ကြီး ဒီဇင်ဘာ ၂၃

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ စတုတ္ထပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက် ၆ နာရီက တောင်ကြီးမြို့ ကမ္ဘောဇဘဏ်အနီးရှိ လမ်းဆုံ၌ ပြုလုပ်သည်။

အဆိုပါ လူထုစုပေါင်းလမ်းလျှောက်ခြင်းကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး ဦးဆောင်ပြီး ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ သပြေလမ်း၊ ရုံးကြီးလမ်းအတိုင်း စုပေါင်းလမ်းလျှောက်ကြကာ ပြည်နယ်အားကစားကွင်း၌ စုပေါင်းကိုယ်လက်သွေးပူလေ့ကျင့်ခန်း အတွဲ(၁) အမှတ်(၂)နှင့် အေရိုးဗစ်အကြောဖြေ လေ့ကျင့်ခန်းများ ဆောင်ရွက်ကြသည်။

ဒီဇင်ဘာလ စတုတ္ထပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တောင်ကြီးပညာရေးဒီဂရီကောလိပ်မှ ဆရာ ဆရာမများ၊ အားကစားနှင့်ကာယပညာ(သိပ္ပံ)မှ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများ တပျော်တပါး ပါဝင်လမ်းလျှောက်ကြပြီး ပြည်နယ်အားကစားကွင်း၌ ကံစမ်းမဲများဖောက်ပေးကာ ဆုမဲပေါက်သူများအား ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများချီးမြှင့်ပေးကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ ဒီဇင်ဘာလ စတုတ္ထပတ် လူထုအားကစားစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၃

ဒီဇင်ဘာလ စတုတ္ထပတ် စုပေါင်းလူထုလမ်းလျှောက်ပွဲကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ယနေ့နံနက် ၆ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မသန်စွမ်းအားကစားကွင်းသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပြည်သူများ ပါဝင်ဆင်နွှဲကြသည်။

အဆိုပါ ဒီဇင်ဘာလ စတုတ္ထပတ် စုပေါင်းလမ်းလျှောက်ပွဲတွင် မြို့နယ်မသန်စွမ်းအားကစားကွင်းရှိ မီတာ ၄၀၀ ပြေးလမ်းအား ငါးပတ်လမ်းလျှောက်ကြပြီး ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်း အတွဲ(၁)၊ အတွဲ (၂)တို့ကို မြို့နယ်အားကစားနည်းစနစ်မှူး ဦးအောင်သူထွန်းက ဦးဆောင်၍ သရုပ်ပြသပေးခဲ့ရာ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကြက်ခြေနီအသင်းဝင်များ၊ ရပ်ကွက်နေပြည်သူများ အင်အား ၃၀၀ ကျော်ခန့် တက်ကြွစွာ စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

## ဆိပ်ကြီးခနောင်တိုမြို့နယ်၌ ဒီဇင်ဘာလ စတုတ္ထပတ် လူထုအားကစားစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

ဆိပ်ကြီးခနောင်တို ဒီဇင်ဘာ ၂၃

ဒီဇင်ဘာ လူထုအားကစားလ စုပေါင်း လမ်းလျှောက်ပွဲကို စတုတ္ထပတ်အဖြစ် ယနေ့ နံနက်ပိုင်းက ဆိပ်ကြီးခနောင်တို မြို့နယ်တွင် ဆက်လက်ကျင်းပရာ မြို့နယ်နေပြည်သူများ ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြသည်။

စုပေါင်း လမ်းလျှောက်ပွဲတွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့က ဦးဆောင်၍ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့်



ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်နေပြည်သူများက အခြေခံပညာအထက်တန်းကျောင်းရှေ့မှ စ၍ ဗဟိုလမ်းတစ်လျှောက် ဆိပ်ကြီးခနောင်တို ကြိုးတံတားအထိ လမ်းလျှောက်ကြကာ ကျန်းမာရေးအခြေခံ ကိုယ်ကာယလေ့ကျင့်ခန်းများ စုပေါင်းဆောင်ရွက်ကြပြီး စုပေါင်းလမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲကြသူများအား ကောက်ညှင်းပေါင်းများ ကျွေးမွေးခဲ့ကြကြောင်း သိရသည်။

ဝေယံ (ပြန်/ဆက်)



သန်လျင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဒီဇင်ဘာလူထုအားကစားလ စတုတ္ထပတ် စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂၃ ရက်နံနက်တွင် သန်လျင်မြို့၌ ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီးဝင်းမိုးနိုင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ သန်လျင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးချစ်ညီညီနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ပြည်သူ ၅၀၀ ကျော်တို့ ကျိုက်ခေါက်ဘုရားလမ်းမကြီး၌ ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြစဉ်။

ဘော်ဂါသွေး



## အင်းစိန်မြို့နယ်၌ ဒီဇင်ဘာလ စတုတ္ထပတ် လူထုအားကစားစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၃

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ဒီဇင်ဘာလစတုတ္ထပတ် လူထုအားကစားစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့ နံနက် ၅ နာရီမှ စတင်၍ အင်းစိန်စုပေါင်းရုံးဝင်းတွင် စုရပ်ပြုလုပ်ပြီး မင်းကြီးလမ်း (ဗဟိုလမ်း)မှတစ်ဆင့် အောက်မင်္ဂလာဒုံလမ်းတစ်လျှောက် စုပေါင်းလမ်းလျှောက်ကြသည်။

ဒီဇင်ဘာလ စတုတ္ထပတ် လူထုအားကစားစုပေါင်းလမ်းလျှောက်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်ပြည်သူ့လုံခြုံရေးအဖွဲ့များ၊ ရပ်ကွက်နေပြည်သူများ စုစုပေါင်း အင်အား ၅၈၀ ခန့်ဖြင့် စုပေါင်းလမ်းလျှောက်ခြင်း၊ အကြောလျှော့လေ့ကျင့်ခန်းနှင့် သွေးပူလေ့ကျင့်ခန်းများ ပြုလုပ်ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ နိုင်ငံတကာသို့ ဖြန့်ဖြူးပေးသည့် COVAX အစီအစဉ်ကို ဒီဇင်ဘာ ၃၁ ရက်တွင် အဆုံးသတ်မည်




**ဂျီနီဗာ ဒီဇင်ဘာ ၂၃**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို နိုင်ငံတကာသို့ မျှတစွာ ဖြန့်ဖြူးပေးနိုင်ရန် ရေးဆွဲထားသော COVAX Facility အစီအစဉ်မူဘောင်ကို ဒီဇင်ဘာ ၃၁ ရက်တွင် အဆုံးသတ်မည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။

ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကို ကမ္ဘာ့ကပ်ရောဂါအဖြစ် ကြေညာပြီးနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် အခြားအဖွဲ့အစည်းများက COVAX အစီအစဉ်ကို ၂၀၂၀ ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့သည်။

ယင်းမူဘောင်သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများမှ ပံ့ပိုးပေးသော ရန်ပုံငွေများကို အသုံးပြု၍ ဝင်ငွေနည်းသော နိုင်ငံများရှိ ပြည်သူများသို့ အခမဲ့ ကာကွယ်ဆေးထိုးနှံပေးရန် ထောက်ပံ့ပေးသည့် အစီအစဉ်ဖြစ်သည်။

**နိုင်ငံပေါင်း ၁၄၆ နိုင်ငံသို့ ထောက်ပံ့ခဲ့**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ဘီလီယံနီးပါးနှင့် ဘေးကင်းသော ဆေးထိုးကိရိယာများကို နိုင်ငံပေါင်း ၁၄၆ နိုင်ငံသို့ ထောက်ပံ့ပေးခဲ့ကြောင်း ကုလသမဂ္ဂ ကျန်းမာရေးအေဂျင်စီက ဒီဇင်ဘာ ၂၀ ရက်တွင် ပြောကြားခဲ့သည်။

COVAX အစီအစဉ်၏ ထောက်ပံ့ပေးမှုကြောင့် ကမ္ဘာ့တစ်ဝန်းရှိ ပြည်သူ ၂ ဒသမ ၇ သန်း သေဆုံးမှုကို တားဆီးဟန့်တားနိုင်ခဲ့ကြောင်း သိရသည်။

သို့သော် ကနဦးတွင် ရန်ပုံငွေပြတ်လပ်မှု၊ တင်ပို့မှုတားမြစ်ချက်နှင့် အခြားသော အခက်အခဲများကြောင့် ကမ္ဘာတစ်ဝန်း၌ ကာကွယ်ဆေးများ ဖြန့်ချိနိုင်မှုမှာ နှောင့်နှေးကြန့်ကြာခဲ့ရသည်။ ထို့ပြင် ကာကွယ်ဆေးဖြန့်ဝေမှုတွင် မညီမျှမှုများလည်း ဖြစ်ပေါ်ခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မှတ်ချက်ပြုပြောကြားသည်။

COVAX အစီအစဉ်ကို အဆုံးသတ်ပြီးသည့်နောက်ပိုင်းတွင် ဝင်ငွေနည်းပါးသည့် နိုင်ငံများသည် လာမည့်နှစ်နှစ်အတွင်း ကာကွယ်ဆေးများကို Gavi အမည်ရှိ နိုင်ငံတကာ အဖွဲ့အစည်းတစ်ခုမှ ဆက်လက်ရရှိသွားမည် ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဆိုသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**




# ယခုနှစ်အတွင်း သီရိလင်္ကာနိုင်ငံသို့ ခရီးသွားဝင်ရောက်မှု ၁ ဒသမ ၄ သန်းကျော်ရှိ

**ကိုလံဘို ဒီဇင်ဘာ ၂၃**

သီရိလင်္ကာနိုင်ငံသို့ ဒီဇင်ဘာ တတိယပတ်ကုန်အထိ ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်မှုသည် ၁ ဒသမ ၄ သန်းကျော်ရှိကြောင်း သီရိလင်္ကာ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အာဏာပိုင်အဖွဲ့က ထုတ်ပြန်သော နောက်ဆုံးစာရင်းဇယားများအရ သိရသည်။

သီရိလင်္ကာခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အာဏာပိုင်အဖွဲ့က ဒီဇင်ဘာ ၂၃ ရက်တွင် ထုတ်ပြန်သော ကမ္ဘာလှည့်ခရီးသည်များဝင်ရောက်မှု အပတ်စဉ် အစီရင်ခံစာတွင် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်အထိ ကမ္ဘာလှည့်ခရီးသည် ၁၄၀၄၉၉၈ ဦး လာရောက်ကြောင်း ဖော်ပြထားသည်။

အဆိုပါ အစီရင်ခံစာအရ ဒီဇင်ဘာ ၁ ရက်မှ ၂၁ ရက်အတွင်း သီရိလင်္ကာနိုင်ငံသို့ ခရီးသွား ၁၂၈၀၄၇ ဦး လာရောက်ခဲ့ကြောင်း သိရသည်။ ၂၀၂၂ ခုနှစ်အတွင်းကမူ သီရိလင်္ကာနိုင်ငံသို့ ခရီးသွား ၇၁၉၉၇၈ ဦး ဝင်ရောက်ခဲ့ကြောင်း သီရိလင်္ကာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အာဏာပိုင်အဖွဲ့၏ အချက်အလက်များအရ သိရသည်။

အိန္ဒိယ၊ ရုရှား၊ ဗြိတိန်၊ ဂျာမနီ၊ ပြင်သစ်နှင့် တရုတ်နိုင်ငံတို့သည် ဒီဇင်ဘာလအတွင်း သီရိလင်္ကာနိုင်ငံသို့ လာရောက်သည့် ခရီးသွားအရေအတွက် အများဆုံးနိုင်ငံများဖြစ်ကြောင်း သိရသည်။

ခရီးသွားလုပ်ငန်းသည် သီရိလင်္ကာနိုင်ငံ၏ နိုင်ငံခြားဝင်ငွေရရှိစေသော ထိပ်တန်းလုပ်ငန်းတစ်ခု ဖြစ်ကြောင်းလည်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# အီရတ်နိုင်ငံက ဂါဇာကမ်းမြောင်ဒေသသို့ လောင်စာဆီ လီတာ ၁၀ သန်း ထောက်ပံ့

**ဘဂ္ဂဒက် ဒီဇင်ဘာ ၂၃**

အီရတ်နိုင်ငံက ဂါဇာကမ်းမြောင်ဒေသသို့ လောင်စာဆီ လီတာ ၁၀ သန်းကို ယမန်နေ့က ထောက်ပံ့ခဲ့ကြောင်း အီရတ်သတင်းအေဂျင်စီက သတင်းဖော်ပြသည်။

လောင်စာဆီ လီတာ ၁၀ သန်း သယ်ဆောင်လာတဲ့ သင်္ဘောတစ်စင်း နိုင်ငံတကာ ရေပိုင်နက်ကိုဖြတ်ကာ စူးအက်တူးမြောင်းဆီသို့ ဦးတည်ထွက်ခွာသွားကြောင်း အီရတ်စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ ယာဟာရာဆိုလ်၏ ပြောကြားချက်ကို ကိုးကားပြီး အဆိုပါ သတင်းအေဂျင်စီက သတင်းဖော်ပြသည်။

**ဆွေးနွေးညှိနှိုင်းခဲ့**

ဂါဇာ ကမ်းမြောင်တွင် သောင်တင်နေသော ပါလက်စတိုင်းများထံသို့ လောင်စာဆီများ တင်ပို့မှုနှင့်ပတ်သက်၍ အီရတ်အစိုးရသည် အီဂျစ်အာဏာပိုင်များနှင့် ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း ရာဆိုလ်က ပြောကြားသည်။

အောက်တိုဘာ ၇ ရက်က ပါလက်စတိုင်း ဟားမတ်စ်အဖွဲ့၏ တိုက်ခိုက်မှုကို လက်တုံ့ပြန်သည့် အနေဖြင့် အစ္စရေးတပ်ဖွဲ့သည် ဂါဇာတွင် လေကြောင်းတိုက်ခိုက်မှုနှင့် မြေပြင်ထိုးစစ်များ ပြင်းထန်စွာ ဆင်နွှဲလျက်ရှိသည်။

ဂါဇာဒေသ၌ စစ်ဆင်ရေးဆင်နွှဲမှုများကြောင့် လူပေါင်း ၂၀၀၀၀ ကျော် သေဆုံးပြီး မြေပြင်၌ ပိတ်ဆို့ထားမှုများကြောင့် လောင်စာဆီနှင့် ဆေးဝါးများ ပြတ်တောက်ကာ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့မှုများ လိုအပ်လျက်ရှိသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**
❐




# ဗီယက်နမ်နိုင်ငံ၌ မျောက်ကျောက်ရောဂါကူးစက်ခံရသူ ၁၁၇ ဦးတွေ့ရှိ၊ ခြောက်ဦး သေဆုံး

**ဟနွိုင်း ဒီဇင်ဘာ ၂၃**

ဗီယက်နမ်နိုင်ငံတောင်ပိုင်းရှိ ဒေသ ၁၀ ခု၌ မျောက်ကျောက်ရောဂါ ကူးစက်ခံစားရသူ ၁၁၇ ဦး စစ်ဆေးတွေ့ရှိရပြီး သေဆုံးသူ ခြောက်ဦးရှိကြောင်း ဟိုချီမင်းမြို့ရှိ Pasteur အင်စတီကျုက ယနေ့ ပြောကြားသည်။

**ဆက်လက်မြင့်တက်လျက်ရှိ**

နိုဝင်ဘာလမှစပြီး မျောက်ကျောက်ရောဂါကူးစက်ခံရသူ အရေအတွက် သိသိသာသာတိုးလာပြီး ဆက်လက်မြင့်တက်လျက်ရှိကြောင်း ၎င်းအင်စတီကျုက ဆိုသည်။




လွန်ခဲ့သည့် သုံးလအတွင်း ဆေးရုံတက်လူနာ ၄၉ ဦးတွင် သေဆုံးသူ ခြောက်ဦးရှိကာ ၄၀ မှာ ပြန်လည်ကောင်းမွန်လာပြီး ကျန်သုံးဦးကို ကုသပေးလျက်ရှိကြောင်း ဟိုချီမင်းမြို့ အပူပိုင်းရောဂါဆိုင်ရာ ဆေးရုံမှ ဒေါက်တာ Huynh Thi Thuy Hoa က အတည်ပြုပြောကြားသည်။

အောက်တိုဘာလ အတွင်း ဗီယက်နမ်နိုင်ငံတောင်ပိုင်း လောင်အန်ပြည်နယ်မှ အသက် ၂၉ နှစ်အရွယ် အမျိုးသားတစ်ဦးသည် မျောက်ကျောက်ရောဂါကူးစက်ခံစားရပြီး အဆိုပါရောဂါဖြင့် ပထမဆုံး သေဆုံးသူအဖြစ် မှတ်တမ်းတင်ခဲ့သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# အမေရိကန်နယ်စပ်ဖြတ်ကျော်ဝင်ရောက်သူများအား ဖမ်းဆီးမည့် ဥပဒေသစ်ကို မက္ကဆီကို ဆန့်ကျင်

**မက္ကဆီကိုစီးတီး ဒီဇင်ဘာ ၂၃**

မက္ကဆီကိုသမ္မတ အန်းဒရူးစ်မန်နျူရယ် လိုပက်ဇ် အိုဘရာဒိုက မက္ကဆီကိုအစိုးရသည် အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ်မှ အာဏာပိုင်များ မကြာသေးမီက အတည်ပြုထားသော နယ်စပ်ဖြတ်ကျော်ဝင်ရောက်သည့် ရွှေ့ပြောင်းနေထိုင်သူများကို ဖမ်းဆီးခွင့်ပြုမည့် ဥပဒေအား ဆန့်ကျင်ရန် စီစဉ်နေကြောင်း ယနေ့ပြောကြားခဲ့သည်။

"မိမိတို့သည် အမေရိကန်နိုင်ငံရဲ့ ဒီလိုအရေးယူမှုတွေကို အမြဲတမ်း ဆန့်ကျင်သွားမှာပါ"ဟု သတင်းစာရှင်းလင်းပွဲတွင် အိုဘရာဒိုက ထပ်လောင်းပြောကြားခဲ့သည်။ မက္ကဆီကို နိုင်ငံခြားရေးဝန်ကြီးဌာနသည် နယ်စပ်ဖြတ်ကျော် ဝင်ရောက်သူများကို ဖမ်းဆီးအရေးယူမည့် တက္ကဆက်ပြည်နယ်၏ ဥပဒေကို ဆန့်ကျင်မည့်လုပ်ငန်းစဉ်များကို ဆောင်ရွက်နေသည်။

ရီပတ်ဘလစ်ကန်ပါတီ၏ ဒုတိယသမ္မတလောင်းအဖြစ် အမည်စာရင်းတင်သွင်းခြင်းခံရသူ တက္ကဆက်ပြည်နယ်အုပ်ချုပ်ရေးမှူး ဂရက်အဘော့သည် ရွှေ့ပြောင်းနေထိုင်သူများကို ဆန့်ကျင်သည့် ရပ်တည်ချက်ဖြင့် အမေရိကန်နိုင်ငံသားများ၏ ထောက်ခံအားပေးမှုကိုရယူရန် ရည်ရွယ်ထားကြောင်း မက္ကဆီကိုသမ္မတ အိုဘရာဒို၏ ပြောကြားချက်အရ သိရသည်။

ရက်ပေါင်း ၁၈၀ မှ နှစ် ၂၀ အထိ ထောင်ဒဏ်များချမှတ်သည့် ဆီးနိတ်ဘီလ် အမှတ် ၄ ဟုခေါ်သော ဥပဒေသစ်ကို ပြဋ္ဌာန်းသည့်အတွက် တက္ကဆက်ပြည်နယ်အုပ်ချုပ်ရေးမှူးအား လူမဆန်သူအဖြစ် မက္ကဆီကိုသမ္မတက ရှုတ်ချခဲ့သည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## တရားမဝင် စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စက်သုံးဆီများ၊ မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ် သိမ်းဆည်းရမိ



မန္တလေးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

နေပြည်တော် ဒီဇင်ဘာ ၂၃

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၂၀ ရက်တွင် ချမ်းမြသာစည်မြို့နယ် ၄၈ လမ်း ၁၁၇(ဘီ)လမ်းထောင့် မြရည်နန္ဒာအိမ်ရာ တိုက်အမှတ်(၁၃) အခန်း(၁၂)ရှိ ဂိုဒေါင်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Marlboro စီးကရက် အတောင့် ၅၀၀ အပါအဝင် ကုန်ပစ္စည်း ခြောက်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅၅၀၀၀၀၀)ကို လည်းကောင်း၊ ဒီဇင်ဘာ ၂၁ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ် ၆၃လမ်း ၁၃၇ လမ်း x ၁၃၈ လမ်းကြားရှိ ငွေခြသေ့်ဂိုဒေါင်၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Dutch Mill နို့ဒိန်ချဉ်ဘူး ၄၈၀၀၀၊ Lipo အားဖြည့်အချိုရည်ပုလင်း ၁၀၀၀၀၊ Diablo Beer ဘူး ၂၄၀၀၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၉၉၀၀၀၀၀) ကိုလည်းကောင်း၊ မန္တလေးမြို့အဝင် ရွှေကျင်တိုးဂိတ်အနီး၌ ဗန်းမော်မှ မန္တလေးသို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Room Heater ၃၂၆ လုံး အပါအဝင် ကုန်ပစ္စည်း ခြောက်မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၈၀၃၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၉၂၀၃၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဒီဇင်ဘာ ၂၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သီလဝါ ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် ဆွယ်တာအထည် ၄၁၀၊ Face Wash ၂၆ ဘူး၊ Fruit Juice ၂၆၂၄ ဘူး အပါအဝင် ကုန်ပစ္စည်း ၁၇ မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၄၉၉၈၀၀၀)ကို လည်းကောင်း၊ အေးရှားဝေါလ် ဆိပ်ကမ်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ သွင်းကုန် ကြေညာလွှာတွင် ကြေညာထားခြင်း မရှိသည့် နိုင်လွန်ငါးဖမ်းပိုက် ၇၀၉၃ ကီလိုဂရမ်၊ Floating Foam For Fishing Net ကီလိုဂရမ် ၁၆၀၀ အပါအဝင် ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၄၅၀၆၉၆၀)ကိုလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၉၅၀၄၉၆၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက် လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၂၁ ရက်တွင် သန်လျင်ခရိုင် သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာ၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ၆၅ ဂါလန်(ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၇၅၉၀၀)ကို လည်းကောင်း၊ ဒီဇင်ဘာ ၂၂ ရက်တွင် ကျောက်တန်းမြို့နယ် ရွှေပြည်သာရပ်ကွက်၌ တရားမဝင် စက်သုံးဆီ ဓာတ်ဆီ ဂါလန် ၃၂၅၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၃၂၈၀၀၀၀)နှင့် ဒီဇယ်ဆီ ဂါလန် ၅၂၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၆၁၀၀၀၀)ကို လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၄၆၅၉၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဒီဇင်ဘာ ၂၂ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးမြို့နယ်၌ လိုင်စင်မဲ့ LUOIJIA-110 ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဒီဇင်ဘာ ၂၀၊ ၂၁ နှင့် ၂၂ ရက်များတွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၃ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၃၇၇၃၈၆၀)ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## စစ်ကိုင်း၊ အောင်မြေသာစံနှင့် မော်လမြိုင်မြို့နယ်များတွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၂၃

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၂ ရက် နံနက် ၉ နာရီတွင် စစ်ကိုင်းမြို့ တကောင်းရပ်ကွက်တွင် Toyota Hiace ခရီးသည်တင်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၁၈ ကီလိုကို လည်းကောင်း၊ ယင်းနေ့ နံနက် ၁၀ နာရီတွင် အောင်မြေသာစံမြို့နယ် မင်းတဲအီကင်းရပ်ကွက် ၈၉ လမ်း ၁၂x၁၄ လမ်းကြားရှိကားဂိတ်တွင် ပါဆယ်ပစ္စည်း လာရောက်ထုတ်ယူသူ မနန်းသောရီ(ခ)နန်းစောရီကို စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၄၅ ဒသမ ၅ ကီလိုကို လည်းကောင်း။

ဒီဇင်ဘာ ၂၁ ရက် ညနေ ၅ နာရီခွဲတွင် မော်လမြိုင်မြို့နယ် ကြာအင်းကျေးရွာအုပ်စု ကြာအင်းကျေးရွာအနီးတွင် သန်းဇော် မောင်းနှင်ပြီး ချစ်လွင် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၆၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်


မနန်းသောရီ(ခ)နန်းစောရီကို သိမ်းဆည်းရမိသည့် ဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၄-၁၂-၂၀၂၃ တနင်္ဂနွေနေ့

**MRTV HD**

၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပဋိပတ်တရားတော်(မင်္ဂလသုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ သဘာဝတရားဆီသို့အလည်သွားခြင်း 'စိတ်ကူးကောင်းသော စိသုတာငှက်လေးများ'
၀၉:၁၅ ကာတွန်းအစီအစဉ် 'တိရစ္ဆာန်မြို့တော်၏ဇာတ်လမ်း'(အပိုင်း-၁၃)
၁၀:၀၀ သတင်းသမားပြောတဲ့သတင်းစကား
၁၀:၃၀ 'ခရစ္စမတ်တေးသံသာ' တေးဂီတဖျော်ဖြေပွဲ
၁၁:၄၀ အသိပညာနှင့်အမှန်တရား
၁၂:၃၅ This Week's Special Interest
၁၃:၀၀ MRTV National News
၁၃:၃၀ ဆေးရောင်စုံရုပ်ရှင် 'နှလုံးသားမှာ အထာရှိတယ်' (ပြေတီဦး၊ အိန္ဒြာကျော်ဇင်၊ နဝရတ်)
၁၆:၃၅ ယှဉ်ပြိုင်မှုဥပဒေအကြောင်းသိကောင်းစရာများ စကားဝိုင်းဆွေးနွေးပွဲ(ဒုတိယပိုင်း)
၁၇:၁၀ ၁၉၂၃ မှအခြေစိုက်တဲ့ ရန်ကုန်တက္ကသိုလ်များ လှေလှော်အသင်း
၁၇:၃၅ Merry Christmas To You All
၁၈:၃၅ ဘယ်သူမှန်လဲအပြိုင်ကြဲ
၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'သူတောင်းပြည့်ကြွယ်တာရာစတာလာ' (အပိုင်း-၂၁)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၁:၀၀ ဘဝနှင့်အနုပညာ 'ငြိမ်းလတ်သားရဲ့ အနုပညာခရီးလမ်း' 'အကယ်ဒမီထွန်းထွန်းဝင်း'(အပိုင်း-၁)
၂၁:၂၅ (၇၆)နှစ်မြောက်တပ်မတော်(ရေ)နေ့ ဂုဏ်ပြုအစီအစဉ် 'ရှုငယ်နှင့်ပင်လယ်'

**mitv**

07:01 Evergreen Classic: Myitta Phyan Mha Lenn Senn Mal (Thida Theint)
07:08 Myanmar Paper Toys
07:15 Tahbuhla Dam & Oakkan Chaungtha
07:27 Village Belle
07:42 A Day in Pyin Oo Lwin
08:01 News
08:27 Products of Myanmar - Velvet Slipper
08:40 Clay Art On Canvas: Ricky Zachariah
09:01 Edible Beauty: Tha Khut
09:29 Today Myanmar: Myanmar Organic Supersized Fish
09:42 Toddy Palm Product Shop
10:01 News
10:27 A Historic Town: 9 Pagodas

**MRTV NRC**

ရခိုင် (၀၆:၀၀ မှ ၀၈:၀၀) ရေချောတိုင်တက်ပွဲ
ရှမ်း (၀၈:၀၀ မှ ၁၀:၀၀) တိုဟူးဖြူပြုလုပ်နည်း
ဝ (၁၀:၀၀ မှ ၁၂:၀၀) မြန်မာ့မြေမှစိုက်ပျိုးစီးပွားလူမှုဘဝများ (ကြံစိုက်ပျိုးရေးနှင့်ပဲသီးတင်ပို့ရောင်းချမှု)
ကချင် (၁၂:၀၀ မှ ၁၄:၀၀) ကြက်ဆန်လှော်
ကယား (၁၄:၀၀ မှ ၁၆:၀၀) ခံတွင်းမြိန်စေမဲ့ကယားရိုးရာမာလာဖူးသုပ်
ပိုးကရင် (၁၆:၀၀ မှ ၁၇:၀၀) ငါးကင်မွှေးမွှေးလေးလုပ်စားကြမယ်
အနောက်ပိုးကရင် (၁၇:၀၀ မှ ၁၈:၀၀) ကရင်ရိုးရာစောင်းတူရိယာ
အရှေ့ပိုးကရင် (၁၈:၀၀ မှ ၁၉:၀၀) တို့ရွာအကြောင်း
ချင်း(လိုင်ဇိုး) (၁၉:၀၀ မှ ၂၀:၀၀) ကင်ဆာရောဂါအကြောင်းသိကောင်းစရာ
ချင်း(ချိုး) (၂၀:၀၀ မှ ၂၁:၀၀) ရှားပါးသတ္တဝါတို့ရဲ့မူရင်းဌာနေဒေါ်နူး(မ်)သုပ်
မွန် (၂၁:၀၀ မှ ၂၃:၀၀) ကျန်းမာရေးအတွက် ငှက်သိုက်ပေါင်းရည်

**MRTV NEWS**

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
၁၁:၄၅ Next Level
၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၄:၀၀ MRTV National News
၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၉:၄၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
၂၀:၄၅ News Desk
၂၁:၀၀ ပြည်တွင်းသတင်း(LIVE)

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ကွက်လပ်ဖြည့်ပါ'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၃၀ အင်ဒိုနီးရှားနိုင်ငံ၏အဂတိတိုက်ဖျက်ရေး
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အင်ဒိုနီးရှားနိုင်ငံ)
၁၁:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ(အပိုင်း-၂၁)

**MRTV FARMERS' Channel**

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
၀၆:၁၀ စိုက်ပျိုးမွေးမြူသုတဘဏ်
၀၆:၂၀ တန်ဖိုးကွင်းဆက်ဖွံ့ဖြိုးမှုမှသည် မြင့်မားလုပကျေးလက်လူမှုဘဝဆီ
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၈:၀၀ အံ့ရောဟယ် (ဇာတ်လမ်း)
၂၂:၀၀ Arthur Christmas (နိုင်ငံခြားဇာတ်လမ်း)

**MRTV SPORTS**

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၄၀ Weekly Sports Info
၁၆:၃၀ MNL 2022 Match(Replay)
၁၈:၀၀ အားကစားသတင်း
၁၉:၃၀ School of Football

MRTV Application
Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉း၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။
https://mrtv.gov.mm

# နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသူများအား ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ဆက်လက်လွှဲပြောင်းပေးအပ်



နေပြည်တော် ဒီဇင်ဘာ ၂၃

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ အပါအဝင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး အချို့သောပြည်ပနိုင်ငံသားများအနေဖြင့် နယ်စပ်ဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိကြောင်း သိရှိရသည့်အတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ လိုအပ်သည့် စိစစ်မှုများပြုလုပ်ကာ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

**စိစစ်ဖော်ထုတ်ရရှိ**

ထိုသို့ လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်လျက်ရှိရာတွင် ဒီဇင်ဘာ ၁၆ ရက်မှ ၂၃ ရက်အထိ တရုတ်နိုင်ငံသား အမျိုးသား ၂၂၉ ဦး၊ အမျိုးသမီး ၃၉ ဦး စုစုပေါင်း ၂၆၈ ဦးကို စိစစ်ဖော်ထုတ်ရရှိခဲ့ပြီး ထပ်မံလွှဲပြောင်းပေးနိုင်ခဲ့ခြင်းကြောင့် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၃၁ ရက်မှ ဒီဇင်ဘာ ၂၃ ရက်အထိ တရုတ်နိုင်ငံသား အမျိုးသား ၁၀၉၁၄ ဦး၊ အမျိုးသမီး ၁၄၀၂ ဦး စုစုပေါင်း ၁၂၃၁၆ ဦး ဖော်ထုတ်ရရှိခဲ့၍ ဥပဒေနှင့်အညီ လိုအပ်သည့်စိစစ်ခြင်းများ ဆောင်ရွက်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံသို့ စနစ်တကျပြန်လည်လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများမှ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသားများအား စိစစ်ဖော်ထုတ်ခြင်းနှင့် ပြန်လည် လွှဲပြောင်းခြင်းလုပ်ငန်းစဉ်များကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နမ္မတူမြို့ထဲသို့ တပ်မတော်က ပစ်ခတ်သည့် လက်နက်ကြီး ကျရောက်ပေါက်ကွဲမှုကြောင့် ကလေးငယ် သုံးဦးနှင့် လူကြီး နှစ်ဦး ဒဏ်ရာရဟု မဟုတ်မမှန်သတင်းများ လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၂၃

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ္မတူမြို့နယ် ပန်ဟိုက်ရပ်ကွက် ၆ နှင့် အီဟန်းရပ်ကွက် ၉ တို့တွင် ယနေ့နံနက်ပိုင်း၌ တပ်မတော်က ပစ်ခတ်သည့် လက်နက်ကြီး ကျည်ကျရောက် ပေါက်ကွဲမှုကြောင့် ကလေးသုံးဦးနှင့် လူကြီးနှစ်ဦး ထိခိုက် ဒဏ်ရာရရှိခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက် စာမျက်နှာတွင် တရားမဝင် ပြည်ဖျက်မီဒီယာ တစ်ခုဖြစ်သည့် Khit Thit Media က လုပ်ကြံရေးသားနေသည်ကို တွေ့ရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာနယ်မြေမှ တာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းချက်အရ နမ္မတူမြို့နယ်အတွင်း နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတာဝန်များ ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား TNLA သောင်းကျန်းသူများက လက်နက်ကြီးများဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ပြည်သူများ နေထိုင်ရာ ရပ်ကွက်အတွင်းသို့ လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲခဲ့ကြောင်း သိရှိရပြီး အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နမ္မတူမြို့အတွင်းသို့ လက်နက်ကြီးဖြင့် ပစ်ခတ်မှု ဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း သိရသည်။




ထိုသို့ အကြမ်းဖက်သောင်းကျန်းသူများ၏ မြို့ရွာများအတွင်းသို့ ပစ်ခတ်တိုက်ခိုက်နေသည့် လုပ်ရပ်များကို ဖုံးကွယ်ပေးရန်၊ ပြည်သူလူထုမှ တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် နိုင်ငံတကာ စာမျက်နှာများတွင် တပ်မတော်၏ ဂုဏ်သိက္ခာ ကျဆင်းစေရန်အတွက် အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက ကောလာဟလသတင်းများကို ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# လုပ်ငန်းခွင်ပြင်ပ ထိခိုက်သေဆုံးမှုအတွက် ကျန်ရစ်သူမိသားစု အကျိုးခံစားခွင့်များထုတ်ပေး

ရန်ကုန် ဒီဇင်ဘာ ၂၃

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော မြစိမ်းရောင်စက်မှုဇုန်ရှိ Glory Home (Myanmar) စက်ရုံမှ အာမခံအလုပ်သမား မယမင်းသူဇာနိုင်သည်အလုပ်ခွင်ပြင်ပတွင် ထိခိုက်ဒဏ်ရာဖြင့် သေဆုံးသွားသည့်အတွက် ကျန်ရစ်သူ မိသားစုအား ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး၌ ယမန်နေ့နံနက် ၁၀ နာရီက အကျိုးခံစားခွင့်များ ထုတ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အာမခံအလုပ်သမား မယမင်းသူဇာနိုင်သည် ဩဂုတ် ၂၂ ရက်တွင် စက်ရုံသို့ စက်ဘီးဖြင့်လာရာ ဒဂုံရောအဝေးပြေးကားဂိတ်အနီးရှိ ၃၃၃ မှတ်တိုင်မှ လမ်းဖြတ်ကူးစဉ် တစ်ဖက်မှမောင်းနှင်လာသောကားဖြင့်တိုက်မိပြီး သေဆုံးခဲ့သည့်အတွက် အာမခံအလုပ်သမား၏ ကျန်ရစ်သူမိသားစု အကျိုးခံစားခွင့်ပြု ငွေကျပ် ၄၃၂၀၀၀၀ ကို အလုပ်ဌာနမှ တာဝန်ရှိသူများ၊ ရုံးခွဲတာဝန်ခံများ၊ အလုပ်သမားရေးရာ ညှိနှိုင်းရေးကော်မတီ (WCC)အဖွဲ့ဝင်များ၊ မိသားစုဝင်များ၊ စက်ရုံတာဝန်ရှိသူများ ရှေ့မှောက်တွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ တာဝန်ခံအရာရှိ ဦးသိန်းနွဲ့ဦးက အာမခံအလုပ်သမား၏ မိခင်ဖြစ်သူ ဒေါ်ရင်ငွေးထံသို့ အကျိုးခံစားခွင့်များ ထုတ်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပွင့်ဖြူမြို့၌ ကောင်းမွန်သောရေသတ္တဝါမွေးမြူရေးကျင့်စဉ် (GAqP)ဆိုင်ရာ ပညာပေးသင်တန်း ဖွင့်လှစ်ပို့ချပေး

ပွင့်ဖြူ ဒီဇင်ဘာ ၂၃

ပွင့်ဖြူမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ပွင့်ဖြူမြို့နယ် ကျွဲတိကျေးရွာ၌ ကောင်းမွန်သောရေသတ္တဝါ မွေးမြူရေးကျင့်စဉ်(GAqP)သင်တန်းဖွင့်လှစ်ခြင်းကို ဒီဇင်ဘာ၂၁ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါသင်တန်းတွင် ပွင့်ဖြူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသိန်းကိုကိုထွန်း၊ ပွင့်ဖြူငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးစိုးလှိုင်တို့က ပညာပေးလက်ကမ်းစာစောင်များနှင့် အထောက်အကူပစ္စည်းများ ပေးအပ်ခဲ့သည်။

ထို့နောက် သင်ကြားပို့ချခြင်းဆောင်ရွက်ခဲ့ရာ သင်တန်းသားသင်တန်းသူ ၃၀ တက်ရောက်ခဲ့ပြီး သင်တန်းသားများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၂၃

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကိုအကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။


ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Hiruto Nya" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် အမှတ်(၁၅) ရပ်ကွက်နေ သက်ဖြိုးအောင်(ခ) သက်ကြီးအား ညနေ ၄ နာရီ မိနစ်၂၀ တွင် ပခုက္ကူမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှု ဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ဒိုက်ဦးမြို့နယ်အတွင်း မွေးမြူရေးနှင့် ဆက်စပ်သည့် သဘာဝမြေသြဇာထုတ်လုပ်နေမှုများကို ကွင်းဆင်းကြည့်ရှုအားပေး

ဒိုက်ဦး ဒီဇင်ဘာ ၂၃



ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ဒီဇင်ဘာ ၂၀ ရက် မွန်းလွဲပိုင်းက ဒိုက်ဦးမြို့နယ်အတွင်း မွေးမြူရေးနှင့်ဆက်စပ်သည့် သဘာဝမြေသြဇာထုတ်လုပ်နေမှုများကို ကွင်းဆင်းကြည့်ရှုအားပေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဒိုက်ဦးမြို့နယ် ရှမ်းစု(အနောက်) ကျေးရွာ၌ လုပ်ငန်းရှင် ဦးဇေယျာမင်း၏ Healthy First Organic သဘာဝမြေသြဇာ၊ ရွက်ဖျန်းအားဆေး၊ မှိုသတ်ဆေး၊ ပေါင်းသတ်ဆေး ထုတ်လုပ်သည့် အလုပ်ရုံသို့ သွားရောက်၍ အလုပ်ရုံအတွင်း သဘာဝမြေသြဇာထုတ်လုပ်နေမှု အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုအားပေးခဲ့ပြီး ခရိုင်အလိုက် သဘာဝမြေသြဇာ စက်ရုံများ တည်ဆောက်၍ ဒေသထွက် ကုန်ကြမ်းပစ္စည်းများဖြင့် ထုတ်လုပ်နိုင်ရေး စည်းရုံးဆောင်ရွက်ရန်၊ ထုတ်လုပ်မှုလုပ်ငန်းစဉ်များ ရိုးရှင်းလွယ်ကူသဖြင့် ဒေသခံတောင်သူများကို ဖိတ်ခေါ်၍ ကိုယ်တိုင်ထုတ်လုပ်သုံးစွဲနိုင်ရေး ဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဒိုက်ဦးမြို့နယ် ရှမ်းစု(အရှေ့)ကျေးရွာ၌ လုပ်ငန်းရှင် ဦးသန်းလွင်၏ ဒေသန္တား အကောင် ၈၀ နှင့် ကျွဲ အကောင် ၉၀ မွေးမြူထားရှိမှုကို ကြည့်ရှုအားပေးခဲ့သည်။ ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပဲဆီကြိတ်စက်နှင့် ဒေသထုတ် စပါးအခြောက်ခံစက် တပ်ဆင်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဒိုက်ဦးမြို့နယ် သမ္မာဆန္ဒကျေးရွာ၌ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း(VDP) ရန်ပုံငွေကျပ် ၁၅ သန်းဖြင့် ဂဝံလမ်းခင်းခြင်း ဆောင်ရွက်ပြီးစီးခဲ့မှုနှင့် ကျေးရွာနေပြည်သူများအား ဆပ်ပြာချက်လုပ်နည်း သင်တန်းဖွင့်လှစ်သင်ကြားနေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကာ အိမ်တွင်းသုံးကုန်ပစ္စည်းများအား ပြင်ပမှဝယ်ယူသုံးစွဲမှု လျော့နည်းစေရေးနှင့် မိသားစုဝင်ငွေ တိုးတက်စေရေးတို့အတွက် အသက်မွေးပညာသင်တန်းများ တိုးချဲ့ဖွင့်လှစ်ပေးရန်နှင့် ထုပ်ပိုးမှုစနစ်များ အဆင့်မြှင့်တင်ပေးနိုင်ရေး တာဝန်ရှိသူများကို လမ်းညွှန်မှာကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဒိုက်ဦးမြို့ ကန်တော်မင်္ဂလာပန်းခြံမြေယာရှင်းအလှပြုပြင်မည့် နေရာသို့ ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့သည်။**တိုင်းဒေသကြီး(ပြန်/ဆက်)**

# လယ်ယာမြေ ၁၀ ဧကအထက် ပိုင်ဆိုင်ထားသည့် တောင်သူများ နွေစပါးစိုက်ပျိုးရာသီအတွက် ကာလတိုချေးငွေ စတင်လျှောက်ထားနိုင်

ရန်ကုန် ဒီဇင်ဘာ ၂၃

လယ်ယာမြေ ၁၀ ဧကအထက် ပိုင်ဆိုင်ထားသည့် တောင်သူလယ်သမားများအနေဖြင့် ယခုနှစ် နွေစပါးစိုက်ပျိုးရေးရာသီအတွက် ကာလတိုချေးငွေများကို စတင်လျှောက်ထားနိုင်ပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က ဒီဇင်ဘာ ၂၀ ရက်တွင် အသိပေးချက်ထုတ်ပြန်ခဲ့ရာ ချေးငွေလျှောက်ထားသည့် တောင်သူများရှိပြီး လက်ရှိ နွေစပါးစိုက်ပျိုးရာသီအမီထုတ်ချေးပေးနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ တောင်သူများ စိုက်ပျိုးစရိတ်ကာမိစေရန်ရည်ရွယ်ပြီး ဆောင်ရွက်ခြင်းဖြစ်ကာ ချေးငွေထုတ်ပေးခြင်းကြောင့် တောင်သူများအတွက် တစ်ဧက အထွက်နှုန်းတိုးလာမည်ဖြစ်ကြောင်း သိရသည်။

လယ်ယာမြေ ၁၀ ဧကအထက် ပိုင်ဆိုင်ထားသည့် တောင်သူလယ်သမားများကို ကာလတိုချေးငွေအဖြစ် တစ်ဧကလျှင် ငွေကျပ်လေးသိန်း ထုတ်ချေးပေးနိုင်ရေးကို မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် ပုဂ္ဂလိကဘဏ်များ ညှိနှိုင်းပေါင်းစပ် စီစဉ်လျက်ရှိကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါအစီအစဉ်အရ ချေးငွေရယူလိုသည့် တောင်သူများသည် ပုံစံ(၇) မူရင်းကို အာမခံအဖြစ်ထားရှိရမည်ဖြစ်ကာ စပါးသီးနှံ တစ်ရာသီ ( ၄ လမှ ၅ လအထိ ) ချေးငွေကာလထားရှိမည်ဖြစ်ပြီး အတိုးနှုန်းကို တစ်နှစ်လျှင် ၁၀ ရာခိုင်နှုန်းခန့် သတ်မှတ်ထားကြောင်း သိရသည်။

ချေးငွေလျှောက်လွှာများကို မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် Email admin@mrf.com.mm ဖြင့်လည်းကောင်း၊ Viber ဖုန်း (၀၉-၄၀၀၀၆၇၂၄၀ ) သို့ လည်းကောင်း ပေးပို့လျှောက်ထားနိုင်ကြောင်း သိရသည် ။

မျိုးမင်းသူရ

# တိုင်းရင်းကြက်မွေးမြူခြင်းနှင့် ဘဲမွေးမြူခြင်း ခေါင်းစဉ်ဖြင့် (၁၉)ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၂၃

တောင်သူနည်းပညာ ဆွေးနွေးပွဲကို ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာန တောင်သူပညာပေးခန်းမ၌ အပတ်စဉ်(စနေနေ့)တိုင်း ကျင်းပလျက်ရှိရာ ယနေ့တွင် တိုင်းရင်းကြက် မွေးမြူခြင်းနှင့် ဘဲမွေးမြူခြင်း ခေါင်းစဉ်ဖြင့် ကျင်းပသည်။

(၁၉)ကြိမ်မြောက်ကျင်းပသည့် အဆိုပါဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ဒေါက်တာတင်ထွဋ်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်နှင့် စိုက်ပျိုးရေး တက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ၊ နေပြည်တော်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ မွေးမြူရေး လုပ်ငန်းရှင်များနှင့် တောင်သူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက မွေးမြူရေးကဏ္ဍပိုမို ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့စီးပွားဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ထောက်ပံ့ပေးခဲ့ပြီး အသေးစား၊ အငယ်စားနှင့်အလတ်စား မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မွေးမြူရေးထုတ်ကုန်များ တိုးချဲ့နိုင်ရေးကို အားပေးဆောင်ရွက်လျက် ရှိကြောင်း၊ ပြည်တွင်းစားသုံးမှု ဖူလုံပိုလျှံရေးနှင့် ပို့ကုန်အဖြစ်တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ သဘာဝပတ်ဝန်းကျင်၊ ရေမြေရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေမည့် မွေးမြူထုတ်လုပ်မှု ဖွံ့ဖြိုးလာရေးဌာန၊ ပုဂ္ဂလိက၊ တောင်သူအားလုံးက ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က ဘက်စုံစိုက်ပျိုး မွေးမြူရေးစနစ် ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍနှစ်ရပ်မှ ဝင်ငွေတိုးတက်ရရှိနိုင်မှု၊ ကျေးလက်နေပြည်သူများအတွက်အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှု၊ လယ်ယာကဏ္ဍမှ ထွက်ရှိသောဘေးထွက် စွန့်ပစ်ပစ္စည်းများမှ တိရစ္ဆာန်အစာအဖြစ်အသုံးပြုနိုင်မှု၊ စိုက်ပျိုးရေးထွက်ကုန်များအား တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်ရာတွင် မွေးမြူရေးကဏ္ဍမှ အဓိကအကျိုးပြုနိုင်မှုတို့ကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပညာရှင်များက အသားတိုးကြက်၊ အသားတိုး ဘဲမွေးမြူခြင်း၊ ရောဂါကာကွယ်ခြင်း၊ တိုင်းရင်းကြက်မွေးမြူခြင်းနှင့် ဇီဝလုံခြုံရေးဆောင်ရွက်ချက်များကို တင်ပြရာ တက်ရောက်လာသူများက အယ်လ်နီညိုရာသီဥတုပြောင်းလဲမှုကြောင့် ကြုံတွေ့ကြရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ သိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

အခမ်းအနားအပြီးတွင် တက်ရောက်လာသည့် တောင်သူများက စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စပါးသီးနှံသုတေသနဌာနခွဲ၏ ထုတ်ဝေပြီး စပါးမျိုးများ၊ နေကြာ၊ ပဲတီစိမ်း၊ ပဲပုပ်နှင့် မတ်ပဲမျိုးများ ထုတ်လုပ်ထားရှိမှုများကို ကြည့်ရှုလေ့လာကြရာ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က ပြောင်းလဲလာသည့် ရာသီဥတုအပေါ်မူတည်၍ ထုတ်လုပ်ပေးလိုက်သည့် မျိုးစေ့များ အဆင့်ဆင့်မျိုးပွားခြင်း လုပ်ငန်းတွင် တောင်သူများ၏ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးသည် မွေးမြူရေးသုတေသနဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ကုန်းသတ္တဝါနှင့် ရေနေသတ္တဝါ သုတေသနလုပ်ငန်းများ၊ ၂၀၂၃/၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကိုဆွေးနွေးမှာကြားသည်။

သတင်းစဉ်

# မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးနည်း ကွင်းသရုပ်ပြပွဲ သန်လျင်၌ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၃

သန်လျင်ခရိုင် သန်လျင်မြို့နယ်အတွင်း ဒေသခံတောင်သူများ စပါးအထွက်တိုးစေရန် ခေတ်မီစပါး မျိုးစေ့ချကိရိယာ(SEEDER)ဖြင့် ကွင်းလက်တွေ့သရုပ်ပြပွဲကို ဒီဇင်ဘာ ၂၂ ရက်နံနက် ၈ နာရီတွင် သန်လျင်မြို့နယ် သနပ္ပင်ကျေးရွာ တောင်သူ ဦးတင်ဝင်းအောင်၏ လယ်မြေ၌ ကျင်းပခဲ့သည်။

ဦးစွာ ယာခင်းသာရှင်းလင်းဆောင်တွင် ဒေသခံတောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးဝင်းက မျိုးစေ့ချကိရိယာအသုံးပြုစိုက်ပျိုးခြင်းကြောင့် အလေအလွင့်မရှိဘဲ သီးနှံအထွက်တိုးစေရေး တောင်သူများ လိုက်နာဆောင်ရွက်ရမည့် အချက်များကိုလည်းကောင်း၊ စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးငွေးက မျိုးစေ့ချကိရိယာ(SEEDER)အသုံးပြုပုံနည်းစနစ်များကိုလည်းကောင်း၊ တောင်သူဦးတင်ဝင်းအောင်က ရာသီမိုးဖိုချောင်သုံးသီးနှံများမြေလွတ်များ၌စနစ်တကျစိုက်ပျိုးခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက်မျိုးစေ့ချကိရိယာ(SEEDER)ဖြင့် တောင်သူများလက်တွေ့သရုပ်ပြသမှုကို သန်လျင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးချစ်ညီညီနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအာကာထွန်း၊ ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

တင်ဝင်းတင်



# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသွားရာ ရာဇသင်္ဂဟလမ်းနှင့် စံပယ်လမ်းဆုံရှိ ဟိုတယ်များနှင့် တစ်ဆက်တည်းရှိသော လမ်းဘေးဝဲယာရှိဟိုတယ်များ သန့်ရှင်းသာယာလှပမှုရှိစေရေး ကြည့်ရှုစစ်ဆေး



နေပြည်တော် ဒီဇင်ဘာ ၂၃

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသွားရာ ရာဇသင်္ဂဟလမ်းနှင့် စံပယ်လမ်းဆုံအနီးရှိ ဟိုတယ်မျက်နှာစာနှင့် ဘေးပတ်ဝန်းကျင်တစ်လျှောက်ရှိ ဟိုတယ်များ၏ စနေနေ့ ပုံမှန်သန့်ရှင်းရေးဆောင်ရွက်နေမှုများနှင့် ပြည်တွင်း/ ပြည်ပခရီးသွားဧည့်သည်များ လာရောက်တည်းခိုစဉ် ဟိုတယ်များအတွင်း စိမ်းလန်းစိုပြည် သန့်ရှင်းသာယာလှပစေရေးနှင့် ကောင်းမွန်သောဝန်ဆောင်မှုများ စီစဉ်ဆောင်ရွက်ပေးနိုင်စေရေးအတွက် လိုက်လံကြည့်ရှုအားပေးသည်။

ကြည့်ရှုအားပေးစဉ် ဒုတိယဝန်ကြီးက နေပြည်တော်ကို Clean City၊ Green City၊ Smarty City ဖြစ်စေရန် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်ရာတွင် နေပြည်တော်ရှိ ဟိုတယ်များအနေဖြင့်လည်း မိမိတို့ဟိုတယ်ပရိဝုဏ်နှင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည် သန့်ရှင်းသာယာလှပရေး၊ ဟိုတယ်အဆောက်အအုံများ နိုင်ငံတကာအဆင့်မီ ကောင်းမွန်ပြီး အမြင်တင့်တယ်မှုရှိစေရန် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးရေး၊ လာရောက်လည်ပတ်တည်းခိုနေထိုင်ကြသည့် ခရီးသွားဧည့်သည်များအား ဝန်ဆောင်မှုပေးရာတွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်း လုံခြုံစိတ်ချရသော ဝန်ဆောင်မှုကောင်းများဖြစ်စေရေး မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ရာဇသင်္ဂဟလမ်းဘေးဝဲယာရှိ ဟိုတယ်များသို့ သွားရောက်ပြီး ဟိုတယ်ဝန်ဆောင်မှုပေးနေမှု၊ အမှတ်တရပစ္စည်းရောင်းချမှုတွင် ဒေသထုတ်ကုန်များ ပိုမိုထည့်သွင်းရောင်းချစေရေး၊ ဟိုတယ်ဝန်ထမ်းများ၏ စွမ်းဆောင်ရည်ပြည့်ဝမှုရှိစေရေး၊ ခရီးသည်များ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံစိတ်ချမှုရှိစေရေး၊ ဟိုတယ်များအတွင်း တပ်ဆင်ထားသော Walk Through၊ CCTV၊ X-ray Detector များကို စနစ်တကျဆောင်ရွက်ထားရှိစေရေး၊ ဧည့်စာရင်းစီမံခန့်ခွဲမှုစနစ် (Hotels Guest List Management System-HGLMS) အသုံးပြုမှု၊ မသန်စွမ်းသူများ အတားအဆီးမဲ့ ခရီးသွားလာနိုင်ရေး (Barrier Free Tourism) အတွက် စီစဉ်ဆောင်ရွက်ထားရှိမှု၊ ငွေထုတ်ယူမှုစနစ် အဆင်ပြေစေရေး ATM စက်များ တပ်ဆင်ထားမှု၊ ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ လာရောက်တည်းခိုနေထိုင်ရေးအတွက် ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့်အညီ စနစ်တကျရှိစေရေးအတွက် ကြည့်ရှုစစ်ဆေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# သဃ်န်းကျွန်းခရိုင် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့၏ ခရစ္စမတ် မိတ်သဟာယညစာစားပွဲကျင်းပ

တာမွေ ဒီဇင်ဘာ ၂၃

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသော ခရစ္စမတ် မိတ်သဟာယညစာစားပွဲအခမ်းအနားကို ယမန်နေ့ ညနေပိုင်းက ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ကံဘဲ့နှစ်ခြင်း ခရစ်ယာန်ဓမ္မရိပ်သာ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ သိက္ခာတော်ရဆရာ ဒေါက်တာစောစေးခူက အဖွင့်ဆုတောင်းခဲ့ပြီး တက်ရောက်လာကြသူများက မတ်တပ်ရပ်၍ ခရစ္စမတ်သီချင်းအားသီဆိုခဲ့ကြသည်။ ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းဦးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး သဃ်န်းကျွန်းခရိုင် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်ညွန့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။ ထို့နောက် သိက္ခာတော်ရဆရာ ဒေါက်တာအေးမင်းက ခရစ္စမတ်သတင်းကောင်း ဝေငှခဲ့ပြီး ဦးမိုးဇက်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။ ယင်းနောက် တည်ခင်းဧည့်ခံကျွေးမွေးသော အစားအစာအတွက် ဦးမျိုးဇော်က ကျေးဇူးတော်ချီးမွမ်းခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

**နိုင်လင်းအောင်(တာမွေ)**

# ပန်းခင်းစီမံချက်အဆင့် (၂)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲနှင့် ပြီးမြောက်အောင်မြင်ခြင်းအခမ်းအနား ကျင်းပ

သုံးခွ ဒီဇင်ဘာ ၂၃

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သုံးခွမြို့နယ် ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်အဆင့်(၂)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲနှင့် ပြီးမြောက်အောင်မြင်ခြင်းအခမ်းအနားကို ယမန်နေ့နံနက်၁၀ နာရီက ပုလဲကျေးရွာ အထကခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးမင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်လဝကဦးစီးမှူး ဦးမင်းသူက နိုင်ငံသားတစ်ဦး၏ အရည်အချင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်ရာတွင် လိုက်နာဆောင်ရွက်ရမည့်အချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပုလဲကျေးရွာ အထကကျောင်းမှ ကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့ကြပြီး ပုလဲကျေးရွာ အုပ်ချုပ်ရေးမှူး ဦးကျော်လွင်က ကျေးဇူးတင်စကားပြောကြားသည်။



ပန်းခင်းစီမံချက်အဆင့် (၂)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲနှင့် ပြီးမြောက်အောင်မြင်ခြင်းအခမ်းအနားတွင် နိုင်ငံသားစိစစ်ရေးကတ် ၃၅၆ ကတ်အား ပေးအပ်ခဲ့ကြောင်း သိရသည်။ **မျိုးချစ်**

# ပန်းတောင်းမြို့နယ်၌ အထူးကုဆရာဝန်ကြီးများမှ နယ်လှည့်ကွင်းဆင်း(အခမဲ့) ဆေးကုသပေး

**ပန်းတောင်း ဒီဇင်ဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်တွင် ပြည်မြို့ ခုတင်(၅၀၀) အထွေထွေရောဂါကု ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာသီတာစိုး ဦးဆောင်ကာ အထူးကုဆရာဝန်ကြီးများနှင့်ကျန်းမာရေးဝန်ထမ်းများသည် ယနေ့နံနက် ၉ နာရီမှစတင်ကာ ဥသျှစ်ပင်တိုက်နယ်ဆေးရုံ၌ အခြေပြု၍ ဒေသခံပြည်သူများအား နယ်လှည့်ကွင်းဆင်း(အခမဲ့) ဆေးကုသပေးသည်။



ထိုသို့ ဆေးဝါးကုသပေးရာတွင် အထွေထွေရောဂါအထူးကု၊ ခွဲစိတ်ရောဂါအထူးကု၊ သားဖွားမီးယပ်အထူးကု၊ ကလေးအထူးကု၊ အရိုးအကြောအထူးကု၊ မျက်စိအထူးကု၊ နား-နှာခေါင်း-လည်ချောင်းအထူးကု၊ သွားနှင့်ခံတွင်းအထူးကု ဆရာဝန်ကြီးများက အထွေထွေ ၁၁၀၊ ခွဲစိတ်ရောဂါ ၁၅ ဦး၊ Minor ခွဲစိတ်သုံးဦး၊ သားဖွားမီးယပ်ရောဂါ ၁၃ ဦး၊ မျက်စိရောဂါ ၁၃၁ ဦး၊ ကလေးရောဂါ ၂၄ ဦး၊ အရိုးအကြော ၁၁၄ ဦး၊ နား- နှာခေါင်း- လည်ချောင်းရောဂါ ၄၅ ဦး၊ သွားရောဂါ ၂၉ ဦး စုစုပေါင်း ၄၈၄ ဦးကို အခမဲ့ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

**လပြည့်လင်း(ပြန်/ဆက်)**

■



# အလုပ်ခွင်ထိခိုက်မှုကြောင့် အမြဲတမ်းမသန်းစွမ်းမှုအတွက် အကျိုးခံစားခွင့်များထုတ်ပေး

ရန်ကုန် ဒီဇင်ဘာ ၂၃

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် လူမှုဖူလုံရေးရုံးမှ အာမခံအလုပ်သမား ဒုတိယဦးစီးမှူး ဒေါ်ခင်မြတ်ကြူ၏ လုပ်ငန်းခွင်ပြင်ပ ထိခိုက်ဒဏ်ရာရရှိခြင်းကြောင့် အမြဲတမ်းမသန်စွမ်းမှု အကျိုးခံစားခွင့်(ငွေလုံးငွေရင်း)ထုတ်ပေးခြင်းအခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ရုံးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်းကို ရှင်းလင်းဆွေးနွေးပြီး မြန်အောင်မြို့နယ် လူမှုဖူလုံရေးရုံးမှ အာမခံအလုပ်သမား ဒုတိယဦးစီးမှူး ဒေါ်ခင်မြတ်ကြူသည် ၂၀၂၂ ခုနှစ် ဩဂုတ် ၈ ရက် မွန်းလွဲ ၁ နာရီတွင် လုပ်ငန်းခွင်ပြင်ပ ထိခိုက်ဒဏ်ရာရရှိမှုကြောင့် အမြဲတမ်းမသန်စွမ်းမှုအကျိုးခံစားခွင့် ခွင့်ပြုငွေကျပ် ၉၅၂၅၆၀၀ ကို ကာယကံရှင် ဒေါ်ခင်မြတ်ကြူ လက်ဝယ်သို့ တာဝန်ရှိသူများရှေ့မှောက်တွင် ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# စစ်ကိုရှောင်လွှဲ၍မရသည့်တိုင် အဘယ့်ကြောင့် စစ်တိုက်နေကြသလဲ

တင်ဇာ (IR)

**စစ်ပွဲဟူသည် နိုင်ငံများအကြား သို့တည်းမဟုတ် နိုင်ငံအတွင်း ဖြစ်ပွားသော လက်နက်ကိုင်ပဋိပက္ခတစ်ခုဖြစ်ပြီး နိုင်ငံရေးအသိုင်းအဝိုင်းများ၊ လူမျိုးစုများ၊ ဘာသာရေးအုပ်စုများ၊ အယူဝါဒဆိုင်ရာ လှုပ်ရှားမှုများ၊ အကြမ်းဖက်အဖွဲ့အစည်းများ၊ မူးယစ်ဂိုဏ်းကြီးများနှင့် အခြားသောနိုင်ငံမဟုတ်သည့် ဇာတ်ဆောင်များ ပါဝင်ပတ်သက်နေတတ်ပါသည်။**



အစ္စရေး-ဟားမတ်စ်စစ်ပွဲအတွင်း အစ္စရေးတို့၏ လေကြောင်းတိုက်ခိုက်မှုကြောင့် အဆောက်အအုံများအကြား ပိမိနေသူအချို့ကို ရှာဖွေကယ်ထုတ်နေကြစဉ်။

နိုင်ငံများ၊ အဖွဲ့အစည်းများသည် စစ်ပွဲကို အကြောင်းပြချက်မျိုးစုံဖြင့် ဆင်နွှဲလေ့ရှိကြသည်။ ဆိုးကျိုးထက် အကျိုးအမြတ် ပိုများနိုင်သည်ဟု မြော်မြင်သည့်အခါနှင့် နှစ်ဖက်ညှိနှိုင်းမရသည့်အခြေအနေမျိုးတို့တွင် စစ်ပွဲဆီသို့ ဦးတည်လေ့ရှိကြသည်။ အသုံးပြုသည့် စစ်လက်နက်များအရလည်း သမားရိုးကျ စစ်ပွဲ၊ သမားရိုးကျမဟုတ်သော စစ်ပွဲများဟူ၍ ခွဲခြားသတ်မှတ်နိုင်ပါသည်။ ကန့်သတ်စစ်ပွဲနှင့် အလုံးစုံစစ်ပွဲတို့အကြား ကွာခြားချက်ကိုမူ စစ်၏ အတိုင်းအတာ၊ ပါဝင်ဆင်နွှဲသူတို့၏ ရည်မှန်းချက်များကိုကြည့်၍ မြင်သာနိုင်ပြီး အရပ်သား၊ ရန်သူနှင့် စီးပွားရေးအဆောက်အအုံများအပေါ် ပစ်မှတ်ထားသည့် ပမာဏအပေါ်ကြည့်၍လည်း ဆုံးဖြတ်ကြပါသည်။

စစ်ကိုဦးတည်စေသည့် အကြောင်းအချက်များမှာ အမြဲလိုလိုရှုပ်ထွေးနေပြီး ဖြစ်ရပ်များစွာအပေါ် မှီတည်နေတတ်ပါသည်။ အထူးသဖြင့် ယနေ့ခေတ်တွင် နယ်နိမိတ် အငြင်းပွားမှုများ၊ ရန်သူအား ကြိုတင်ခုခံ တိုက်ခိုက်ခြင်းများနှင့် လက်တုံ့ပြန်တိုက်ခိုက်ခြင်းများက စစ်ပွဲများဖြစ်ပေါ်စေရန် လှုံ့ဆော်ပေးသည့် အရာများဖြစ်လာပါသည်။ Just War သီအိုရီအရ နိုင်ငံများအကြား စစ်ဆင်နွှဲရာတွင် အာဏာပိုင်အစိုးရက တရားဝင်ကြေညာသင့်ကြောင်း ဖော်ပြထားပါသည်။ နိုင်ငံအတွင်းဖြစ်ပွားသော ပဋိပက္ခများ၊ ပြည်တွင်းစစ်များတွင်မူ စစ်ကြေညာလေ့မရှိတတ်ပါ။ ကြမ်းတမ်းသောစစ်၏ သဘောသဘာဝနှင့် နောက်ဆက်တွဲဆိုးကျိုးများကြောင့် စစ်ပွဲကိုရှောင်လွှဲ၍ ရနိုင်မလား၊ သို့မဟုတ် စစ်မက်ကင်းစင်သည့် ငြိမ်းချမ်းသော ကမ္ဘာကြီးကို တည်ဆောက်နိုင်ပါမလားဆိုသည့် မေးခွန်းများက ယနေ့ခေတ်တိုင်အောင် ကြိုးစားအဖြေရှာနေရဆဲ ဖြစ်ပါသည်။

ဂျာမန်စစ်ရေးပါရဂူ ကားလ်ဗွန်းကလော့စ်ဝစ် (Carl Von Clausewitz) ၏ "စစ်ပွဲဟူသည် နိုင်ငံရေးပြဿနာများကို အခြားသောနည်းလမ်းဖြင့် ဖြေရှင်းခြင်းဖြစ်သည်" ဆိုသော အယူအဆကို ၁၈ ရာစုလောက်ကတည်းက နိုင်ငံရေးသမားအများစု လက်ခံခဲ့ကြပါသည်။ သို့သော် မဟတ္တမဂန္ဒီနှင့် မာတင်လူသာကင်းကဲ့သို့ ခေါင်းဆောင်များကမူ လက်နက်မလိုဘဲ ငြိမ်းချမ်းစွာ အဖြေရှာခြင်းဖြင့် နိုင်ငံရေးအကျိုးအမြတ်ရအောင် ဖန်တီးနိုင်ခဲ့ကြောင်း သက်သေပြခဲ့ကြဖူးသည်။ သို့ရာတွင်မူ ယနေ့ခေတ်တွင် တစ်နိုင်ငံချင်းအလိုက် ပြဿနာများကို ငြိမ်းချမ်းသောနည်းဖြင့် မဟုတ်တော့ဘဲ စစ်ရေးနည်းလမ်းအရသာ ဖြေရှင်းနေကြပြီး စစ်ပွဲ၏အဆုံးသတ်မှာ စစ်ပွဲများကိုသာ ဆင့်ကဲဆင့်ကဲ တွေ့မြင်နေရပါတော့သည်။

စစ်အေးတိုက်ပွဲသည် ငြိမ်းချမ်းသော ကမ္ဘာ့အခင်းအကျင်းသစ်ကို မွေးဖွားပေးနိုင်ခဲ့သည့် စစ်ပွဲတစ်ခုအဖြစ် အများက အသိအမှတ်ပြုခဲ့ကြသည်။ စစ်အေးခေတ်လွန် ကမ္ဘာကြီးတွင် လစ်ဘရယ်ဝါဒ ကျယ်ကျယ်ပြန့်ပြန့် ထွန်းကားလာခြင်းနှင့်အတူ အကြမ်းဖက်မှု နည်းသော သာယာဝပြောသည့် ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးနိုင်ခဲ့သည်ဟု ယူဆကြသည်။ ဒီမိုကရေစီကို မြှင့်တင်လာခြင်း၊ နိုင်ငံစုံပါဝင်သည့် အင်စတီကျူးရှင်းများ တိုးပွားလာခြင်းနှင့်အတူ လက်နက်များကို ထိန်းချုပ်ကန့်သတ်လာခြင်းများကြောင့် စစ်ရေးစစ်ရာ ကဏ္ဍနည်းပါးသွားမည်ဟု ပညာရှင်အချို့က ခန့်မှန်းခဲ့ကြသည်။ သို့သော် ၂၁ ရာစုသည် မျှော်မှန်းသည့်အတိုင်း အလွန့်အလွန် ငြိမ်းချမ်းသည့်ခေတ်တစ်ခု ဖြစ်မလာသေးပါ။

သို့သော် စစ်၏သဘောသဘာဝများကား သိသိသာသာ ပြောင်းလဲလာခဲ့သည်ကို အံ့ဖွယ်မြင်တွေ့နေရပါသည်။ စာရေးသူအနေဖြင့် ခေတ်စနစ်မည်မျှပင် ပြောင်းလဲစေကာမူ စစ်ပွဲများကို လူမှုရေးသိပ္ပံပညာရှင် Hans Speier (၁၉၄၁) ၏ ရှုထောင့်မှနေ၍ အကြွင်းမဲ့စစ်ပွဲ (Absolute War)၊ အကျိုးစီးပွားရေးရှုစစ်ပွဲ (Instrumental War) နှင့် အမှန်တရားရှာဖွေစစ်ပွဲ (Agnostic War)ဟူ၍ သုံးမျိုး ခွဲခြားသုံးသပ်ပြလိုပါသည်။ မည်သို့ပင်ဖြစ်စေ ရည်မှန်းချက်ကား အတူတူပင်။ အမြစ်ပြတ်ချေမှုန်းခြင်း၊ အကျိုးအမြတ် ရယူခြင်း၊ ဂုဏ်သိက္ခာနှင့် တရားမျှတမှုတို့အတွက် တိုက်ခိုက်ကြခြင်းပင် ဖြစ်သည်။

## အမြစ်ဖြတ်ချေမှုန်းခြင်းနှင့်အတူ အကြွင်းမဲ့စစ်ပွဲများ

အကြွင်းမဲ့စစ်ပွဲဟူသည် အမြစ်ဖြတ်သုတ်သင်ရှင်းလင်းရန် ရည်ရွယ်ချက်ဖြင့် တိုက်ကြသည့် စစ်ပွဲဖြစ်သည်။ ၎င်းစစ်ပွဲများတွင် ပါဝင်ပတ်သက်သူများသည် လူ့အဖွဲ့အစည်းတစ်ခုလုံးကို အန္တရာယ်ပေးမည့် အနေအထားတွင်ရှိနေပြီး စစ်၏ စည်းမျဉ်းများကိုလည်း လေးစားလိုက်နာခြင်းမရှိတော့ချေ။ ယဉ်ကျေးသည့် လူ့အသိုင်းအဝိုင်းနှင့် မလျော်ဖီဆန်သည့် ကျင့်ဝတ်များကြောင့် စစ်ပွဲအတွင်း အပြန်အလှန်တာဝန်ယူမှု၊ တာဝန်ခံမှုဆိုသည်ကို မတွေ့ရတော့ဘဲ အလုံးစုံသည် အကြမ်းဖက်မှုများသာ ဖုံးလွှမ်းနေတော့သည်။ သမိုင်းတွင် ထိုသို့သော စစ်ပွဲများကို အလယ်ခေတ်က ခရူးဆိတ်စစ်ပွဲများတွင် တွေ့မြင်နိုင်သည်။

၂၀ ရာစုကို လူမျိုးတုံးသတ်ဖြတ်သည့် ခေတ်ဟုပင် တင်စားရမည့်အနေအထားဖြစ်ပြီး ယင်းကာလအတွင်း ဖြစ်ပွားခဲ့သော စစ်ပွဲများ၏ ရည်ရွယ်ချက်သည် အမြစ်ဖြတ် ရှင်းလင်းရေးကိုသာ ဦးတည်နေကြောင်း တွေ့မြင်ခဲ့ရသည်။ အယ်လ်ဂျီးရီးယားတွင် အစ္စလာမ္မစ်တို့၏ဆူပူမှု (၁၉၉၁-၂၀၀၂)၊ ဘော့စနီးယားဟာဇာဂိုဗီးနားစစ်ပွဲ (၁၉၉၂-၁၉၉၅)၊ ဒုတိယကွန်ဂိုစစ်ပွဲ (၁၉၉၈-၂၀၀၃) တို့သည် အသေအကျေများစွာဖြင့် ၂၀ ရာစု၏ လူမျိုးတုံးစစ်ပွဲသဘောကို ထင်ဟပ်ပြသနေသည်။

ထို့နောက် စစ်အေးတိုက်ပွဲအပြီး အရင်းရှင်နှင့် ကွန်မြူနစ်စနစ်အကြား ပြိုင်ဆိုင်မှုများ ပျောက်ကွယ်သွားသည့်အခါ ဘာသာရေး၊ လူမျိုးရေးနှင့် ဆက်နွှယ်သည့် စစ်ပွဲများက ခေတ်စားလာပြန်ပါသည်။ ယင်းအပြောင်းအလဲများကပင် ခေတ်သစ်စစ်ပွဲများကို ဖြစ်ပွားစေရန် မီးစများဖြစ်လာခဲ့သည်ကို တွေ့ရသည်။ သို့သော် နိုင်ငံတကာ အဖွဲ့အစည်းများက လူသားမျိုးနွယ်စုအား ခြိမ်းခြောက်သည့် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများကို ဝင်ရောက်စွက်ဖက်ခြင်းဖြင့် တားဆီးကြသည်။ သို့သော် ထိုကဲ့သို့ ပြင်ပကြားဝင်စွက်ဖက်မှုများက ပဋိပက္ခကို မပြီးနိုင်မစီးနိုင် ပိုမိုကြာရှည်ကျယ်ပြန့်သွားစေပြီး ငြိမ်းချမ်းရေးထက် တဖြည်းဖြည်းသုတ်သင်ရှင်းလင်းရေးဆီသို့သာ ဦးတည်လာခဲ့သည်ကို တွေ့ရပြန်သည်။

**❝ ယနေ့ ခေတ်သစ်စစ်ပွဲများတွင် နိုင်ငံများအပြင် နိုင်ငံမဟုတ်သော ဇာတ်ဆောင်များပါ ပါဝင်တိုက်ခိုက်လာကြပြီး ရန်သူ့နယ်မြေများအပေါ် လွှမ်းမိုးကွပ်ကဲနိုင်ရေးအတွက် အရပ်သားပြည်သူများကိုပါ တိုက်ရိုက်တိုက်ခိုက်လာကြကြောင်း တွေ့ရပြန်သည်။ ခေတ်သစ်စစ်ပွဲများဖြစ်သည့်အားလျော်စွာ ဘက်စုံနည်းပညာမြင့် တိုက်ခိုက်ရေးစနစ်များကို အသုံးပြုလာကြသည်။ သာဓကပြရမည်ဆိုလျှင် ယနေ့ဖြစ်ပွားနေသော အစ္စရေး-ဟားမတ်စ်စစ်ပွဲအတွင်း အစ္စရေးတို့၏ လေကြောင်းနှင့် မြေပြင်မှ ပြင်းထန်သောထိုးစစ်များကြောင့် ဂါဇာကမ်းမြောင်နေ လူပေါင်း ၁၈၆၀၀ ကျော် သေဆုံးခဲ့ပြီး ၂ ဒသမ ၃ သန်းခန့် အိုးမဲ့အိမ်မဲ့ဖြစ်နေရသည်။ ဂါဇာလို လူဦးရေ ၇၇၈၁၈၇ နေထိုင်သောနေရာကို နှစ်လတာကာလအတွင်း ဤမျှ ကြမ်းကြမ်းတမ်းတမ်းစစ်ထိုးခြင်းသည် လက်တုံ့ပြန်ခြင်းကိုကျော်လွန်နေပြီး အမြစ်ဖြတ်သုတ်သင်ခြင်းကို ဦးတည်နေပြီလားဟူသည်မှာ .... ❞**

ယနေ့ ခေတ်သစ်စစ်ပွဲများတွင် နိုင်ငံများအပြင် နိုင်ငံမဟုတ်သော ဇာတ်ဆောင်များပါ ပါဝင်တိုက်ခိုက်လာကြပြီး ရန်သူ့နယ်မြေများအပေါ် လွှမ်းမိုး ကွပ်ကဲနိုင်ရေးအတွက် အရပ်သားပြည်သူများကိုပါ တိုက်ရိုက်တိုက်ခိုက်လာကြကြောင်း တွေ့ရပြန်သည်။ ခေတ်သစ်စစ်ပွဲများဖြစ်သည့် အားလျော်စွာ ဘက်စုံနည်းပညာမြင့် တိုက်ခိုက်ရေးစနစ်များကို အသုံးပြုလာကြသည်။ သာဓကပြရမည်ဆိုလျှင် ယနေ့ဖြစ်ပွားနေသော အစ္စရေး-ဟားမတ်စ်စစ်ပွဲအတွင်း အစ္စရေးတို့၏ လေကြောင်းနှင့် မြေပြင်မှ ပြင်းထန်သော ထိုးစစ်များကြောင့် ဂါဇာကမ်းမြောင်နေ လူပေါင်း ၁၈၆၀၀ ကျော် သေဆုံးခဲ့ပြီး ၂ ဒသမ ၃ သန်းခန့် အိုးမဲ့အိမ်မဲ့ဖြစ်နေရသည်။ ဂါဇာလို လူဦးရေ ၇၇၈၁၈၇ နေထိုင်သောနေရာကို နှစ်လတာ ကာလအတွင်း ဤမျှကြမ်းကြမ်းတမ်းတမ်း စစ်ထိုးခြင်းသည် လက်တုံ့ပြန်ခြင်းကို ကျော်လွန်နေပြီး အမြစ်ဖြတ်သုတ်သင်ခြင်းကို ဦးတည်နေပြီလားဟူသည်မှာ သံသယဖြစ်ဖွယ် ရှိနေပါသည်။

သို့ဖြစ်၍ အနာဂတ်ကာလတွင် နျူကလီးယား၊ ဒုံးကျည်စနစ်များ အပါအဝင် နည်းပညာမြင့် လက်နက်များ သုံးစွဲလာသည်နှင့်အမျှ စစ်အတွင်း သေကျေပျက်စီးမှု၊ အဖျက်စွမ်းအားကြီးမှုများကိုဖြစ်စေသည့် စစ်ပွဲပုံစံများ၊ စစ်ဆင်နွှဲသည့် ဇာတ်ကောင်စရိုက်များ ပြောင်းလဲသွားပြီး လူမျိုးတုံးရေး ရည်မှန်းချက်ဖြင့် ဆင်နွှဲသည့် စစ်ပွဲများ အသွင် ပိုမိုမြင်တွေ့ဖွယ်ရှိသလို တစ်ဖက်ကလည်း အရပ်သားတံတိုင်းလုပ်၍ ခုခံသည့်အနေအထားမျိုး ရှိလာသည့်အခါ ယင်းတို့သည်လည်း လူမျိုးတုံးရေးကို ဦးတည်သည့် လုပ်ရပ်များဖြစ်ပါကြောင်း အခိုင်အမာညွှန်းဆိုချင်ပါသည်။

## အကျိုးစီးပွားအတွက် စစ်ဖြစ်ကြရာဝယ်

ဒုတိယအမျိုးအစားစစ်ပွဲမှာ အကျိုးစီးပွားအတွက် စည်းမျဉ်းများကို ချိုးဖောက်သည့် စစ်ပွဲများပင်ဖြစ်သည်။

စာမျက်နှာ ၁၉ သို့ ❂



# (၇၆)နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၂၃

(၇၆)နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များက ယနေ့တွင် ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၁၀၀ အား ပေးအပ်လှူဒါန်းရာ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာအား ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❂ စာမျက်နှာ ၁၈ မှ

ထိုသို့သော စစ်ပွဲများသည် လုယက်မှုနှင့် ဆင်တူနေပြီး စစ်ပွဲတွင် အောင်နိုင်သူများသည် မဟာဗျူဟာကျအကျိုးအမြတ်အတွက် တိုက်ခိုက်သတ်ဖြတ်ခြင်းများကို ဆောင်ရွက်လေ့ရှိသည်။ အနောက်နိုင်ငံများ ဆင်နွှဲခဲ့သော ကိုလိုနီစစ်ပွဲများသည် အကျိုးစီးပွားရေးရှုစစ်ပွဲ၏ သာဓကများပင် ဖြစ်သည်။ ကိုလိုနီစစ်ပွဲများဖြစ်သည့် အားလျော်စွာ ကိုလိုနီ လက်အောက်ခံနိုင်ငံများ၏ သယံဇာတများ၊ ကုန်သွယ်ရေးလမ်းကြောင်းများကို ထိန်းချုပ်၍ အကျိုးအမြတ်များ ဖန်တီးခဲ့ကြသည်။ ထို့ကြောင့် အကျိုးစီးပွား ရေးရှုစစ်ပွဲများတွင် နယ်မြေပိုင်နက်၏ လွှမ်းမိုးမှုက ကြီးမားခဲ့ပြီး ၁၈၁၆ ခုနှစ်မှ ၁၉၉၇ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သော နိုင်ငံချင်းစစ်ပွဲ ၇၉ ခုအနက် ၄၃ ခုသည် နယ်နိမိတ်ကြောင့်ဖြစ်ကြောင်း (Correlates of War-COW)၏ အချက်အလက်များက သက်သေပြနေသည်။

စစ်အေးတိုက်ပွဲပြီး နောက်တွင်လည်း တည်ရှိပြီးသား နိုင်ငံနယ်နိမိတ်ကို ဆက်လက် ထိန်းသိမ်းထားနိုင်ရေးက နယ်မြေပိုင်နက်၏ အရေးပါမှုကို ထင်ဟပ်ပြနေဆဲ ဖြစ်ပါသည်။ ထိုနယ်နိမိတ်များကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာဥပဒေများ ပေါ်ပေါက်လာခြင်းက နိုင်ငံများအတွက် အခွင့်အလမ်းတစ်ခုဖြစ်လာသလို အခြားနိုင်ငံများ၏ ကျူးကျော်တိုက်ခိုက်ခြင်းရန်မှလည်း အနည်းနှင့်အများဆိုသလို ရှောင်လွှဲလာနိုင်ကြသည်။ သို့သော် ကက်ရှ်မီးယား၊ အစ္စရေး-ပါလက်စတိုင်းမှသည် တောင်တရုတ်ပင်လယ်အရေးကဲ့သို့ နယ်နိမိတ်အငြင်းပွားမှုပြဿနာများကား ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည်။

အစ္စရေး-ပါလက်စတိုင်း ပဋိပက္ခသည် ကမ္ဘာ့အရှည်ကြာဆုံး ပြဿနာဖြစ်ပြီး နယ်မြေပိုင်နက် အငြင်းပွားခြင်းက ထိုပဋိပက္ခ၏ ရင်းမြစ်ဖြစ်ကြောင်း အားလုံးသိရှိပြီးဖြစ်မည်။ ကုလသမဂ္ဂက နှစ်ဖက်အကြား နယ်မြေခွဲဝေရန် အဆိုပြုချက် အောင်မြင်မှုမရှိခဲ့ပြီး နောက်ပိုင်း ပတ်ဝန်းကျင် အာရပ်နိုင်ငံများနှင့် အစ္စရေးအကြား စစ်ပွဲများ တရစပ်ဖြစ်ပွားခဲ့ကာ ယနေ့ထိတိုင် လူအသေအပျောက်များစွာဖြင့် ငြိမ်းချမ်းရေးနှင့် အလှမ်းဝေးနေဆဲဖြစ်သည်ကို တွေ့ရသည်။

ယနေ့ခေတ်တွင်မူ လူဦးရေနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ သယံဇာတ လိုအပ်ချက်များ ရှိလာခြင်းကြောင့် စစ်ပွဲများဆင်နွှဲလာခဲ့ပါသည်။ ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှုသည် သဘာဝသယံဇာတများအပေါ် ဆိုးကျိုးများ သက်ရောက်လာစေပြီး ရောဂါများ ပျံ့နှံ့စေခြင်းကို ဦးတည်စေသလို အစုလိုက်အပြုံလိုက် ရွှေ့ပြောင်းခြင်းက ပဋိပက္ခများကို လှုံ့ဆော်လျက်ရှိနေသည်။ သယံဇာတ ပေါ်များခြင်းသည် ပဋိပက္ခများကို ပိုမိုလှုံ့ဆော်ပေးပြီး ဥပမာအနေဖြင့် တောင်ဆူဒန်နှင့် မြောက်ဆူဒန်တို့၏ ရေနံပဋိပက္ခကို တွေ့မြင်နိုင်ပေသည်။ ခေတ်သစ် အမျိုးသားရေး လှုပ်ရှားမှုအချို့သည် နယ်နိမိတ်၊ လူမျိုးစုနှင့် သရုပ်သကန်နိုင်ငံရေးတို့နှင့် ဆက်နွှယ်လျက်ရှိနေသောကြောင့် နိုင်ငံချင်းဖြစ်ပွားသည့်စစ်ပွဲများ (Interstate War) ထက် နိုင်ငံတွင်း ဖြစ်ပွားသော စစ်ပွဲများ (Intrastate War)ကို ပိုမိုမြင်တွေ့လာရသည်။

မိမိတို့နိုင်ငံတွင် လွတ်လပ်ရေးရပြီးကတည်းက ဖြစ်ပွားနေသော ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများသည်လည်း အကျိုးစီးပွား ရေးရှုစစ်ပွဲအသွင်ပင် ဖြစ်ပါသည်။ လက်နက်ကိုင်များသည် သယံဇာတပေါ်များသော ဒေသများကို လက်ဝါးကြီးအုပ်လိုသောကြောင့် လူမျိုးရေးအကြောင်းပြချက် ခေါင်းစဉ်သုံးကာ နှစ်ရှည်လများ အစိုးရနှင့် တိုက်ပွဲများ ဆင်နွှဲလျက်ရှိနေပါသည်။ ထို့ကြောင့် နိုင်ငံများ သို့မဟုတ် နိုင်ငံအတွင်း အကျိုးအမြတ်ရည်မှန်းချက်ဖြင့် တိုက်ကြသည့် အကျိုးစီးပွားရေးရှုစစ်ပွဲများသည် ယနေ့ခေတ်တွင် ပြည်တွင်းပဋိပက္ခများအသွင်ဖြင့် ဆက်လက်ထွန်းကားလျက်ရှိနေမည်သာဖြစ်ကြောင်း မှတ်ချက်ပြုလိုပါသည်။

## ဂုဏ်သိက္ခာနှင့် တရားမျှတမှုအတွက် တိုက်ကြရာဝယ်

နောက်ဆုံး အမျိုးအစားဖြစ်သည့် အမှန်တရားဖွေရှာ စစ်ပွဲများတွင် စည်းမျဉ်းစည်းကမ်းများကို အတတ်နိုင်ဆုံး လေးစားလိုက်နာကြသည့်အတွက် စစ်အောင်နိုင်ခြင်းသည် ဂုဏ်သိက္ခာနှင့် တရားမျှတမှုကို အခြေခံနေကြောင်း တွေ့ရှိရသည်။ ယင်းတို့မှာ ပြည်တွင်း သို့မဟုတ် နိုင်ငံအချင်းချင်းကြား ဖြစ်ပွားခဲ့သော အချို့ပဋိပက္ခများအတွင်း အမျိုးသားရေးဂုဏ်သိက္ခာ၊ စံတန်ဖိုး၊ အမျိုးသားလုံခြုံရေး၊ နိုင်ငံ့လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရေးအတွက် ဆင်နွှဲခဲ့ကြသောစစ်ပွဲများဖြစ်ကြသည်။ ရောမအင်ပါယာ၊ ဗိုက်ကင်းများ၊ ဆာမူရိုင်းနှင့် ဇူးလူးတို့ကဲ့သို့ သမိုင်းဝင်အဖွဲ့အစည်းများသည် ၎င်းတို့၏ ဂုဏ်သိက္ခာအတွက် တိုက်ခိုက်ခဲ့ကြဖူးသည်။

ယနေ့ခေတ်တွင်မူ ဖွံ့ဖြိုးပြီးနိုင်ငံများ၌ အမျိုးသားရေးဝါဒ၊ နယ်မြေရလိုမှု၊ ဂုဏ်သိက္ခာတို့အတွက် တိုက်ခိုက်သည့် စစ်ပွဲများမှာ ခေတ်နောက်ကျသွားပြီဖြစ်သည်။ သို့သော် အင်အားကြီးနိုင်ငံများသည် နိုင်ငံတကာ အခင်းအကျင်းအတွင်း ၎င်းတို့၏ တည်ရှိမှုနှင့် ဂုဏ်သိက္ခာကို ထိန်းသိမ်းရန်အကြောင်းပြပြီး စစ်ပွဲများအတွင်း ဝင်ရောက်လေ့ရှိတတ်ကြသည်ကို လေ့လာမိသည်။ ဥပမာ-ဗြိတိသျှတို့သည် ၎င်းတို့၏ အချုပ်အခြာအာဏာကို ပြန်လည်တည်ဆောက်ရန် အကြောင်းပြ၍ အာဂျင်တီးနားနှင့်ဖြစ်ခဲ့သည့် ဖောက်ကလန်စစ်ပွဲ (၁၉၈၂)။ ထိုစဉ်က ဗြိတိသျှသည် ဆူးအက်တူးမြောင်းပြဿနာ (၁၉၅၆) တွင် အရေးနိမ့်ခဲ့သည်ကို ကာမိရန် ဖောက်ကလန်စစ်ပွဲတွင် အောင်နိုင်ခဲ့ခြင်းကြောင့် ၎င်း၏ ဂုဏ်သိက္ခာကို ပြန်အဖတ်ဆယ်ခဲ့သည်ဟုဆိုသည်။

၂၁ ရာစု စစ်အေးလွန်ခေတ်တွင် အင်အားကြီးနိုင်ငံများသည် ငြိမ်းချမ်းရေး ထိန်းသိမ်းရန် အကြောင်းပြပြီး စစ်ဆင်ရေးများစွာကို ပြုလုပ်လာကြသည့်အလျောက် စစ်ကို တရားဝင်လက်နက်အဖြစ် ရွေးချယ်လာကြသည်ကို တွေ့ရသည်။ ဥပမာ-၂၀၀၁ ခုနှစ် အမေရိကန်သမ္မတ ဘုရှ်လက်ထက် အကြမ်းဖက်နှိမ်နင်းရေး စစ်ဆင်နွှဲခြင်း (War on Terror) ခေါင်းစဉ်ဖြင့် အာဖဂန်၊ အီရတ်နှင့် အရှေ့အလယ်ပိုင်းနိုင်ငံအချို့ကို တိုက်ခိုက်ခြင်းသည် ကမ္ဘာကြီးငြိမ်းချမ်းဖို့ဟူသော ခေါင်းစဉ်ကိုသုံးပြီး စစ်ကို တရားဝင်ဆင်နွှဲခဲ့ခြင်း ဖြစ်သည်။ ဤသို့ဖြင့် အကြမ်းဖက်တိုက်ဖျက်ရေး တံဆိပ်ခတ်ပြီး နိုင်ငံများကို ကျူးကျော်တိုက်ခိုက်သိမ်းပိုက်ခြင်းသည် အမေရိကန်အတွက် တရားမျှတသော အကြောင်းပြချက်တစ်ခု ဖြစ်စေခဲ့သည်။ ထို့ပြင် အကြမ်းဖက်ဝါဒအား တိုက်ဖျက်ရန်အတွက် သံတမန်နည်းအရ ရွေးချယ်စရာမရှိသော နောက်ဆုံးအားကိုးရာ စစ်ပွဲအဖြစ် ဖန်တီးတည်ဆောက်လာကြသည်။

စစ်နှင့် တရားမျှတမှုသည် ဝိသေသအရရော အနှစ်သာရအရပါ တူညီသည့်အရာများ မဟုတ်ပါ။ တရားမျှတမှုသည် ဤစကြဝဠာအတွင်း ကိုယ်ကျင့်တရားဆိုင်ရာ စနစ်အားလုံးကို လေးစားလိုက်နာခြင်းဖြစ်သည်။ စစ်ဟူသည်ကား အကျိုးစီးပွားအတွက် လူသားတို့၏ သေကျေပျက်စီးခြင်းနှင့် အရာဝတ္ထုများ ပျက်စီးဆုံးရှုံးခြင်းကဲ့သို့ အန္တရာယ်နှစ်မျိုးနှင့် သက်ဆိုင်နေပါသည်။

သို့ဖြစ်၍ အမေရိကန်တို့အနေဖြင့် “War on Terror” သည်သာ တရားမျှတခြင်းအတွက် တိုက်သည့်စစ်ဖြစ်ပါက လူ့အခွင့်အရေးဆိုင်ရာ ပြဋ္ဌာန်းချက်များကိုလည်း ဂွာတာနာမိုအကျဉ်းစခန်းနှင့် ယနေ့ အစ္စရေး-ဟားမတ်စ်စစ်ပွဲများတွင် အမေရိကန်တို့ ညီတူညီမျှ ကျင့်သုံးသင့်ပါသည်။ ယနေ့ခေတ်တွင် စစ်ပွဲကို ‘ရွံ့ရှာဖွယ်၊ ပညာမဲ့လုပ်ရပ် တစ်ခုသဖွယ်’ ရှုမြင်ကြသော်လည်း ‘မိမိကိုယ်ကို ခုခံကာကွယ်ခြင်း’ ဟူသော ခေါင်းစဉ်ဖြင့် စစ်ပွဲများကို အသက်သွင်းနေကြဦးမည်သာ ဖြစ်သည်။ ထို့ကြောင့် စစ်ပွဲတွင် ပါဝင်သည့် ဇာတ်ကောင်များ၊ စစ်ပွဲပုံစံများ ပြောင်းလဲလာသော်လည်း ဂုဏ်သိက္ခာနှင့် တရားမျှတခြင်းအတွက် ဟူသည့် ရည်ရွယ်ချက်ဖြင့် စစ်ကို ဦးတည်ကြခြင်းဖြင့် ယနေ့ခေတ်စစ်ပွဲများသည် တရားဝင်နေဦးမည်သာ ဖြစ်ပါသည်။

အချုပ်အားဖြင့် စစ်အေးကာလပြီးနောက် နိုင်ငံတကာအဖွဲ့အစည်းများ၊ လစ်ဘရယ် စံနှုန်းများနှင့်အတူ နိုင်ငံတကာ အခင်းအကျင်းသစ်တစ်ခုကို ပေါ်ပေါက်လာစေသော်လည်း စစ်နှင့် ၎င်း၏ အခြေခံရည်မှန်းချက်များကမူ ယနေ့ခေတ်တိုင်အောင် ရှင်သန်တည်ရှိနေဆဲဖြစ်ပါသည်။ စစ်သည် နိုင်ငံရေးပြဿနာများကို အဆုံးစွန်သော နည်းလမ်းဖြင့် ဖြေရှင်းခြင်းဖြစ်ရာ စစ်ဟူသည် လူသားတို့အတွက် အနိဋ္ဌာရုံများသာ ဖြစ်နေသည်ကိုမူ လျစ်လျူရှု၍ မရနိုင်ပါ။ စစ်သည် ရှောင်လွှဲလို့ရသည့် အရာမဟုတ်သည့်တိုင် စစ်ကို ဦးတည်မသွားစေဖို့ အချို့နိုင်ငံများ၊ အစိုးရများ၏ ငြိမ်းချမ်းရေး ကြိုးပမ်းအားထုတ်မှုများကိုမူ လက်ခံကြိုဆိုရမည်သာ ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

> **“ စစ်အေးကာလပြီးနောက် နိုင်ငံတကာအဖွဲ့အစည်းများ၊ လစ်ဘရယ် စံနှုန်းများနှင့်အတူ နိုင်ငံတကာ အခင်းအကျင်းသစ်တစ်ခုကို ပေါ်ပေါက်လာစေသော်လည်း စစ်နှင့် ၎င်း၏ အခြေခံရည်မှန်းချက်များကမူ ယနေ့ခေတ်တိုင်အောင် ရှင်သန်တည်ရှိနေဆဲဖြစ်ပါသည်။ စစ်သည် နိုင်ငံရေးပြဿနာများကို အဆုံးစွန်သောနည်းလမ်းဖြင့် ဖြေရှင်းခြင်းဖြစ်ရာ စစ်ဟူသည် လူသားတို့အတွက် အနိဋ္ဌာရုံများသာဖြစ်နေသည်ကိုမူ လျစ်လျူရှု၍မရနိုင်ပါ။ စစ်သည် ရှောင်လွှဲလို့ရသည့်အရာ မဟုတ်သည့်တိုင် စစ်ကို ဦးတည်မသွားစေဖို့ အချို့နိုင်ငံများ၊ အစိုးရများ၏ ငြိမ်းချမ်းရေးကြိုးပမ်းအားထုတ်မှုများကိုမူ လက်ခံကြိုဆိုရမည်သာ ”**

**The Objectives of War: Glory and Justice, Advantage or Annihilation? မှ မှီငြမ်းကိုးကားထားပါသည်။**

ဝတ္ထုတို

## ဆောင်းမာန်ဝင့်အောင် (တောင်ကြီး)

(၁)

“ဟေး ပြေးထားကွ”

“အားမလျှော့နဲ့”

“ပန်းတိုင်နီးနေပြီကွ”

“ပြေးထားကွ”

လမ်းဘေးဝဲယာဆီမှ ပရိသတ်များ၏ အော်ဟစ်အားပေးသံများက ကြောက်ခမန်း လိလိပင်။ ဒီဇင်ဘာနှင်းမှုန်တွေကို ထိုးဖောက်လို့ တောင်ပေါ်မြို့လေး၏ မြို့နယ်မာရသွန်ပြိုင်ပွဲကြီးက ဆောင်းအလှကို ပိုလို့သက်ဝင်စေသည်။ ဒီဇင်ဘာလ နောက်ဆုံးရက်တစ်ပတ်အတွင်း နှစ်စဉ်ကျင်းပခြင်းဖြစ်သည်။ ချမ်းအေးလွန်းသည့် အအေးဒဏ်ကိုအံတုလို့ ပြိုင်ပွဲဝင်များ၏ ပြေးလွှားလှုပ်ရှားမှုတွေက ကြည့်ရှုနေသူအပေါင်းကို စိတ်အားတက်ကြွစေသည်။ ချွေးတလုံးလုံးနှင့် အောင်မြင်မှုပန်းတိုင် လှမ်းဝင်နိုင်ဖို့ မိန်းလမ်းအတိုင်း ပြေးလွှားနေကြတော့သည်။

“မရပ်နဲ့ ပြေးထားကွ”

“ဟေး ရှိုး ဖြောင်း ဖြောင်း”

“နီးနေပြီကွ ပန်းဝင်တော့မယ်”

“အားတင်းထားကြ”

လက်ပန်းကျ မောပန်းနေသူများပင် ပရိသတ်၏ အားပေးသံကြောင့် အားအင်တွေပြည့်သွားသလို ခံစားရကာ အားသွန်ခွန်စိုက်ပြေးကြတော့သည်။ ဖွဲ့ကိုတစ်ယောက်ပြေးလွှားနေရင်း နာကျင်နေသည့် ခြေထောက်တွေကြောင့် မျက်နှာမဲ့သွားရသည်။ ဒါပေမဲ့ သူ့ပြေးနှုန်းကို မရပ်ပေ။ ခြေဗလာနှင့်ပြေးရသူမို့ ခြေထောက်တစ်ခုလုံး နာကျင်ကိုက်ခဲနေသည်။ တချို့နေရာတွေမှာ ပေါက်ပြဲနေပြီဟုထင်မိသည်။

သူ့ပြေးနှုန်းကတော့ မလျှော့ပေ။ သူထင်မိသည်။ မြို့တစ်ပတ်ပြေးရတာ ခုဆို တစ်ဝက်လောက်ရောက်ပြီဖြစ်သည်။ သူ့ရှေ့ ကိုက်အနည်းငယ်မှာ လေးငါးယောက်ရှိသည်။ သူ့နောက်မှ ပြေးလိုက်လာသည့် လူကဆယ်ယောက်ထက်မနည်းပေ။ ခန့်မှန်းမိသလောက် သူဆယ်ယောက်ထဲတော့ ပါနေပြီဖြစ်သည်။ သူ့ပြေးနှုန်းကို နည်းနည်းမြှင့်တင်ရင်း စိတ်အာရုံက အိမ်ကို သတိရလိုက်မိသည်။

(၂)


“ကျွန်မတို့ကို သနားပါဒေါ်စိန်ရယ် ငါးလစာကြီး ဘယ်လို လုပ်ပေးနိုင်မှာလဲ”

“သနားလို့ အိမ်လခကို နှစ်သောင်းပဲ ယူပေးတာလေ။တချို့ဆို လေးငါးသောင်း မကဘူးနော်။ ဒီခေတ်ထဲမှာ”

“ဟုတ်ပါတယ် ဒေါ်စိန်ရယ် ဒါပေမဲ့ ကျွန်မယောကျ်ား အလုပ်မလုပ်နိုင်တာ ဒေါ်စိန်သိပါတယ်။ ကိုထွန်းမောင်သာ အလုပ်လုပ်နိုင်ရင် ပေးနိုင်ပါတယ်”

“ဒေါ်စိန်လည်း ငွေလိုနေလို့ပါမခြက်ရယ်။ မြက်တို့ မပေးနိုင်ရင်တော့ လူသစ်ငှားရမှာပဲလေ”

“ဟုတ် ဒေါ်စိန် ကျွန်မ ကြိုးစားရှာပေးပါ့မယ်”




အမေ့စကားသံမှာ နောက်ပိုင်း အားပျော့သွားသလို တိမ်ဝင်သွားသည်ဟု ဖွဲ့ကိုထင်မိသည်။ မောင်နှမသုံးယောက် စာကျက်နေရင်း အိမ်ရှေ့ကအသံကို နားစွင့်နေမိသည်။ အဖေကတော့ လမ်းထိပ်ခဏထွက်သွားတာ ကြာပြီဖြစ်သည်။ ခြေတစ်ဖက်မသန်သူမို့ လမ်းထိပ်ရောက်ဖို့တောင် တော်တော်သွားရမည်ဖြစ်သည်။ အလတ်မက ခြောက်တန်း၊ အငယ်ကောင်က လေးတန်း၊သူက ရှစ်တန်းကျောင်းသားဖြစ်သည်။ လမ်းထိပ်မှာ အသုပ်ဆိုင်လေးဖွင့်ထားသည့် အမေ့ဝင်ငွေက သူတို့မိသားစုငါးယောက် ဝမ်းစာမနည်းရုန်းကန်နေရသည်။ လွန်ခဲ့သော ငါးလလောက်က ဆိုင်ကယ်ကယ်ရီဆွဲသည့်အဖေ မတော်တဆထိခိုက်ဒဏ်ရာရပြီး ခြေတစ်ဖက်တိမ်သွားခဲ့သည်။ ဆေးသေချာမကုနိုင်တော့ ရသည့်ဒဏ်ရာက ပုပ်လာကာ ပေါင်ရင်းမှပင်ဖြတ်ထုတ်လိုက်ရသည်။ ဒုက္ခိတဘဝကိုရောက်သွားသည့် အဖေ အလုပ်မရှိလေတော့ အလုံးစုံကိစ္စတို့သည်အမေ့အပေါ်စုပြုံကျလာတော့သည်။သူတို့မောင်နှမတွေက ကျောင်းတက်နေသူတွေမို့ အမေ့ကို ဘာမှမကူညီနိုင်ခဲ့ပေ။ သားအကြီးဆုံးဖြစ်သည့်သူ အမေ့ကိုကြည့်၍ သနားမိသည်။ ဒီဇင်ဘာစာမေးပွဲက နီးပြီဖြစ်၍ စာကျက်နေပေမယ့် သူ့စိတ်ထဲစာကျက်ရမှာ စိတ်မပါပေ။ အိမ်အတွက်သာ စိတ်ပူနေမိသည်။ မျက်နှာငယ်လေးနှင့် ထမင်းအိုးတည်နေသည့် အမေ့ကိုကြည့်ပြီး သနားမိသည်။

(၃)

ပြိုင်ပွဲ၏ သုံးချိုးနှစ်ချိုး ရောက်လာပြီ။ လူအတော်များများ အနောက်ဖက်မှာ ပြတ်ကျန်ခဲ့ပြီဖြစ်သည်။ စိတ်အားတင်းရင်းပြေးနေပေမယ့် သူ့ခြေထောက်တွေ မခံရပ်နိုင်လောက်အောင် နာကျင်နေသည်။ ချွေးတွေကို မသုတ်နိုင်ပဲ အားတင်းကာ ပြေးနေတော့သည်။ သူ့အရှေ့မှာ နှစ်ယောက်သာရှိတော့သည်။ သူက တတိယနေရာကို ရနေပြီဖြစ်သည်။ အကြိုဆိုင်ကယ်နှစ်စီးက သူ့ဘေးမှာ ကပ်လျက်ပါလာပြီဖြစ်သည်။

“ပြေးထားကွ”

“ကောင်လေးပြေးထား မရပ်နဲ့ အချိန် မလျှော့နဲ့”

“ပုံမှန်လေးပြေး”

“အားတင်းထားကွ”

အားပေးကြသည့်ပရိသတ် အသံတွေက ပို၍ကျယ်လောင်လာသည်။ လူတစ်ကိုယ်လုံး မောပန်းခြင်း၊ နွမ်းနယ်ခြင်းထက် အောင်ပွဲရဖို့အတွက်ကို စိတ်အားတင်းထားတာကြောင့် ပြေးနှုန်းကတော့ မလျှော့ပေ။ လျင်မြန်သော ခြေထောက်တွေက နာကျင်ခြင်းထက် ကိုယ်ရည်မှန်းထားသည့် အရာလေး ပျက်သွားမှာ စိုးရိမ်နေမိသည်။

“ငါကွာ သူများတွေလို ခြေထောက် အတုလေးတောင်မတပ်နိုင်ဘူး။ သေသွားတာကောင်းတယ်။ ငါလူပိုတစ်ယောက်ဖြစ်ပြီး မိသားစုကို ဒုက္ခပေးသလို ဖြစ်နေပြီကွာ”

အဖေအမြဲတမ်းပြောနေသည့် စကားလေးကို ကြားယောင်ပြီး ဖွဲ့ကို ရင်ထဲနစ်သွားရသည်။ ခံစားချက်ကို အံကြိတ်ကာ အပြေးအရှိန်ကိုသာ မြှင့်တင်လိုက်သည်။

“ပြေးထားကွ”

“ရောက်တော့မယ် မင်းရှေ့မှာ နှစ်ယောက်ပဲရှိတယ်။ ကောင်လေး ပြေးထား”

ဘေးဝဲယာက ပရိသတ်တွေ၏ အသံက သူ့ကို ပို၍အားတက်စေသည်။ သွေးတွေပါထွက်နေသည့် ခြေထောက်က သူ့အတွက် အသေးအဖွဲပင်ဖြစ်နေတော့သည်။

(၄)

ဒီဇင်ဘာလ စာမေးပွဲဖြေခါနီး ရှေ့နှစ်ရက်မှာ မြို့နယ်မာရသွန်အတွက် ကျောင်းသား ကျောင်းသူတွေ ပါဝင်နိုင်ကြောင်း ဆရာမကပြောသည်။ ဆုကြေးက ပထမငါးသိန်း၊ ဒုတိယသုံးသိန်း၊ တတိယတစ်သိန်း၊ နှစ်သိမ့်ဆု ခုနစ်ဆုအတွက် ငါးသောင်းပြောတော့ ဖွဲ့ကို မျက်လုံးတွေ အရောင်တောက်သွားတော့သည်။

“မိုက်တယ်ကွ ဆုကြေးက”

“ဟုတ်တယ်ရရင် ဖုန်းဝယ်ရမယ်”

“ငါက ဂိမ်းစက်ဝယ်မယ်ကွာ”

“ငါကတော့ အဝတ်အစားတွေ ဝယ်မယ်”

ဘေးက သူငယ်ချင်းတွေစကားကို ဖွဲ့ကို စိတ်မဝင်စားနိုင်တော့ပေ။ ပထမဆု ငါးသိန်းဆိုတာက ဖွဲ့ကိုစိတ်ထဲ အတွေးများစွာ ပွားနေတော့သည်။

“ဒုက္ခပါပဲ အိမ်လခငါးလစာ မပေးနိုင်ရင် ငါတို့လမ်းဘေးရောက်ပြီ။ ဒုက္ခတော့ များပါပြီလေ”

မျက်ရည်တွေ အပြည့်ဖြင့် ပြောနေသော အမေ့စကားသံ။

“ငါတော့ ဘဝဆုံးပါပြီ သေသွားတာ ကောင်းတယ်”

အဖေ့ဝမ်းနည်းမှုနှင့် ပြောလာသည့် စကားသံတွေက အထပ်ထပ်လာရိုက်ခတ်လာပြီမို့ ဖွဲ့ကို ဆရာမထံသွားကာ စာရင်းပေးလိုက်တော့သည်။ ကျောင်းတွင်း အပြေးပြိုင်ပွဲတွေမှာ ဆုတံဆိပ်တွေရရှိထားသည့် ဖွဲ့ကိုအတွက် အခက်အခဲသိပ်မရှိပေ။ ဒါပေမဲ့ တာတိုပြေးပွဲနှင့် မာရသွန်က ကွာခြားသည်။ အမောခံနိုင်မှ ရမည်ဟု ကာယဆရာက ပြောထားတော့ ညနေ မနက် အပြေးလေ့ကျင့်တော့သည်။ လက်ရွေးစင် အားကစားသမားတွေလည်း ပါမှာမို့ ဖွဲ့ကို ပိုကြိုးစားတော့သည်။

“ငါ့မှာ ဘွတ်ဖိနပ်မရှိလည်း ဘာဖြစ်လဲ။ ဒီအတိုင်းပဲ ပြေးမယ်ကွာ”

စိတ်အားတင်းကာ ရသည့်အချိန်လေးကို ကြိုတင်လေ့ကျင့်ခဲ့သဖြင့် ဖွဲ့ကို အမောခံနိုင်နေခြင်းဖြစ်သည်။

(၅)

လူတစ်ကိုယ်လုံးကို ရိုက်ခတ်လာသော ဆောင်းလေအေးက ဖွဲ့ကိုကို အမောပြေစေသည်။ လတ်ဆတ်လွန်းသည်ဟု ထင်မိသည်။ မြို့နယ်အားကစားကွင်းကြီးကို တစ်ပတ်ပတ်ရတော့မည် ဖြစ်သည်။ ဖွဲ့ကိုရှေ့မှာ ပထမ၊ ဒုတိယ ပြေးနေကြသည့် အပြေးသမားနှစ်ယောက်ကို မြင်နေရသည်။

နာကျင်နေသည့် ခြေထောက်ကို ဂရုမစိုက်တော့ဘဲ ပြေးနှုန်းကို ထပ်မြှင့်လိုက်တော့သည်။

“ပြေးထားကွ ကောင်လေး”

“ဖိနပ်တောင် မပါတော့ဘူး သွေးတွေထွက်နေတယ်”

“ဟုတ်ပ ကောင်လေးသနားပါတယ်”

“ပြေးထားကွ”

“ရှိုး ဖြောင်း ဖြောင်း”

တစ်ခဲနက် အားပေးနေကြသည့် ပရိသတ်၏အသံက အားကစားကွင်းတစ်ခုလုံး ဟိန်းထွက်နေသည်။ ပထမ၊ ဒုတိယ၊ တတိယ ရှေ့ဆင့်နောက်ဆင့်ရမည့် သူများ ဝင်လာပြီမို့ လက်ခုပ်သံတွေက မစဲတော့ပေ။ ကိုက်အနည်းငယ်သာ ကွာတော့တာမို့ အားပေးသံတွေက ပို၍ညံလာတော့သည်။

“ပြေးထားကွ”

“ပြေးထားဟေ့ ရောက်တော့မယ် ပန်းတိုင်ကို”

ပန်းဝင်သူများကို ကြိုမည့်သူများက အဆင်သင့်ပင်။ ပထမရမှုဖြစ်မည်ဟု ဆုံးဖြတ်ချက်ချထားတာမို့ ဖွဲ့ကို ပြေးနှုန်းကို အမြင့်ဆုံးတင်လိုက်သည်။

“ငါတို့မိသားစု အိမ်လခအတွက်”

“ငါ့အဖေ ခြေထောက်အတုလေး ဝယ်ပေးဖို့အတွက်”

“ငါ ငါ ပထမရမှုဖြစ်မယ်”

ရည်ရွယ်ချက် စိတ်ထဲထည့်လိုက်ရင်း လေ့အဟုန်ကိုဖြို့ခွင်းလို့ ရှေ့မှာပြေးနေသည့် အပြေးသမားနှစ်ယောက်ကို ကျော်ဖြတ်သွားတော့သည်။

“ဟေး နောက်ကကောင်လေး ပထမကွ”

“တော်လိုက်တာ”

“ရှိုး ဖြောင်း ဖြောင်း”

ဆီးကြိုပွေ့ဖက်ထားသည့် လူကြီးတစ်ယောက်၏ ရင်ခွင်ထဲမှာ ဖွဲ့ကို လဲကျသွားတော့သည်။

“ကောင်လေးကောင်လေးသတိထား”

“သား သား “

“မင်း ပထမကွ”

ဖွဲ့ကိုရင်ထဲ အတိုင်းမသိပျော်ရွှင်မှုကြောင့် မျက်ရည်တွေ စီးကျလာတော့သည်။ ဆောင်းမနက်ခင်းမို့ နှင်းတွေက မပျောက်သေးပေ။ နေရောင်တောင်မပေါ်သေးသည့် ကွင်းပြင်ထဲမှာ သူ့စိတ်ကို လျှော့ချလိုက်ကာ မြက်ခင်းပေါ်လှဲချလိုက်သည်။ သူ့မိသားစုအခက်အခဲတစ်ခုကို သူဖြေရှင်းနိုင်ပြီမို့ ပျော်နေမိသည်။ မိသားစုအတွက် ခဏသာအခက်အခဲကို ဖြေရှင်းပေးနိုင်ခဲ့ပြီဟု စိတ်ထဲကြုံးဝါးလိုက်သည်။ တဖွဲဖွဲကျဆင်းနေသည့် ငွေနှင်းမှုန်ကလေးတွေက သူ့ကို သက်သေလိုက်လို့ ပြောပေးပါလိမ့်မည်။ ။

## မေတ္တာပြည့်ဝ စိတ်ထားလှ

❍ ခေတ္တခဏ လူ့ပြည်ရွာ
နေထိုင်ကြသောခါ။
အေးချမ်းသာယာ ပျော်ရွှင်ရေး
ကိုယ်ချင်းစာနာပေး။

❍ မေတ္တာထွေးလို့ ရိုင်းပင်းကူ
လူသားဆန်သောလူ။
တန်းတူရည်တူ ဆက်ဆံမှ
စိတ်စွမ်းရည်လည်းလှ။

❍ စိတ်ထားပြည့်ဝ အတ္တနှင်
မာန်မာနမဝင်။
ချစ်ခင်သူလည်း လွန်ပေါများ
မွန်မြတ်တဲ့စိတ်ထား။

❍ လောကတရား ကောင်းကျိုးဆောင်
မြတ်သောဤလူ့ဘောင်။
မကောင်းမှုရှောင် ရှင်မဆုံး
ငြိမ်းချမ်းအစဉ် မေတ္တာသုံး
ဖြူစင်စိတ်နှလုံး။

စျာန်လေး(ပညာရေး)

## ကိုယ်စိတ်ကျန်းမာ လမ်းလျှောက်ပါ

- မနက်စောစော လေပြည်ဟာ
  အဆုတ်ကိုကျန်းမာ၊
  နှလုံးရောဂါ ကင်းစင်ရေး
  နေ့စဉ်လမ်းလျှောက်ပေး။
- လက်လေးလွှဲလို့ လျှောက်ကြမယ်
  စိတ်လက်ပေါ့ပါးတယ်၊
  ဦးနှောက်ကရယ် မှတ်ဉာဏ်များ
  မေ့လျော့မှုဟန့်တား။
- အရိုးဆစ်များ သန်မာစွာ
  နာတာရှည်ရောဂါ၊
  အိုမင်းခြင်းဌာ ကာကွယ်ပေး
  ကင်ဆာမဖြစ်ရေး။
- ဆီးချိုသွေးတိုး အန္တရာယ်
  လေဖြတ်ခြင်းကာကွယ်၊
  အစာခြေလွယ် ကိုယ်ခံအား
  ပြည့်ဝကာတိုးပွား။
- မိတ်ဆွေများနဲ့ ဆုံလို့သာ
  ရင်းနှီးခင်မင်စွာ၊
  ကိုယ်စိတ်ကျန်းမာ ရွှင်လန်းဖို့
  စောစောထလို့လမ်းလျှောက်စို့။

အောင်ကျော်ဦး(ပန်းသခင်)

## ဆောင်းဦးနိဒါန်း

- မြောက်ပြန်လေညင်း တသုန်သုန်
  ကြွေဆင်းငွေနှင်းမှုန်။
  ရနံ့သင်းထုံ သဇင်ပန်း
  ဖြူဖွေးပင်ထက်နန်း။
- လေးကျွန်းပတ်လွှမ်း မြူမင်းလွင်
  ဆောင်းလသည်ရင်ခွင်။
- တို့လယ်ယာပြင် စပါးခင်း
  သီးမှည့်ရွှေရောင်ဝင်း။
- မြူးပျော်နေခြင်း ကျေးငှက်တွေ
  သီကျူးတေးသံခြွေ။
- ထက်ဝဋ္ဋာဗွေ တိမ်အများ
  ကြည်လင်ရွှေ့ရွှေ့သွား။
- ဘုံထက်ဖျားက ကြွေဆင်းလာ
  ငွေနှင်းလွှန့်လူးကာ။
- နွေးနွေးခြည်မှာ ရွှေရည်လောင်း
  ထူးစွဟေမန်ဆောင်း။

ကလေးလေး(ဟသ်ာတ)

ဆောင်းပါး

# စာပေဖတ်ကာ အလှဆင်ပါ

■ ထက်အောင်လှူ(နံ့သာမြေ)

ပန်းချင်းတူပါသော်လည်း ပသာဒသာရှိပြီး မမွှေးမြသော၊ ရနံ့မလှိုင်သော ပေါက်ပန်း၊ စက္ကူပန်းတို့ပမာ မပြုအပ်မကျင့်အပ်ပါပေ။ ရနံ့လည်းကြွယ် ပသာဒလည်းထည်သော ပန်းတို့ပမာဖြစ်စေရေးအတွက် စာပေဟူသော သုတရသနှလုံးသားနှင့် ဘဝကို ပြုစုပျိုးထောင်ပါမှ ဂုဏ်ရည်တင့်ကာဖူးပွင့်လာသော အသီးအပွင့်တို့သည် လောကကို ကောင်းကျိုးပိုမိုစွမ်းဆောင်ပေးနိုင်ပေ၏။

သုတစာပေများသည် ဘဝ၏ပဲ့ထိန်းဦးသျှောင်ဖြစ်သကဲ့သို့ ရသစာပေများသည်လည်း နှလုံးသားအာဟာရအတွက် အဆီအနှစ်ကောင်းများဖြစ်ပေ၏။ ကိုယ်ခန္ဓာအတွက် ချိုချဉ်ဖန်စပ်ခါး အရသာစုံမျှမျှတတ စားသောက်ပေးပါမှ ပို၍အာဟာရပြည့်ဖြိုးသကဲ့သို့ သုတ၊ ရသ မျှတစွာ ရှာဖွေဝမ်းစာဖြည့်ပါမှ သန်စွမ်းကျန်းမာသော ဦးနှောက်အရည်အချင်းနှင့် အဖိုးထိုက်သော ဦးနှောက်ဖြစ်ပေမည်။

မွေးဖွားမှုနှင့်သေဆုံးမှုကြားကာလအချိန်လေးကို ဘဝဟုသတ်မှတ်ကြလေရာ ဘဝသည်တိုတောင်းလှပေသည်။ ထိုခဏကာလအတွင်း လုပ်ဆောင်ရမည့်အရာတို့မှာ များပြားပေစွ။ စားဝတ်နေရေးနှင့် ပညာလူမှုစီးပွားကြီးပွားရေးတို့လုပ်ဆောင်ရာ၌ အဆင်မပြေမှုအခက်အခဲများ လူတိုင်းရှိပေသည်မဟုတ်လော။ ထိုအရာများနောက် လိုက်ပါလုပ်ဆောင်ရင်းအတ္တ၏ မာယာကျော့ကွင်းအတွင်း သက်ဆင်းရသူများဒုနဲ့ဒေးပင်။ လူတို့၌ရှိကုန်သော ကိလေသာများသည် အကျယ်အားဖြင့် တစ်ထောင့်ငါးရာ၊ အလတ်အားဖြင့် ဆယ်ပါး၊ အကျဉ်းအားဖြင့်ချုံ့၍ပြောပါလျှင် သုံးပါး တွေ့ရပေသည်ဟု ဓမ္မပဒ၌ ဖော်ပြပါသည်။ ထိုသုံးပါးမှာ လိုချင်မှုလောဘ၊ အမျက်ထွက်မှုဒေါသနှင့် တွေဝေမှုမောဟဟူ၍ ညွှန်းဆို၏။ လူတို့သည် ထိုကိလေသာတို့နောက်လိုက်ရင်းဖြင့် "ဆင်သေကောင် နောက်လိုက်သော ကျီးပမာ" နောက်ဆုံး၌ လောကပင်လယ်ဝဲထဲ နစ်မွန်းနေသူများ လူ့ပတ်ဝန်းကျင်တွင် အများအပြားတွေ့ရပေ၏။ ထိုအခါ ဒုက္ခကြောင့် ဘဝတို့သည်မလှပမှုများဖြစ်ကြကုန်၏။

ဘဝမလှ၊ သမိုင်းမလှပပါလျှင် ရှင်သန်မှုများသည် အချည်းနှီးသာဖြစ်ကြောင်း နဖူးပေါ်လက်တင်ကာ ဆန်းစစ်သုံးသပ်သင့်ပေ၏။ တန်ဖိုးရှိသောဘဝ၊ အနှစ်သာရရှိသောဘဝဖြစ်စေကြောင်းသည် နှလုံးသားနူးညံ့သိမ်မွေ့ပါမှ အဖိုးတန်လူသားအဖြစ် သမိုင်းမှတ်ကျောက်ထိုးကာ လောကုတ်လောကီအတွက် ကောင်းမြတ်သော အကျိုးတရားရရှိပေမည်ဖြစ်သည်။ ထိုသို့ နှလုံးသားနူးညံ့သိမ်မွေ့ရန်ကား စာပေဟူသော အဖိုးတန်ပညာအလင်းဖြင့်သာ ဘဝကို ထိန်းကျောင်းနိုင်ပေ၏။ ထို့ကြောင့် မိမိဘဝကို စာပေဖတ်ကာ အလှဆင်နိုင်ကြပါရန် အောက်ပါအချက်များဖြင့် ရှင်သန်နေထိုင်နိုင်ကြောင်းတွေ့ရပေသည်။

(၁) အားလပ်ချိန်များတွင်စာဖတ်
(၂) သုတရသများနှင့်စီးပွားရှာ
(၃) အဓိပ္ပာယ်ရှိသောဘဝကိုတည်ဆောက်

### အားလပ်ချိန်များတွင်စာဖတ်

လူအများသည် တောင်သူ၊ ကုန်သည်၊ ဝန်ထမ်းလောကတို့၌ အလီလီကျင်လည်နေကြရပြီး အားလပ်သောအချိန်များကို မည်သို့မည်ပုံနေကြရမည်ကို မသိကြပါဘဲ ဆိုရှယ်မီဒီယာ၏ဆွဲဆောင်မှုအောက် အချိန်ကုန်နေကြပေ၏။ ဆိုရှယ်မီဒီယာတို့ဆွဲဆောင်မှုတို့ကြောင့် ဂိမ်း၊ အလှအပရေးရာ၊ လောင်းကစားအထွေထွေအပေါ် အာရုံကျလျက်နစ်မျောနေကြသည်။ "လူတစ်ယောက်၏ အနာဂတ်ကိုသိလိုလျှင် အားလပ်ချိန်များ မည်သို့မည်ပုံစီမံခန့်ခွဲသည်ကိုကြည့်ပါ" ဟုဆို၏။

ထို့ကြောင့်အားလပ်ချိန်များတွင် စာဖတ်သင့်ပေသည်။ "အချိန်နှင့်ဒီရေသည် လူကိုမစောင့်"ကြောင်းကို လျစ်လျူရှုမေ့မြောနေကြ၏။ ထိုအထဲ၌ ကျွန်တော်တို့မပါသင့်ပါပေ။ ဘဝအတွက်အဓိကျသော စီးပွားလူမှုပညာရေးဘက်တို့၌ အောင်မြင်သောလူဖြစ်ရေးပန်းတိုင်တစ်ခုရှိကာ ပြင်းပြသောဆန္ဒနှင့်သွားရန်လိုအပ်ပါပေသည်။ "အားလပ်သောအချိန်များကို စိန်ရွှေလိုတန်ဖိုးထား"ဆိုသကဲ့သို့ ဖြုန်းတီးမှုမပြုပါဘဲ ဘဝကိုစီမံခန့်ခွဲသင့်ပေသည်။ အားလပ်သောအချိန်များတွင် သုတရသများရရှိနိုင်သော စာကောင်းပေမွန်တို့ ဖတ်နေမှတ်နေသင့်ပေ၏။ စာပေဖတ်ရာ၌ လူတချို့မှာ အမြင်လွဲမှားစွာခံယူကြတတ်သည် "စာဖတ်တာ ဘာမှရတာမဟုတ်ဘူး" ဘာမှအကျိုးထူးမှာမဟုတ်ဟု ထင်မြင်တတ်ကြ၏။ ထိုသို့မဟုတ်ပါပေ၊ သုတစာကောင်းပေမွန်တို့ဖတ်သောအခါ သုတများတိုးပွားလာပြီး ရသစာပေတို့ဖတ်သောအခါ နှလုံးသားတို့ နူးညံ့လာစေသည်။ တချို့စာပေများသည် ယခုဖတ် ယခုအကျိုးမြတ်ရရှိကာ တချို့စာပေများတွင်မူ လိုအပ်သောအခါ ထုတ်နုတ်သုံးရန် ဦးနှောက်အတွင်း မှတ်ထားပြီး အချိန်အခါသင့်သောအခါ သုံးစွဲ၍ဘဝအတွက် ရလဒ်ကောင်းတို့ရရှိကြပေသည်။ စာဖတ်သူဦးနှောက်နှင့် စာမဖတ်သူဦးနှောက်တို့သည် မတူညီနိုင်ဘဲ အသိဉာဏ်ရင့်ကျက်ခြင်း၊ ပြောပြုကြံသဘောထားများ ကွဲပြားတတ်ပေ၏။ စာဖတ်သူတို့မှာ လုပ်ဆောင်ချက်များမှန်ကန်၍ ဘဝလမ်း၌ အလှပန်းတို့ ဖူးပွင့်ဝေဆာပေသည်။ ထို့ကြောင့် အားလပ်ချိန်များတွင် စာဖတ်ခြင်းအလေ့အကျင့်ကောင်းများ ပျိုးထောင်ဖို့လိုအပ်ပါပေသည်။

### သုတရသများနှင့်စီးပွားရှာ

စီးပွားရှာရန်ကား ကျွမ်းကျင်မှုအတတ်ပညာ၊ အထွေထွေသုတ၊ စိတ်နှလုံးကောင်းအစရှိသော အချက်သုံးချက်လိုအပ်လေရာ သုတရသများနှင့် စီးပွားရှာရေးသည်အရေးကြီးလှပေသည်။

ကိုယ်လုပ်သောလုပ်ငန်း၏ အခြေခံအချက်များဖြစ်သော အသေးအမွှားကအစ အခြေခံကျောရိုးမှာ သုတရှိခြင်းပါဝင်သည်။ ကုမ္ပဏီတို့တွင်လည်း ပတ်ဝန်းကျင်၊ အောက်ခြေသန့်ရှင်းရေး၊ လုံခြုံရေးနှင့်ဖြစ်လာနိုင်သော အန္တရာယ်အစရှိသောအရာများကို သိမှသာ ကိုယ်လုပ်သောလုပ်ငန်းအောင်မြင်ကြီးပွားနိုင်ပေ၏။

ဥပမာ ယာတောင်သူဖြစ်ပါက ပဲစိုက်ပျိုးရာ၌ ယခုနှစ်ရာသီဥတုနှင့် အကြိမ်မည်မျှရေသွင်းရမည်နည်း၊ ဆေးနှင့်မြေဩဇာ အသုံးပြုအကြိမ်အရေအတွက်၊ ပဲဈေးကွက်ပေါက်ဈေး၊ ကုန်ထုတ်မှု၏ကုန်ကျစရိတ်နှင့် အကျိုးအမြတ်အစရှိသည်တို့အား အခြေခံသုတများရှိရပေ၏။ စီးပွားအောင်မြင်နိုင်ရေး၌ လူမှုဆက်ဆံရေးသည်လည်း အဓိကအချက်အဖြစ် ပါဝင်ပေသည်။ အောက်ခြေဝန်ထမ်းမှအစ လုပ်ငန်းအပေါ် အာရုံစူးစိုက်ရေးအား ပြောတတ်ဆိုတတ်လိမ္မာပါးနပ်သော ဆက်ဆံရေးလိုပေသည်။ စာပေဟူသည် "ရှေ့လူတို့၏ အတွေ့အကြုံများကို လက်ဆင့်ကမ်းမျှဝေသွားသည်"ဟု ဆရာကြီးဦးအောင်သင်းကပြောဖူးပါသည်။ ခွေးတို့၌ ဘာသာစကားမရှိ၍ မီးပူကိုတက်နင်းပါက တဂိန်ဂိန်သာအော်နေပြီး နောက်တစ်ကောင်ဘဲ ပူကြောင်းလက်ဆင့်ကမ်းပြောနိုင်ခြင်းမရှိပေ။ ဂိန်ဂိန်သာအော်တတ်ကာ ခွေးတို့၌ လက်ဆင့်ကမ်းသုတရရှိရေး မဖြစ်နိုင်ကြပါဟုဆို၏။ ကျွန်တော်တို့လူများတွင်မူ ရှေးဆရာ့ဆရာတို့၏ သုတများ၊ အတွေ့ကြုံများကို ဖတ်မှတ်လေ့လာသုံးသပ်လျက် မိမိစီးပွားဖြစ်ကြောင်းအတွက် ဆောင်ရန်ရှောင်ရန်များနှင့် ဘဝခရီးကို အကောင်းဆုံးဖြစ်အောင် စွမ်းဆောင်နိုင်ကြပေသည်။

စီးပွားလူမှုတို့၌ အခြေခံသုတလိုအပ်သကဲ့သို့ပင် တစ်ဖက်၌ ကြင်နာတတ်သောနှလုံးသား၊ ကိုယ်ချင်းစာတတ်သောဘဝင်လွှာ၊ မေတ္တာနှင့်ရေးရှုတတ်သော စိတ်နေတို့နှင့် ထိန်းကျောင်းလှုပ်ရှားရှင်သန်ကြရမည်။ အတ္တကိုအခြေပြုလုပ် လောဘဒေါသများနှင့် စီးပွားလူမှုတို့၌ ရေလိုက်လွဲနေပါမူ ဘဝသည်သာယာချမ်းမြေ့ငြိမ်းချမ်းသော လူ့ဝန်းကျင်ကို မဖော်ဆောင်နိုင်ပေ။ ထို့ကြောင့် သုတနှင့်ရသစာပေများ ဖတ်မှတ်ကျင့်သုံးလျက် မျှတသောအတွေးအခေါ် အစွမ်းရှိသောဦးနှောက် သုံးသပ်တတ်သော ဉာဏ်ပညာတို့နှင့် ဘဝရှင်သန်မှုအားအဓိပ္ပာယ်ပြည့်ဝစေရပေမည်။ သို့မှသာ အဆင်းလည်းလှ ပသာဒလည်းရှုပျော် ဝတ်ရည်တို့ထုံမွှမ်းသော ပန်းကောင်းတစ်ပွင့်ဖြစ်ပေမည်။ စာပေတို့ ဖတ်မှတ်၍ နေထိုင်ကျင့်သုံးမှသာ အဆင်းနှင့်အချင်းရှိသော အဖိုးတန်လူတစ်ယောက်အဖြစ်ရပ်တည်ကာ ဂုဏ်တင့်တယ်ပါပေမည်။

### အဓိပ္ပာယ်ရှိသောဘဝကိုတည်ဆောက်

ရှင်သန်ချိန်ခဏ၌ အဓိပ္ပာယ်ရှိသောဘဝဖြစ်ရေးအတွက် ဘဝ၏အချိုးအကွေ့လောကဓံများကို လိမ္မာပါးနပ်စွာ ရင်ဆိုင်ဖြေရှင်းရပေမည်။ ထို့နောက် တိကျသောရည်မှန်းချက် ထက်သန်သောလုံ့လပါဝင်ကာ ပန်းတိုင်သို့အရောက်သွားရပေမည်။ လေးသမားသည် မိမိ၏ပစ်မှတ်ကို အာရုံစူးစိုက်လျက်လေးကိုချိန်တွယ်ပစ်ခွင်းသကဲ့သို့ မိမိမျှော်လင့်သောဘဝ တောင့်တသောနေရာရောက်ရန် ရှေးရှုလုပ်ကိုင်ဆောင်ရွက်ရမည်။ အချိန်ဖြုန်းငွေဖြုန်းရှောင်ရှားလျက် မိမိထက်တော်သောတတ်သော စာပေဆရာသမားများထံမှ နည်းနာခံယူဆည်းပူးလျက် သင်ကြရပေမည်။ မိမိပတ်ဝန်းကျင်ကိုလည်း စာရိတ္တမဏ္ဍိုင်ခိုင်သော အသိုက်အဝန်းအဖြစ် ဖန်တီးတည်ဆောက်ရမည်။ မိမိဘဝကို ရေစုန်မမျှောဘဲ ရေအဆန်သို့ ဆန်တက်ကာရေတို့စတင်စီးဆင်းရာ တောင်ထိပ်ပန်းတိုင်သို့ အရောက်သွားရပေမည်။ တတ်စွမ်းသမျှ ပရဟိတလုပ်မှသာ ဘဝသည် အဓိပ္ပာယ်အနှစ်သာရပြည့်ဝပေမည်။ အောင်မြင်မှုနှင့်အတူ အများကောင်းကျိုးကို စွမ်းသမျှ သယ်ပိုးကူလျက် ဘဝကိုအဓိပ္ပာယ်ရှိအောင် ရှင်သန်နေထိုင်ကြရပေမည်။

### စာပေဖတ်ကာ အလှဆင်ပါ

စာကောင်းပေကောင်းတို့ထဲမှ အတွေ့အကြုံဗဟုသုတတို့ကို ယူဆောင်လျက် မိမိပန်းတိုင်သို့ အရောက်သွားကာ မိမိဘဝကိုအလှဆင်နိုင်ရပါမည်။ မိမိစွမ်းဆောင်ရည်ကို မြှင့်တင်ပြီး စီးပွားလူမှုပညာရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဆင့်ပြီးတစ်ဆင့် ကြိုးကုတ်ရပေမည်။ စာပေသုတနှင့် ဘဝအလှကို ဖန်တီးတည်ဆောက်ကာ မိမိအရည်အသွေးမိမိတန်ဖိုးကို မြှင့်တင့်ရပေမည်။

"စေတနာကောင်းရှိပေမယ့် ဉာဏ်ပညာမရှိရင် ပြုတာ၊ ပြောတာတွေဟာ အချည်းနှီး ဖြစ်နိုင်တယ်"ဟု ဆရာနန္ဒာသိန်းဇံကဆို၏။ ထို့ကြောင့် အသိဉာဏ်ပညာရှိနိုင်ရေး ရသစာပေများများဖတ်မှတ်ကျင့်သုံးဖို့လိုအပ်ပေသည်။ သို့မှသာ မိမိဘဝ၊ မိမိအသိုက်အဝန်း၊ မိမိကျေးရွာမှ နိုင်ငံအဆင့်တိုင် အလှဆင်ရေး၌ ပိုမိုလှပတင့်တယ်ပေမည်။ ရသစာပေဝမ်းစာပြည့်ဝ၍ ပရဟိတနှင့်လောကကောင်းကျိုးကို သယ်ပိုးဆောင်ရွက်နိုင်မည်။

အချုပ်ဆိုရပါလျှင် စာပေနှင့်မိမိတက်လမ်းအားမြှင့်တင်နိုင်သကဲ့သို့ မိမိတိုင်းပြည်နှင့်လူမျိုးကောင်းကျိုးများကို ဖန်တီးတည်ဆောက်ရပေမည်။ ဘဝကိုရုန်းကန်လှုပ်ရှားကြရာ၌ စာပေကိုမမေ့မလျော့ဘဲ စာပေမှ သုတရသတို့ကိုဆင်မြန်းကာ အောင်မြင်မှုသရဖူကို လှမ်းယူနိုင်ရေးကြိုးကုတ်ရပေမည်။

"အောင်မြင်သောလူမျိုးသည် စာဖတ်၍ စာဖတ်သောလူမျိုးသည် အောင်မြင်သည်"ဟု အဆိုရှိပါ၏။ မိမိတို့သည်လည်း အောင်မြင်ထွန်းပေါက်သောလူများဖြစ်ရန် စာပေကိုအခြေခံလျက် ဘဝအလှကို ပုံဖော်ကြပါစို့။

လောကီနှင့် လောကုတ်ပါကြည့်မြင်လျက် လောကကောင်းကျိုးသယ်ပိုးနိုင်ကြပါစေ စာပေနှင့် အလှဆင်နိုင်ကြပါစေကြောင်း တင်ပြလိုက်ရပေသည်။

**ကိုးကား**


- မှန်သောစကားကိုဆိုခြင်းနှင့် ပတ်သက်သော မှတ်ချက်များ (နန္ဒာသိန်းဇံ)
- ခရောင်းလမ်းကိုဖြတ်ကျော်ခြင်း(နန္ဒာသိန်းဇံ)
- ဟောပြောပွဲများ(အောင်သင်း)
- ဓမ္မပဒ

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲများ စတင်ကျင်းပ






နေပြည်တော် ဒီဇင်ဘာ ၂၃

ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန ၂၀၂၃-၂၀၂၄ ပညာသင်နှစ်ပညာရေးဒီဂရီကောလိပ်ပေါင်းစုံအားကစားပြိုင်ပွဲကို ဒီဇင်ဘာ ၂၂ ရက်မှ ၂၆ ရက်အထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ အားကစားရုံများ၌ ကျင်းပလျက်ရှိရာ ယနေ့နံနက်ပိုင်းမှစတင်ပြီး အားကစားနည်းများအလိုက် ယှဉ်ပြိုင်ကစားကြသည်။

ယနေ့နံနက် ၇ နာရီတွင် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ပြေးခုန်ပစ်ပြိုင်ပွဲ ပထမနေ့ပွဲစဉ်အဖြစ် အမျိုးသား မီတာ ၄၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသမီး မီတာ ၄၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား အလျားခုန်ပြိုင်ပွဲ၊ အမျိုးသမီး အလျားခုန်ပြိုင်ပွဲ၊ အမျိုးသား သံလုံးပစ်ပြိုင်ပွဲ၊ အမျိုးသမီးသံလုံးပစ်ပြိုင်ပွဲများကို ကျင်းပကြရာ အမျိုးသား မီတာ ၄၀၀ အပြေးပြိုင်ပွဲတွင် မောင်မြမိုးအောင်(မြစ်ကြီးနား)က ပထမ၊ မောင်အောင်ပိုင်စိုး (ရန်ကင်း)က ဒုတိယ၊ မောင်ဝေဖြိုးအောင် (တောင်ကြီး)က တတိယ ရရှိကြသည်။

အမျိုးသမီး မီတာ ၄၀၀ အပြေးပြိုင်ပွဲတွင် မဆန်ဒေါင်းဇိတာရီ(မြစ်ကြီးနား)က ပထမ၊ မဝင်းနေခြည်(ဘားအံ)က ဒုတိယ၊ မမိုးဝသန်ထက် (ရန်ကင်း)က တတိယရရှိပြီး အမျိုးသား အလျားခုန်ပြိုင်ပွဲတွင် မောင်ဟိန်းထက်(ပခုက္ကူ)က ပထမ၊ မောင်နိုင်ထက်ဦး(ထားဝယ်)က ဒုတိယ၊ မောင်မင်းစောချစ် (မြစ်ကြီးနား)က တတိယရရှိကြသည်။ အမျိုးသမီး အလျားခုန်ပြိုင်ပွဲတွင် မဖူးငုံ (ရန်ကင်း)က ပထမ၊ မဆုပြည့်ပြည့်ဦး(ထားဝယ်)က ဒုတိယ၊ မနန်းအေးအေးမိုး (ဘားအံ)က တတိယရရှိကြသည်။

အမျိုးသားသံလုံးပစ်ပြိုင်ပွဲတွင် မောင်ကျော်စွာဦး(ဘားအံ)က ပထမ၊ မောင်မင်းဇင်ဟိန်း(ပုသိမ်)က ဒုတိယ၊ မောင်ပြည့်စုံအောင်(၁)(ဘိုကလေး)က တတိယရရှိကြပြီး အမျိုးသမီး သံလုံးပစ်ပြိုင်ပွဲတွင် မသီသီဟန်(မကွေး)က ပထမ၊ မဇူးဇူးအောင် (ဘိုကလေး)က ဒုတိယ၊ မပန်ဆုဝေ(တောင်ကြီး)က တတိယဆုများကိုရရှိကြရာ ပြိုင်ပွဲများအပြီးတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့အတူ ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီးဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ဘောလုံးပြိုင်ပွဲ၏ အုပ်စုပွဲစဉ်များကို နိုဝင်ဘာ ၆ ရက်မှ စတင်၍ မန္တလေးဇုန်(အထက်မြန်မာပြည်)၊ ရန်ကုန်ဇုန်(အောက်မြန်မာပြည်)တို့၌ ဇုန်အလိုက်ကစားခဲ့ကြပြီး ယနေ့နံနက်ပိုင်းတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်းသတ်မှတ်နေရာများ၌ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

ဝဏ္ဏသိဒ္ဓိအားကစားကွင်း(A)ရုံတွင် အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲကို ယှဉ်ပြိုင်ကစားကြရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာဇော်မြင့်၊ ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများ၊ အုပ်ချုပ်သူ၊ နည်းပြများနှင့် ကျောင်းသား ကျောင်းသူများ လာရောက်ကြည့်ရှုအားပေးကြသည်။

အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် မန္တလေး(က) အသင်းက ရန်ကုန်(ခ)အသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ ရန်ကုန်(က)အသင်းက မန္တလေး(ခ) အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိကြပြီး အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ရန်ကုန်(က) အသင်းက မန္တလေး(ခ)အသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိကြသည်။

ဝဏ္ဏသိဒ္ဓိအားကစားကွင်း(C)ရုံတွင် အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲကို ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်(ခ)အသင်းက မန္တလေး(က)အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ မန္တလေး(ခ) အသင်းက ရန်ကုန်(က)အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း အနိုင်ရရှိကြသည်။

ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်း အမှတ်(၃)တွင် အမျိုးသားဘောလုံးပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားကြရာ မန္တလေး(က)အသင်းက ရန်ကုန်(ခ)အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း၊ မန္တလေး(ခ)အသင်းက ရန်ကုန်(က)အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---



## မင်္ဂလာဒုံမြို့နယ်၌ ဒီဇင်ဘာလ(စတုတ္ထပတ်) လူထုအားကစား စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၃

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှဦးဆောင်၍ ဒီဇင်ဘာ(စတုတ္ထပတ်) လူထုအားကစား စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက် ၅ နာရီခွဲမှစတင်၍ မင်္ဂလာဒုံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးရှေ့မှ အမှတ်(၃)လမ်းမကြီးအတိုင်း သဃ်န်းကျွန်းကြီးကျေးရွာအုပ်စု ကာယ(၁၂)လမ်းထိပ်အထိ စုပေါင်းလမ်းလျှောက်ကြသည်။

လမ်းလျှောက်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်းနိုင်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူး ဝင်းကျော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးလင်း၊ မြို့နယ်လဝကဦးစီးမှူး ဦးမြင့်သူအောင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်နေပြည်သူများအပါအဝင် စုစုပေါင်း ၅၈၀ ခန့်က စုပေါင်းလမ်းလျှောက်ခဲ့ကြပြီး ကာယ(၁၂)လမ်းထိပ် အားကစားကွင်း၌ အကြောလျှော့ လေ့ကျင့်ခန်း၊ သွေးပူလေ့ကျင့်ခန်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြင့်ဦး**

## ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ ဒီဇင်ဘာ(စတုတ္ထပတ်) လူထုအားကစား စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၃

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ ဒီဇင်ဘာ(စတုတ္ထပတ်)လူထုအားကစား စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက် ၅ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးစုရပ်မှစတင်၍ မင်းရဲကျော်စွာ လမ်းမကြီးတစ်လျှောက် ကျင်းပခဲ့သည်။

အဆိုပါ လူထုအားကစားစုပေါင်းလမ်းလျှောက်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသူနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများနှင့် ရပ်ကွက်နေ ပြည်သူများ ပါဝင်ဆင်နွှဲခဲ့ပြီး စုပေါင်းပါဝင်သူများအား မုန့်ဟင်းခါးဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**






## သထုံမြို့နယ်၌ ဒီဇင်ဘာလ(စတုတ္ထပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲ ပြုလုပ်

သထုံ ဒီဇင်ဘာ ၂၃

မွန်ပြည်နယ် သထုံမြို့နယ်၏ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ(စတုတ္ထပတ်) အားကစားလှုပ်ရှားမှုအဖြစ် လူထုလမ်းလျှောက်ပွဲကို ယနေ့နံနက်က စုပေါင်းကျင်းပခဲ့သည်။

စုပေါင်းလမ်းလျှောက်ပွဲတွင် သထုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးမင်းစိုး၊ ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ မြို့ပေါ်ရပ်ကွက်များမှ ပြည်သူများ စုစုပေါင်းအင်အား ၈၀၀ ကျော်တို့က အောက်ကျင်းရပ်ကွက် ခရိုင်မီးသတ်ဦးစီးမှူးရုံးရှေ့မှ နန်းခဲရပ်ကွက်ရှိ ခရိုင်အားကစားကွင်းအတွင်းသို့ စုပေါင်းလမ်းလျှောက်ကြကာ အားကစားကွင်း၌ ကိုယ်လက်ကျန်းမာရေး လေ့ကျင့်ခန်းနှင့် ပြေးခုန်ပစ်အားကစားအစီအစဉ်များကို ပြုလုပ်ကာ ဆုချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

---

## ဒေါပုံမြို့နယ်၌ ဒီဇင်ဘာလ(စတုတ္ထပတ်) လူထုလမ်းလျှောက်ပွဲ ပြည်သူများ ပါဝင်ဆင်နွှဲ

ရန်ကုန် ဒီဇင်ဘာ ၂၃

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် ဒေါပုံမြို့နယ်၌ ဒီဇင်ဘာလ(စတုတ္ထပတ်) လူထုလမ်းလျှောက်ပွဲကို ယနေ့နံနက် ၅ နာရီခွဲက မြို့နယ်မီးသတ်ဦးစီးဌာနရှေ့ စုရပ်မှ စတင်ပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများက ယမုံနာလမ်းမကြီး တစ်လျှောက် မဟာဗန္ဓုလတံတားပေါ်သို့ စုပေါင်းလမ်းလျှောက်ခဲ့ကြသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနရုံးအရှေ့တွင် အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက စုပေါင်းကိုယ်လက်လေ့ကျင့်ခန်းများကို သရုပ်ပြပေးခဲ့ရာ လမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲကြသူများက လိုက်ပါဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ လူထုလမ်းလျှောက်ပွဲသို့ ဗိုလ်တထောင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှဘုန်းကျော်၊ ဒေါပုံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်မင်းအေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပရဟိတအဖွဲ့များနှင့် ပြည်သူများ စုစုပေါင်းအင်အား ၂၀၀ ကျော်တို့က ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့သည်။

**ချစ်စုဝေ(ပြန်/ဆက်)**



## (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာပေဟောပြောပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ကဗျာ၊ စာစီစာကုံးပြိုင်ပွဲများ ကျင်းပ

**စစ်ကိုင်း ဒီဇင်ဘာ ၂၃**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ် (စစ်ကိုင်း)၌ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲများကို ယမန်နေ့တွင် လည်းကောင်း၊ ကဗျာ၊ စာစီစာကုံးပြိုင်ပွဲများကို ယနေ့တွင် လည်းကောင်း တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပခဲ့ရာ အဆိုပါ အခမ်းအနားများသို့ ပါမောက္ခချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၁၄၀၈ ဦး တက်ရောက်ခဲ့ပြီး ဆုရရှိသူများအား ပါမောက္ခချုပ်က ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## စိုက်ပျိုးရေး မွေးမြူရေးသိပ္ပံ(သထုံ)ကျောင်း၌ လူငယ်စကားဝိုင်းကျင်းပ

**သထုံ ဒီဇင်ဘာ ၂၃**

မွန်ပြည်နယ် သထုံမြို့နယ်၌ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စိုက်ပျိုးရေး မွေးမြူရေးသိပ္ပံ(သထုံ)တို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယမန်နေ့ မွန်းလွဲပိုင်းက မြေနီကုန်းကျေးရွာရှိ စိုက်ပျိုးရေး မွေးမြူရေးသိပ္ပံကျောင်းခန်းမ၌ ကျင်းပခဲ့သည်။



အခမ်းအနားတွင် စိုက်ပျိုးရေး မွေးမြူရေးသိပ္ပံ(သထုံ) ဒုတိယကျောင်းအုပ် ဒေါ်သီတာထူးလွင်က အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက လူငယ်စကားဝိုင်း ပြုလုပ်ရသည့် ရည်ရွယ်ချက်နှင့် ကျောင်းသား ကျောင်းသူများအနေဖြင့် ကျောင်းစာပညာရပ်များသာမက ပြင်ပစာအုပ်၊ စာပေတို့ကို လေ့လာခြင်းဖြင့် အသိပညာများဖွံ့ဖြိုးပြီး နိုင်ငံ့သားကောင်း လူငယ်များ ဖြစ်လာရေး ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စကားဝိုင်းကို ကျင်းပရာ စိုက်ပျိုးရေး မွေးမြူရေးသိပ္ပံ(သထုံ) ကျောင်းမှ ကျောင်းသားတစ်ဦးက အစီအစဉ်တင်ဆက်သူအဖြစ် ဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူ လေးဦးတို့က "လူငယ်နှင့် ပရဟိတ"၊ "လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး"၊ "လူငယ်နှင့် ကိုယ်ကျင့်တရား"၊ "ပလတ်စတစ်ညစ်ညမ်းမှုကြောင့် ဇီဝမျိုးစုံမျိုးကွဲနှင့် အဏ္ဏဝါဂေဟစနစ်ထိခိုက်မှု" ခေါင်းစဉ်တို့ဖြင့် ၎င်းတို့ဖတ်ရှုလေ့လာထားသည့် စာရေးသူ၏ ဆိုလိုရင်းနှင့် ၎င်းတို့၏ အတွေ့အကြုံများ၊ အတွေးအခေါ်များကို ကျယ်ကျယ်ပြန့်ပြန့်မျှဝေဆွေးနွေးကြရာ အစီအစဉ်တင်ဆက်သူက ပြန်လည်ဖြည့်စွက်ဆွေးနွေးပေးခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**



## သံဖြူဇရပ်မြို့နယ် မူလတန်းကြိုကျောင်း ရင်သွေးငယ်များအား ကာယစွမ်းရည်ပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားပြုလုပ်

**သံဖြူဇရပ် ဒီဇင်ဘာ ၂၃**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းရင်သွေးငယ်များအား ကာယစွမ်းရည်ပြိုင်ပွဲများ ပြုလုပ်ခြင်းကို ယမန်နေ့ နံနက် ၇ နာရီက စက်သစ်ရပ်ကွက် အားကစားကွင်း၌ ကျင်းပခဲ့သည်။

အဆိုပါအားကစားပြိုင်ပွဲတွင် အပြေးပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲ၊ အရောင်ရွေးချယ်ပြိုင်ပွဲ၊ ဦးထုပ်ဆောင်းပြိုင်ပွဲ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲ၊ ရေပုလင်းဖြည့်ပြိုင်ပွဲ၊ ကြိုးသီ (ကျား/မ)စသည့် ပြိုင်ပွဲခုနစ်မျိုးကို ပြိုင်ပွဲဝင် ရင်သွေးငယ် ၁၈၃ ဦးတို့က ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရင်သွေးငယ်များအား ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမော်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်းနှင့်အဆိုပါပြိုင်ပွဲသို့ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မိဘဆရာအသင်းအမှုဆောင်များနှင့် ကျောင်းသားမိဘများ လာရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## သာယာဝတီမြို့နယ်၌ မြို့နယ်အဆင့် (Grade-5) နောက်ဆက်တွဲသင်တန်း ဖွင့်လှစ်

**သာယာဝတီ ဒီဇင်ဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ပဉ္စမတန်းကို သင်ကြားနိုင်ရန်နှင့် မူလတန်းကို ခြုံငုံပြီး အလယ်တန်းကို လေ့လာချိတ်ဆက်နိုင်စေရန်အတွက် Grade-5 နောက်ဆက်တွဲ သင်တန်းကို ယနေ့နံနက် ၉ နာရီက သာယာဝတီမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း(ပညာ့အားမာန်) ခန်းမ၌ ဖွင့်လှစ်သင်ကြားသည်။

ဦးစွာ မြို့နယ်ပညာရေးမှူး ဦးဝင်းနိုင်က အမှာစကားပြောကြားသည်။



အဆိုပါ သင်တန်းတွင် သင်တန်းသား သင်တန်းသူ ၁၃၅ ဦး တက်ရောက်သင်ကြားပြီး သင်တန်းကာလမှာ ဒီဇင်ဘာ ၂၃ ရက်မှ ၂၆ ရက်အထိ Grade-5 သင်ရိုးသစ်လက်စွဲစာအုပ်မှ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သိပ္ပံ၊ လူမှုရေး၊ စာရိတ္တနှင့် ပြည်သူ့နီတိ ဘာသာရပ်များအား သင်ကြားပို့ချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ ဒီဇင်ဘာစတုတ္ထပတ် လူထုအားကစားလမ်းလျှောက်ပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ ဒီဇင်ဘာစတုတ္ထပတ် လူထုအားကစား စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့ နံနက် ၅ နာရီက ကျင်းပသည်။

အဆိုပါ လမ်းလျှောက်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့ မှတ်တိုင်တွင် စုရပ်စုစည်း၍ အားကစားနှင့် ကာယပညာဦးစီးဌာန မြို့နယ်အားကစားမှူးနှင့် အဖွဲ့ဝင်များ ဦးဆောင်၍ Physical Fitness Dance Exercises များကို စုပေါင်းပါဝင်ဆင်နွှဲကြသည်။

လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ဒီဇင်ဘာစတုတ္ထပတ် လူထုအားကစား စုပေါင်းလမ်းလျှောက်ပွဲသို့ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ရပ်ကွက်/ကျေးရွာများမှ အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခိုင်မင်းကိုနှင့် အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၅၇၅ ဦး ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မှော်ဘီမြို့နယ်၌ ဒီဇင်ဘာစတုတ္ထပတ် အားကစားလ လူထုလမ်းလျှောက်ပွဲ ကျင်းပ

**မှော်ဘီ ဒီဇင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်တွင် ဒီဇင်ဘာ စတုတ္ထပတ် အားကစားလလူထုလမ်းလျှောက်ပွဲကို ယနေ့နံနက် ၅ နာရီက ကျင်းပသည်။




လမ်းလျှောက်ပွဲတွင် မှော်ဘီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့်အဖွဲ့ဝင်များ၊ မှော်ဘီမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးအောင်ကြည်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့်ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၃၃၀ ကျော်ခန့်က စုရပ်အဖြစ် သတ်မှတ်ထားသော မှော်ဘီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့မှ စတင်ကာ မှော်ဘီမြို့မဈေးသို့ စုပေါင်းလမ်းလျှောက်ခဲ့ကြပြီး မြို့နယ်အားကစားကွင်းအတွင်း၌ Physical Fitness Dance Exercises များကို စုပေါင်းလုပ်ဆောင်ခဲ့ကြကြောင်း သိရသည်။ **မှော်ဘီ(ပြန်/ဆက်)**

## ကော့မှူးမြို့နယ်၌ ဒီဇင်ဘာအားကစားလ လူထုလမ်းလျှောက်ပွဲ ကျင်းပ

**ကော့မှူး ဒီဇင်ဘာ ၂၃**

ရန်ကုန်တိုင်း ဒေသကြီး ကော့မှူးမြို့နယ်၌ ဒီဇင်ဘာ အားကစားလလူထုစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက် ၅ နာရီက ကျင်းပသည်။

အဆိုပါ လူထုလမ်းလျှောက်ပွဲတွင် ကော့မှူးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးထွန်းဇော်မင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ဒေသခံပြည်သူများက စုရပ်အဖြစ် သတ်မှတ်ထားသော မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့မှစတင်ကာ မြို့သစ်ရပ်ကွက် ဗိုလ်ချုပ်ပန်းခြံရှေ့အထိ တပျော်တပါး စုပေါင်းလမ်းလျှောက်ခဲ့ကြသည်။ ဗိုလ်ချုပ်ပန်းခြံရှေ့၌ ကျန်းမာရေးအတွက် ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



**ကျော်သူရ(ပြန်/ဆက်)**

# ကျိုက်မရောမြို့နယ်၌ ဆိုင်ကယ်ပြုပြင်ခြင်းသင်တန်းဆင်းပွဲ ကျင်းပ

ကျိုက်မရော ဒီဇင်ဘာ ၂၃

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်



ရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ဆိုင်ကယ်ပြုပြင်ခြင်းသင်တန်းဆင်းပွဲကို ယနေ့ နံနက် ၉ နာရီက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပသည်။

အဆိုပါ သင်တန်းဆင်းပွဲတွင် မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်စန်းယုက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းစိုးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းသားထူးချွန်ဆုများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးစိန်ဝေနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ကျုံပျော်မြို့နယ်အတွင်းရှိ ဒါးကချောင်းကူး(နတ်ကန်) တံတားတည်ဆောက်နေမှု ကွင်းဆင်းကြည့်ရှု

ကျုံပျော် ဒီဇင်ဘာ ၂၃

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်အတွင်းရှိ ညောင်ပင်ဆိပ်အုပ်စု နတ်ကန်ကျေးရွာနှင့် သောင်ရွာအုပ်စု ဘိုးထောင့်ကျေးရွာတို့ ဆက်သွယ်ထားသော ဒါးကချောင်းကူး(နတ်ကန်)ပေ ၃၀၀ရှိ ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်း(ပထမပိုင်း) ဆောင်ရွက်နေမှု အခြေအနေကို ယမန်နေ့နံနက် ၁၀ နာရီက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ စစ်ဆေးရေးအရာရှိချုပ် ဦးရဲခေါင်ထွန်းက ကွင်းဆင်းစစ်ဆေးရာ ပုသိမ်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်သူမင်းကလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အဆိုပါ တံတားသည် ကျေးရွာ ၇၆ ရွာ (အိမ်ခြေ ၆၉၅၇ အိမ်၊ လူဦးရေ ၂၇၀၁၄ ဦး)အား အကျိုးပြုသောတံတားဖြစ်ပြီး ရေလမ်းကင်းလွတ်အမြင့်ခြောက်ပေ၊ ရေလမ်းကင်းလွတ်အကျယ် ၄၈ ပေ၊ ယာဉ်သွားလမ်းအကျယ် ၁၈ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် တစ်ပေစီ၊ ခွင့်ပြုတန်ချိန်မှာ ၃၆ တန်ဖြစ်ပြီး သံကူကွန်ကရစ် အမျိုးအစားဖြစ်သည်။ တံတားအား ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီး(ငွေလုံးငွေရင်း) ရန်ပုံကျပ် သန်း ၁၅၀ ဖြင့် ဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်းထုတ်ပေး

ရန်ကုန် ဒီဇင်ဘာ ၂၃

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင် မှတ်ပုံတင်ထားသော Wilmar Myanmar Ricel Limited မှ အာမခံအလုပ်သမားလုပ်ငန်းခွင် ပြင်ပထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် (ငွေလုံးငွေရင်း) ထုတ်ပေးခြင်းအခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များ အကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး၊ တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူးက သန်လျင်မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင် မှတ်ပုံတင်ထားသော Wilmar Myanmar Ricel Limited မှ အာမခံအလုပ်သမား ဦးအောင်မြင်သည် ဇွန် ၂ ရက်တွင် အလုပ်တာဝန် ထမ်းဆောင်နေစဉ် လုပ်ငန်းခွင် ပြင်ပထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် (ငွေလုံးငွေရင်း) ထုတ်ပေးခြင်းကို ဇနီးဖြစ်သူ ဒေါ်အေးသီတာထံသို့ ငွေကျပ် ကျပ်သိန်း ၉၀ ကို သန်လျင်မြို့နယ် လူမှုဖူလုံရေးရုံးခွဲတာဝန်ခံနှင့် အလုပ်ဌာနမှ တာဝန်ရှိသူများ ရှေ့မှောက်တွင် ခွင့်ပြုထုတ်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မှော်ဘီမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

မှော်ဘီ ဒီဇင်ဘာ ၂၃

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ထိန်စွန်းကျေးရွာ၌ ဒီဇင်ဘာ ၂၂ ရက်က မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်စိုး၊ တာဝန်ခံအင်ဂျင်နီယာနှင့်အဖွဲ့သည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ကျပ်သိန်း ၅၀ ဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း လမ်းအရှည် ပေ ၈၀၀၊ အကျယ် ၁၀ ပေ၊ ဒု ခြောက်လက်မခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကျေးရွာတွင်းကွန်ကရစ်လမ်းကို ကျေးရွာပြည်သူများကိုယ်တိုင် ဒီဇင်ဘာ ၁၈ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၇၀ ရာခိုင်နှုန်းခန့်ပြီးစီးပြီဖြစ်ကြောင်းသိရသည်။ မြို့နယ်(ပြန်/ဆက်)



# သရက်ချောင်းမြို့နယ်၌ ကောက်ကြီး(ပေါ်ကျွဲ)စပါးမျိုးရိတ်သိမ်း

သရက်ချောင်း ဒီဇင်ဘာ ၂၃

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ်တွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် မြစိမ်းရောင်စီမံကိန်း(သမဝါယမ)ကို မြို့နယ်သမဝါယမဦးစီးဌာနက ပံ့ပိုးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ တီတွတ်ပြင်ကျေးရွာရှိ အေးချမ်းသာ စိုက်ပျိုးရေးနှင့်အထွေထွေလုပ်ငန်း သမဝါယမသင်း လီမိတက်မှ အသင်းသား တောင်သူများ၏ စိုက်ကွင်းများရှိ ကောက်ကြီးစပါးမျိုးရိတ်သိမ်းနေမှုကို ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် သရက်ချောင်းမြို့နယ် သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများနှင့် လုပ်ငန်းကော်မတီဝင်များက ကြည့်ရှုစစ်ဆေးသည်။

သရက်ချောင်းမြို့နယ်တွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် သမဝါယမဦးစီးဌာနက အခြေခံသမဝါယမအသင်း သုံးသင်းမှ မိုးစပါးစိုက်ပျိုးတောင်သူများအတွက် လယ်ဧက ၃၆၄ ဧကအတွက်စုစုပေါင်းကျပ်၇၂၈သိန်း ပံ့ပိုးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သရက်ချောင်းမြို့နယ်တွင် မိုးစပါး ယခင်နှစ်က တစ်ဧက ၆၅ တင်းထွက်ရှိရာမှ ယခုနှစ်တွင် တစ်ဧက ၇၃ တင်းအထိ အထွက်နှုန်း တိုးတက်ထွက်ရှိခဲ့ကြောင်း၊ လာမည့်မိုးစပါးရာသီတွင် ဒေသနှင့်ကိုက်ညီသည့် အထွက်နှုန်းတိုးတက်မည့်မျိုးကောင်းမျိုးသန့် မိုးစပါးမျိုး စိုက်ပျိုးနိုင်ရေး ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

နန်းခလိုက်(သရက်ချောင်း)



# လက်ပံတန်း၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေး

လက်ပံတန်း ဒီဇင်ဘာ ၂၃

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ ပြည်သူ့ဆေးရုံကြီး သံဃာဆေးကုသဆောင်၌ ဒီဇင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီက အငြိမ်းစားနိုင်ငံ့ဝန်ထမ်း ၆၀ အား မြို့နယ်ဆရာဝန်ကြီး ဒေါက်တာတင်ဇော်ဝင်းနှင့် ကျန်းမာရေးဆရာမများက ဆီးချို၊ သွေးတိုး၊ နှလုံးနှင့် အထွေထွေရောဂါများအား စမ်းသပ်ကုသပေးခြင်း ဆောင်ရွက်ပေးသည်။

ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမင်းအောင်နှင့် အဖွဲ့ဝင်များက သွားရောက်အားပေးကြည့်ရှုကြောင်း သိရသည်။ အောင်ဆင့်



# မုဒုံမြို့၌ ရော်ဘာအဖူးလှီး၊ အဖူးကူးနည်းသင်တန်းဆင်းပွဲ ကျင်းပ


မုဒုံ ဒီဇင်ဘာ ၂၃

မွန်ပြည်နယ် မုဒုံမြို့နယ်အတွင်းရှိ မသန်စွမ်းသူများအတွက် အခြေခံကျသော အသက်မွေးဝမ်းကျောင်းပညာရပ်ဖြစ်သည့် ရော်ဘာအဖူးလှီး၊ အဖူးကူးနည်းပညာများကို သင်ကြားပေးရာ ယမန်နေ့က နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ (မုဒုံ)တွင် သင်တန်းဆင်းပွဲပြုလုပ်သည်။

သင်တန်းဆင်းပွဲတွင် မွန်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးလှမိုးအောင်က အမှာစကားပြောကြားပြီး နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(မုဒုံ)တာဝန်ခံ ဦးမောင်မောင်မြင့်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဆုရသင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များနှင့် ဂုဏ်ပြုငွေများကို ချီးမြှင့်ပေးအပ်ခဲ့ပြီး သင်တန်းကို စာတွေ့လက်တွေ့ ငါးရက်ကြာ သင်ကြားပေးခဲ့ရာ သင်တန်းသား ၁၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)



## ရွှေခေတ် ဂန္ထဝင်ရုပ်ရှင်ဇာတ်ဆောင်များနှင့် ဇာတ်ပို့ဇာတ်ရံ အကျော်အမော်များ


စာရေးသူ မောင်နေကြည် ရေးသားသည့် ရွှေခေတ် ဂန္ထဝင်ရုပ်ရှင်ဇာတ်ဆောင်များနှင့် ဇာတ်ပို့ဇာတ်ရံ အကျော်အမော်များ ၃ စာအုပ် ထွက်ရှိလာသည်။

တစ်ချိန်သောအခါက အဖြူအမည်းခေတ် ရုပ်ရှင်ကားများနှင့် သရုပ်ဆောင်များသည် နိုင်ငံခြားသား မင်းသမီးများနှင့် အပြိုင်ကြဲနိုင်ခဲ့သလို သရုပ်ဆောင်ပညာသည်လည်း အဆင့်တစ်ခုရှိသည်ဟု သတ်မှတ်နိုင်သည်။ တချို့ရုပ်ရှင်ကားများကို နိုင်ငံခြားမှ ဝယ်ယူပြသခြင်းခံရသည်အထိ အောင်မြင်ခဲ့ဖူးသည်။ ထို့ကြောင့်လည်း ထိုခေတ်သည် မြန်မာ့ရုပ်ရှင်ရွှေခေတ်ဟု စာရေးသူက တင်စားရေးသားရခြင်း ဖြစ်သည်။

ထိုရွှေခေတ် မင်းသား၊ မင်းသမီးများနှင့် ဇာတ်ပို့ဇာတ်ရံအားလုံးနီးပါးသည် ကိုယ်ပိုင်အမူအရာ၊ ကိုယ်ပိုင်ဟန်ရှိကြသူများလည်း ဖြစ်သည်။ အမူအရာတွင်သာမက အသံပင်တစ်မူထူးခြားစွာ ပြောဆိုနိုင်သူများလည်းဖြစ်သည်။ ယခုခေတ်တွင်မူ ထိုသို့သော သရုပ်ဆောင်ပညာရှင်များကား ရှားပါးလှပေသည်။ အနည်းစုသာ ကိုယ်ပိုင်ဟန်နှင့် ဖောက်ထွက်လာနိုင်သည်ကို ရှားရှားပါးပါး တွေ့ခဲ့ရသည်။

ဒါရိုက်တာဟူသည် ရုပ်ရှင်ကားတစ်ကားအတွက် တာဝန်အရှိဆုံးနှင့် အရေးပါဆုံး ပညာရှင်တစ်ယောက်ဖြစ်သလို ပါဝင်သမျှ ဇာတ်ဆောင်တိုင်းသည်လည်း အရေးကြီးသော ပညာရှင်များသာဖြစ်ပေသည်။ ထိုနှစ်ချက်ပြည့်စုံမှသာ ရုပ်ရှင်ဇာတ်ကားကောင်း၏အရသာကို အပြည့်အဝ ခံစားနိုင်မည်ဖြစ်လေသည်။ ယခုရေးသားသော စာရေးသူ၏ စာအုပ်တွင် အဖြူအမည်းခေတ် သရုပ်ဆောင်ပညာရှင် ၄၆ ဦးအကြောင်းကို တတ်နိုင်သမျှ ရှာဖွေဖော်ထုတ် ရေးသားထားသည်။ ထိုသရုပ်ဆောင်များသည် ပရိသတ်များစွာ၏ လက်ခုပ်သြဘာသံမစဲ၊ ကြင်သီးမွေးညင်းထမတတ် တစ်ခဲနက် အားပေးမှုကို ခံယူရရှိသူများလည်းဖြစ်သည်။

စာအုပ်ကို အမြွာညီနောင်စာပေ၊ တိုက် (၂၇၇)၊ အခန်း (၄)၊ ပထမထပ်(ယာ)၊ လမ်း (၄၀) (အပေါ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၂၅၀၄၉၅၅၆၉မှ တန်ဖိုးငွေကျပ် ၁၄၀၀၀ဖြင့် ဖြန့်ချိသည်။





## လုပ်ငန်းခွင်သုံး အင်္ဂလိပ်စကားပြော

စာရေးသူ ချိုထွန်းရေးသားသည့် လုပ်ငန်းခွင်သုံး အင်္ဂလိပ်စကားပြောစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်သည် နိုင်ငံရပ်ခြားတိုင်းပြည်များတွင် သွားရောက်အလုပ်လုပ်ကိုင်ကြမည့် အထွေထွေလုပ်သားများအတွက် ရည်ရွယ်၍ ရေးသားထားသည့်စာအုပ်ဖြစ်သည်။

လုပ်ငန်းခွင်တွင် အသုံးဝင်သည့် အင်္ဂလိပ်စကားပြောပုံစံများသာမက အခြားသောအခြေအနေများတွင် ပြောဆိုနိုင်သည့် စကားပြောပုံစံများကိုပါ ထည့်သွင်းဖော်ပြထားသည်။ အင်္ဂလိပ်စကားပြောဆိုရာတွင် အကူကြိယာများ (Auxiliary verb) ကို အတိုချုံးပြောလေ့ရှိသည်။ ဥပမာ I do not know ဟု မပြောဘဲ I don’t know ဟုပြောသည်။ အဆိုပါ အတိုချုံးစကားများကို လေ့လာနိုင်ရန်အတွက် စာအုပ်၏အစပိုင်းတွင် ဖော်ပြထားပြီး စာအုပ်တွင် ရေးသားဖော်ပြထားသည့် စကားလုံးအသုံးအနှုန်းများကို နေ့စဉ်ကျက်မှတ်လေ့လာရန် လိုအပ်ပေသည်။ သို့မှသာ အသုံးအနှုန်းများသည် ကိုယ်ပိုင်ဖြစ်လာမည်ဖြစ်သည်။ အင်္ဂလိပ်စကား မပြောမဖြစ်သည့်နေရာများတွင် အသုံးဝင်လာမည်ဖြစ်သည်။ အင်္ဂလိပ်စကားပြောဆိုရာ၌ သူတစ်ပါးနားလည်အောင်ပြောဆိုရာတွင် အသံထွက်မှန်ကန်ရန်လိုအပ်သဖြင့် အဆိုပါစာအုပ်တွင် အနီးစပ်ဆုံးအသံထွက်များကို ဖော်ပြထားသည်။

စာအုပ်ကို ပညာပဒေသာစာပေ၊ အမှတ် (၄၃)၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၄၀၀၇၄၈၂၁၀နှင့် ၀၉ ၄၄၃၈၄၀၆၁၈တို့မှ တန်ဖိုးငွေကျပ် ၂၅၀၀ သတ်မှတ်ထားသည်။




## မြစ်မင်းရော စီးမြဲသာတည့် (ရသဝတ္ထုတိုများ)

စာရေးသူ ဆူးခက်ထွင့်(လေးအိမ်စု) ရေးသားသည့် မြစ်မင်းရော စီးမြဲသာတည့် (ရသဝတ္ထုတိုများ)စာအုပ် ထွက်ရှိလာသည်။

လဆန်းရက်ဖြစ်၍ လကွေးကွေးက ရေပြင်လွှာ၌ ခပ်ရေးရေးသာ အရိပ်ထင်နေသည်။ ဧရာဝတီမြစ်ထဲ၌ ငါးဖမ်းလှေများဟိုတစ်စီး သည်တစ်စီး ရှိနေကြသည်။ ငါးဖမ်းပိုက်ကွန်များ ဖြန့်ကြက်ပြီးသည် ဖြစ်၍ လှေသမားတို့သည် လှေထဲ၌ ငြိမ်သက်ကာ နားနေကြသည်။ လှေသမားတချို့ဆီမှ ရဲခနဲ ဖွာတက်လာသည့်မီးကို တွေ့ရသည်။ သီချင်းအော်ဆို သံသဲ့သဲ့သည်လည်း ညယံအောက်၌ လွင့်ပျံ့လျက်ရှိသည်။ လှေဝမ်းထဲ၌ ပက်လက်လှဲကာ ကြယ်တို့ကို မလှုပ်မယှက်ငေးနေသူက ကိုယုဝဖြစ်သည်။ ကိုယုဝသည် အတွေးတို့၏နှိပ်စက်မှုဖြင့် စိတ်ရှုပ်ထွေးကာ ငြိမ်သက်နေခြင်းဖြစ်သည်။ “မနှင်းရီရယ်” ကိုယုဝ၏နှုတ်ဖျားမှ တိုးညည်းသံ ထွက်ပေါ်လာသည်။ ကောင်းကင်ပြင်ကြီး၌ပင် မနှင်းရီ ရှိနေသယောင်။ ရေပြင်၏ အအေးဓာတ်သည် သူ့ကို မအေးစေနိုင်။ ညလေဖြူးဖြူးသည်လည်း သူ့ကိုမချမ်းမြေ့နိုင်။ ငေးခွင့်သာရခဲ့သည့် ပန်းကလေးကို တစ်သက်တာဝေးရမည်ဆိုသည့်အသိက သူ့ရင်ကို မီးမြှိုက်သကဲ့သို့ ပူလောင်စေသည်။

တစ်နေ့ညက ကိုယုဝပိုက်ချရန် ရေစပ်ရှိလှေဆီသို့ အသွား မနှင်းရီက အပြုံးမျက်နှာဖြင့် ကမ်းပေါ်တက်လာသည်။ ရေစိုနေသည့်ကိုယ်လုံးလေးမှာ အလှပေါ် အလှဆင့်နေသည်။

စာအုပ်ကို စောဦးစာပေ၊ အမှတ် (၁၆၉)၊ ၃၁-လမ်း (အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၈၃၈၈၀၂၄နှင့် ၀၉ ၇၇၉၉၂၇၉၆၉တို့မှ တန်ဖိုးငွေကျပ် ၆၀၀၀ဖြင့် ဖြန့်ချိသည်။

■ ကျောဖုံးမှ

များပြားခဲ့ကြောင်း သိရသည်။

“အခုက အပေါ်ပိုင်းတွေကို ရှင်းလင်းတာက ဧရိယာ ၁၁ ခုရှိတယ်။ တော်တော်ရှင်းလင်းပြီးသွားပြီ။ သိပ်တောင်မကျန်တော့ဘူး။ အခိုကကတော့ ပုဂံကိုဝင်လာတဲ့ အခိုကလမ်းသုံးခုရဲ့ လမ်းဘေးဝဲယာ ဘုရားတွေကို ပထမဦးစားပေးပေါ့။ ပြီးတော့ တောထဲမှာရှိတဲ့ ဘုရားတွေရဲ့ အပေါ်ပိုင်းတွေမှာ လုပ်နေတယ်”ဟု ၎င်းက ပြောသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပထမအဆင့်အနေဖြင့် အပင်များကို ခုတ်ထွင်ရှင်းလင်းခြင်းဖြစ်ပြီး ထို့နောက် အပင်အမြစ်များကို ဓာတုဗေဒဆေးရည်ထိုးသွင်းကာ သတ်ခြင်း၊ အမြစ်များတိုးဝင်ခဲ့သည့် နေရာများမှ မိုးရေယိုစီးခြင်းမဖြစ်ရန်ပိတ်ခြင်း စသည့် အဆင့်လေးဆင့်ခန့် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။ “ကပ်တွယ်နေတဲ့ အပင်တချို့က နွှေရောက်တဲ့အခါ ခြောက်ပြီးတော့ သူ့ဘာသာကွာကျသွားတာ။ ရေညှိတွေလည်း ကွာကျသွားတာ။ အန္တရာယ်ရှိတာက ညောင်ပင်ပေါ့။ ညောင်ပင်ကိုတော့ အဓိကပေါ့”ဟု ဦးကျော်မျိုးဝင်းက ပြောသည်။ MT

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၄-၁၂-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၅၆၀ | ၂၆၁၀ | ၂၆၀၀ | ၂၅၇၀ | ၂၆၀၅ | ၂၆၃၀ | ၂၆၁၅ | ၂၅၉၅ | ၂၆၉၀ | ၂၇၀၅ | ၂၆၀၀ | ၂၆၁၀ | ၂၆၄၅ | ၂၆၄၅ | ၂၆၅၀ | ၂၈၀၀ | ၂၉၀၀ |
| 95 Ron | ၂၆၆၀ | ၂၇၁၀ | ၂၇၁၀ | ၂၆၇၀ | ၂၇၁၀ | ၂၇၃၅ | ၂၇၂၀ | ၂၆၉၅ | ၂၇၉၅ | ၂၈၁၀ | ၂၇၀၀ | ၂၇၂၀ | ၂၇၄၅ | ၂၇၅၀ | ၂၇၅၀ | ၂၉၀၀ | ၃၀၀၀ |
| HSD (500 ppm) | ၂၄၁၀ | ၂၄၆၀ | ၂၄၅၅ | ၂၄၂၀ | ၂၄၅၅ | ၂၄၈၀ | ၂၄၇၅ | ၂၄၄၅ | ၂၅၆၀ | ၂၅၅၅ | ၂၄၅၀ | ၂၄၆၀ | ၂၄၉၅ | ၂၄၉၅ | ၂၅၀၀ | ၂၇၂၅ | ၃၁၉၀ |
| HSD (50 ppm) | ၂၄၆၅ | ၂၅၁၅ | ၂၅၁၅ | ၂၄၇၅ | ၂၅၁၅ | ၂၅၄၀ | ၂၅၃၅ | ၂၅၀၀ | ၂၆၂၀ | ၂၆၁၅ | ၂၅၀၅ | ၂၅၂၀ | ၂၅၅၀ | ၂၅၅၅ | ၂၅၅၅ | ၂၇၈၅ | ၃၂၄၅ |
| HSD (10 ppm) | ၂၄၇၅ | ၂၅၂၅ | ၂၅၂၀ | ၂၄၈၀ | ၂၅၂၀ | ၂၅၄၅ | ၂၅၄၀ | ၂၅၀၅ | ၂၆၂၅ | ၂၆၂၀ | ၂၅၁၅ | ၂၅၂၅ | ၂၅၆၀ | ၂၅၆၀ | ၂၅၆၅ | ၂၇၉၀ | ၃၂၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၄၀ | ၂၅၂၂ |
| 95 Ron | ၂၅၃၉ | ၂၆၂၃ |
| HSD (500 ppm) | ၂၂၉၄ | ၂၃၇၀ |
| HSD (50 ppm) | ၂၃၅၀ | ၂၄၂၇ |
| HSD (10 ppm) | ၂၃၅၇ | ၂၄၃၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## မလေးရှားနိုင်ငံတွင် တရားမဝင် အလုပ်လုပ်နေသူများအား ဖမ်းဆီး

ရန်ကုန် ဒီဇင်ဘာ ၂၃

မလေးရှားနိုင်ငံတွင် တရားမဝင် အလုပ်လုပ်နေသူ နိုင်ငံခြားသားများကို စီမံကိန်းချ ဖမ်းဆီးနေသောကြောင့် မလိုအပ်ဘဲ လမ်းမထွက်ရန်၊ သောက်စားဆူညံခြင်းမပြုရန် မြန်မာအချင်းချင်း အသိပေးကာ သတိထားနေကြရကြောင်း စုံစမ်းသိရှိရသည်။

**ဖမ်းဆီးမှုများပြုလုပ်နေ**

လက်ရှိကာလအတွင်း မလေးရှားနိုင်ငံတွင် စိမံကိန်းချမှတ်ပြီး ဖမ်းဆီးနေရာတွင် ရဲတပ်ရင်းနှင့် အရန်ရဲအင်အား ၁၀၀၀ ကျော်ဖြင့် လူဝင်မှုကြီးကြပ်ရေးဌာန ဒေသခံရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းကာ တရားမဝင် လုပ်သားများကို ဖမ်းဆီးမှုများ ပြုလုပ်နေခြင်းဖြစ်ကြောင်း သိရသည်။

အထူးသဖြင့် တရားမဝင်နေထိုင်သည့် နိုင်ငံခြားသားများ၊ မှတ်ပုံမတင်ဘဲ တရားမဝင်လုပ်ကိုင်နေသည့် လုပ်ငန်းများကို ဖမ်းဆီးနှိမ်နင်းနေခြင်းဖြစ်ကာ ယခုကဲ့သို့ ဆောင်ရွက်ခြင်းမှာ မလေးရှားအစိုးရ၏ အထူးစီမံကိန်းတစ်ရပ်ဖြစ်သောကြောင့် အထူးသတိထားနေထိုင်ရန်၊ မလိုအပ်ဘဲ လမ်းမထွက်ကြရန်၊ သောက်စားဆူညံခြင်းများ မလုပ်ကြရန်နှင့် အထောက်အထားများကို ကိုယ်နှင့်မကွာ ကိုင်ဆောင်ထားရှိကြပါရန် အကြံပြုထားကြောင်း Center for Arakan Refugees အဖွဲ့ထံမှ သိရသည်။

သစ်တော်

## “ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်အသိပေးကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ အောင်စိတ္တလမ်း၊ တိုက်အမှတ်(၃)၊ (၁၈½' x ၅၅')အကျယ်ရှိ (၂)ခန်းတွဲ(၃½)ထပ်တိုက်၏မြေညီထပ်(ခေါင်းရင်းခြမ်း)တိုက်ခန်းမှာ ကန်ထရိုက်တာနှင့် မြေရှင်တို့ အကျိုးတူပူးပေါင်းဆောက်လုပ်ရာမှ မြေရှင်ဖြစ်သူ ဦးအုံးဟန်ရရှိခံစားခွင့်ရှိသော တိုက်ခန်းဖြစ်ပါသည်။ ဦးအုံးဟန်သည် ကွယ်လွန်သွားပြီဖြစ်သဖြင့် ၎င်း၏အမွေဆက်ခံခွင့်အား တရားဝင်ဇနီးဖြစ်သူ ဒေါ်စိန်မြင့်[၁၂/သဃက(နိုင်)ဝ၈၅၅၆၄]မှ မိမိတစ်ဦးတည်းသာ ဆက်ခံပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းစွာဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းပြောဆိုချက်အရ ကျွန်ုပ်မိတ်ဆွေမှ အပိုင်ဝယ်ယူရန်အတွက် စရန်ငွေများပေးချေထားပြီးဖြစ်ရာ အဆိုပါတိုက်ခန်းနှင့် မြေရှင်ခံစားခွင့်ရှိသော မြေပိုင်ဆိုင်မှုအရောင်းအဝယ်ပြုလုပ်ခြင်းတို့နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ခင်ကြည်မွန်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၀၅၂)**
**Ph:09-43114141, 09-400101414**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် ၅၊ ဦးပိုင်အမှတ်(၈–က)/၅၃လမ်း၊ ၁၀၂ x ၁၀၃ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်တင်တင်ဌေး[၉/ခမစ(နိုင်)၀၀၂၉၉၉]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၇၈၃၅/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်သွယ်ဇင်ထွန်း[၉/ခအဇ(နိုင်)၀၂၅၁၉၀]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်–၂ ရပ်ကွက်၊ အကွက်အမှတ်န–၈၊ ဦးပိုင်အမှတ်(၄–က)/၄၂ လမ်း၊ ၆၃x၆၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကျော်ဇေယျာလင်း[၁၃/လရန(နိုင်)၁၂၅၁၂၂]၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၅၃၁/၂၀၁၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးအောင်ဇော်ထွန်း [၉/မနတ(နိုင်)၀၆၆၅၄၄]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများ ဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် – ၃၄၊ မြေကွက်အမှတ်–၈၉၈၊ အကျယ်အဝန်း–၀.၀၅၈ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်ပေါ်၌ ဆောက်လုပ်ထားသော တိုက်အမှတ်(၈၉၈)၊ အခန်းအမှတ်(3–A)၊ ပင်လုံလမ်း၊ (၃၄)ရပ်ကွက်၊ အကျယ်အဝန်း–၁၈'x၅၄'ရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ပိုင်ဆိုင် အမည်ပေါက်သူမြေရှင်များ ဒေါ်နန္ဒာဝေဒီ[၆/တသရ (နိုင်) ၀၀၀၃၂၆]၊ ဒေါ်လေးမြ[၂/လကန(နိုင်)၀၀၅၇၀၄] ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်သည့်အတွက် ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်မေပြည့်စုံ (ခ) ဒေါ်ပွင့် (LLB, DBL, DIL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၀၉၃)**
**အမှတ်–၅၅၊ အခန်း (၁၅)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၅၁၂၅၇၉၅၊ ၀၉–၇၆၅၀၅၃၄၂၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၅၊ မြေကွက်အမှတ်–၂၄၄၊ ဧရိယာ(၀.၀၆) ဧက၊ မြေကွက်တည်နေရာ–အမှတ်(၂၄၄)၊ မြို့ပတ်လမ်း၊ (၃)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ဦးမျိုးဝင်း[၁၂/စခန(နိုင်)၀၄၅၀၃၆]၊ ဒေါ်အေးအေးညွန့် [၁၂/မဘန(နိုင်)၀၂၃၄၈၁] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား ဂရန်မြေ အမည်ပေါက် ဦးမျိုးဝင်း [၁၂/စခန(နိုင်)၀၄၅၀၃၆]၊ ဒေါ်အေးအေးညွန့် [၁၂/မဘန(နိုင်)၀၂၃၄၈၁]တို့ဖြစ်ပြီး၊ အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်အေးအေးညွန့်(ဇနီး) ဖြစ်သူသည် (၂၃–၇–၂၀၂၁) ရက်နေ့တွင် ကွယ်လွန်၍ ခင်ပွန်းဖြစ်သူ ဦးမျိုးဝင်းမှ ဂရန်မူရင်း၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဇနီးဖြစ်သူ ကွယ်လွန်ပြီးနောက် အထက်ဖော်ပြပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ အနက်မှ ဇနီးဖြစ်သူ ဒေါ်အေးအေးညွန့်ပိုင်ဆိုင်ခွင့်ရှိသည့် ထက်ဝက်အစုကို ကျန်ရစ်သူတရားဝင်ခင်ပွန်းဖြစ်သူ ဦးမျိုးဝင်း တစ်ဦးတည်းကသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့် ၎င်းမှလွဲ၍ အခြားအမွေဆက်ခံမည့်သူ တစ်ဦးတစ်ယောက်မျှ မကျန်ရှိသည်မှာ မှန်ကန်ပါကြောင်း ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၏ ကျမ်းကျိန်လွှာ အမှတ်–၃၅၄၈/၂၀၂၃ (၁၅–၉–၂၀၂၃ ) အသိသက်သေ နှစ်ဦး၏ ထပ်ဆင့်ကျမ်းကျိန်လွှာ (၂)စောင်၊ နိုင်ငံသားစိစစ်ရေးကတ်တို့ကို တင်ပြ၍ ပိုင်ဆိုင်မြေပုံနှင့် အရောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒေါက်တာ ဦးအောင်ကို

နားပေါက်ကျယ်ချုပ်သည်၊ နားပေါက်ဖောက်သည်
နဂိုအတိုင်းဖြစ်အောင် လှပစွာချုပ်ပေးသည်။
တစ်ပေါက် (၁၅၀၀၀၀ ကျပ်)၊ နှစ်ပေါက်( ၃၀၀၀၀၀ ကျပ်)
**Ph:09-777747223, 09-772038930**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ ရဲဘော်(၄)လမ်း၊ အမှတ်(၃၄)ဟု ခေါ်တွင်သော အလျား(၃၃)ပေ၊ အနံ(၁၀၆)ပေ၊ အကျယ်ရှိ ဘိုးဘွားပိုင် မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ဦးသန်းစိုး [၁၀/မလမ(နိုင်)၀၁၁၇၆၆]၊ ဒေါ်ခင်သန်းနွဲ့ [၁၀/မလမ(နိုင်)၀၁၀၉၈၉]၊ ဒေါ်မြမြသန်း [၁၂/အစန(နိုင်)၀၉၅၉၅၆]၊ ဦးသန်းအောင် [၁၀/မလမ(နိုင်)၀၀၉၀၂၈]၊ ဦးမြင့်ဝေ [၁၀/မလမ(နိုင်)၀၁၁၀၁၅] တို့ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်မိမိထွန်း [၁၂/အစန(နိုင်)၁၈၅၆၄၂]က ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကိစ္စရပ်အား ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်း မူရင်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မူမူအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၇၃၄၆)**
**အင်းစိန်စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ် ဖုန်း – ၀၉–၄၃၁၉၀၀၈၂**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ ပေါ်ဦးလမ်း၊ မြေကွက်အမှတ်(၇၉၂)၏ မြေအကျယ်အဝန်း (၄၀x ၆၀)ပေထဲမှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်အမှတ်(၇၉၁) နှင့်ကပ်လျက်ဘက်ခြမ်း၏ မြေအကျယ်အဝန်း(၂၀x ၆၀)ပေရှိ ဒေါ်ရီလာ [၁၂/ပဇတ(နိုင်)၀၁၃၇၄၄]အမည်ပေါက် နှစ်(၆၀)ဂရန်(မိတ္တူ)ခြမ်း မြေအမျိုးအစား မြေကွက်နှင့်တကွ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးသိန်းမြင့်ကျော်[၁၂/သဃက (နိုင်)၁၆၃၁၄၄]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် စရန်ငွေ အချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးဇော်မျိုးအောင်(စဉ်–၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်–၉၁၁၉)** |
| **(LL.B,D.I.L)** | **(LL.B,D.B.L,D.I.L,WIPO switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅–လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၄၂၀၀၀၄၀၃၅၊ ၀၉–၄၂၀၂၆၆၀၆၁၊ ၀၉–၂၅၃၁၁၈၀၁၄**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၅၅)ရပ်ကွက်၊ လွတ်လပ်ရေး(၄)လမ်း၊ မြေကွက်အမှတ်(၆၅၃/ခ)၊ မြေအကျယ်အဝန်း(၂၀x၆၀)ပေရှိ ဦးသိန်းလွင်[၁၂/သဃက(နိုင်)၀၄၆၄၁၉]အမည်ပေါက် မြေချပါမစ် မြေအမျိုးအစားမြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ အမည်ပေါက်ပိုင်ရှင် ဦးဖြိုးပြည့်စိုး [၁၂/မရက(နိုင်)၁၃၁၉၂၉]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးဇော်မျိုးအောင်(စဉ်–၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်–၉၁၁၉)** |
| **(LL.B,D.I.L)** | **(LL.B,D.B.L,D.I.L,WIPO Switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅–လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၂၅၃၁၁၈၀၁၄၊ ၀၉–၄၂၀၂၆၆၀၆၁၊ ၀၉–၄၅၇၇၇၅၁၂၄၁**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် ဖဖ–၄၊ ဦးပိုင်အမှတ်(၂၃)/၁၁၀ x ၁၁၁ လမ်းကြား၊ ၅၀ x ၅၁ လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်အမာမြင့်ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၄၂၁/၂၀၁၃)ဖြင့် ပိုင်ဆိုင်သူ ဦးမိုးဝေ[၉/မနတ(နိုင်)၀၁၃၁၉၃]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၄၄၂၆/၂၀၁၄)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးကျော်ရှောင်[၅/မကန(နိုင်)၀၄၅၂၆၄]က တောဂရန်တင်ပြ၍ တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်–ဗ–၄၊ ဦးပိုင်အမှတ်(၈)/၅၆–Cလမ်း x ၁၁၃ လမ်းရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကျော်စိန်ဝင်း[၉/ခမစ(နိုင်)၀၁၈၄၆၂]၊ ဦးကျော်မင်းခိုင်[၉/ခအဇ(နိုင်)၀၁၄၈၆၇]တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၀၆၄၁/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်စမ်းစမ်းဝင်း [၁/မကတ(နိုင်)၀၁၃၈၀၈]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက်ရပ်ကွက်၊ အကွက်အမှတ် ၅၇၆၊ ဦးပိုင်အမှတ်(၂၃–ခ)/ ၈၆ နှင့် ရွှေတချောင်းလမ်းကြား၊ ၃၁ x ၃၂ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးမင်းကြည်[၇/ပတန(နိုင်)၀၁၉၈၁၈]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၄၂၃၄/၂၀၁၅)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ခင်မျိုးမူ [၁/မညန(နိုင်)၁၀၅၃၃၅]က ဘိုးဘအမည်ပေါက် မြေပုံတင်ပြ၍မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်အမှတ်–၈၉၈၊ ဦးပိုင်အမှတ်(၃၉)၊ ၆၃ x ၆၄ ကြား၊ ၃၁ လမ်းရှိ ဒေါ်စိန်တင့်၊ ဒေါ်ခင်တင့် အမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၂၉၆၉/၂၀၂၂)ဖြင့် အမွေဆက်ခံခဲ့သည့် ဒေါ်ခင်တင့်[၉/မရမ(နိုင်)၀၃၃၄၇၁]၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၇၉၂၀/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်မိုးမိုးလှိုင်[၉/မထလ(နိုင်)၀၆၉၅၅၉]၊ ဦးဝင်းအောင်[၉/မရမ(နိုင်)၀၃၃၃၃၆]၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၇၉၂၁/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်မာလာသန်း(ခ)ဒေါ်စောဝင်း[၉/ခအဇ(နိုင်)၀၁၂၉၉၃](၎င်းကိုယ်တိုင်နှင့်အတူ)၊ ဒေါ်တင်သန်းဦး[၉/မရမ(နိုင်)၀၁၈၆၄၇]တို့က ဘိုးဘအမည်ပေါက် မြေပုံတင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် ဟ–၂၊ ဦးပိုင်အမှတ်(၈၈)/၇၂ x ၇၃ ကြား၊ ပျူစောထီးနှင့် ကျန်စစ်သားလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးတင်မောင်ဝင်း(ခ) လီရင်ဟွာ[၉/မရတ(နိုင်)၁၀၅၅၃၈] ဂရန်စာချုပ်တင်ပြပြီး (တူမ) ဒေါ်ရဲမေဦးအား ပေးကမ်းမည်ဖြစ်၍ အပေးစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဓမ္မရာဇာ(၂၈)လမ်း၊ အမှတ် (၂၂၆/ခ)ဟု ခေါ်တွင်သော မြေကွက်ပေါ်ရှိ တစ်ခန်းတည်း (၆)ထပ်တိုက်၏ တတိယထပ်၊ ၄–လွှာ၊ အကျယ်အဝန်း(အလျား ၁၈ ပေxအနံ ၅၅ ပေ)ရှိသော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်ပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးပိုင်ငြိမ်းဦး [၁၂/အစန(နိုင်)၂၀၆၃၂၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးနေနိုင်ဦး [၉/မကန(နိုင်)၁၀၀၀၅၂]နှင့် ဒေါ်ဆုလတ်ဖြိုး [၉/မတလ(နိုင်)၂၈၈၀၉၂]တို့က ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်မိုးခင်အိ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၁၅၁)**
**အမှတ်(၃၇)၊ ပွဲစားလမ်း၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၄၃၀၇၁၁၄၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၂၀)ရပ်ကွက်၊ မြသီရိလမ်း၊ မြေကွက်အမှတ်(၆၅၈/ခ)ဟုခေါ်တွင်သော ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ–၁၇)၊ မြေကွက်အမှတ်(၆၅၈/ခ)၊ ဧရိယာ(၂၀x၆၀)ပေ အကျယ်အဝန်းရှိ ဦးဟံဌေးအမည်ဖြင့် ချထားပေးခဲ့သော ပါမစ်မြေကွက်နှင့်တကွ ယင်းနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်–**

**ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၂၀)ရပ်ကွက်၊ မြသီရိလမ်း၊ မြေကွက်အမှတ်(၆၅၇/က)ဟုခေါ်တွင်သော ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ–၁၇)၊ မြေကွက်အမှတ်(၆၅၇/က)၊ ဧရိယာ(၂၀x၆၀)ပေ အကျယ်အဝန်းရှိ ဦးတိုးအမည်ဖြင့် ချထားပေးခဲ့သော ပါမစ်မြေကွက်နှင့်တကွ ယင်းနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်–**

တို့အား ကိုယ်တိုင်လက်ရှိထား ပိုင်ဆိုင်လျက်ရှိပြီး တစ်ဆင့်ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ **ဦးချစ်တင် [၁၄/မအပ(နိုင်)၀၉၇၉၃၃]**ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို အများသိစေရန် ကြော်ငြာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးတိုးဝေမြင့် [LL.B, Diploma in Business Law (UK)] (စဉ်–၃၁၀၉၉)** **ဒေါ်အေးငြိမ်းအောင်(LL.B) (စဉ်–၃၉၄၅၆)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၃၇)၊ အခန်းအမှတ်(၂–ဘီ)(မြေညီ)၊ ရာဇဓိရာဇ်လမ်း၊ (၃)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၄၂၀၀၇၀၅၇၁၊ ၀၉–၇၉၃၂၈၀၆၈၆**

## ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ အနော်ရထာလမ်း၊ အမှတ် (၃၁၉) နေ ဦးသန်းကျော် (၁၂/ကတတ(နိုင်) ၀၂၀၄၄၆) ကိုင်ဆောင်သူသည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိတစ်ဦးတည်း သုံးစွဲရန်အတွက် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ (၈–၈–၂၀၀၂) ရက်နေ့တွင် မှတ်ပုံတင်စာချုပ်အမှတ်– ၄၃၀၆/၂၀၀၂ ဖြင့် မှတ်ပုံတင်သွင်းကြေညာထားပြီးဖြစ်ပါသည်–

**SAGA®**

အထက်တွင်ကပ်နှိပ်ဖော်ပြထားသည့် **SAGA** ဟူသော ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် TV များ၊ VCD စက်များ၊ DVD စက်များ၊ VIEDO ပြဇာတ်များ၊ VIEDO ရိုက်ကူးဇာတ်များ၊ ဂြိုလ်တုရုပ်မြင်ဖမ်းစက်များ၊ ကင်မရာများ၊ ကက်ဆက်အမျိုးမျိုး၊ ရေဒီယိုအမျိုးမျိုး၊ စပီကာအမျိုးမျိုး၊ အမ်ပလီဖိုင်ရာ၊ မိုက်ခရိုဖုန်း၊ ရေခဲသေတ္တာ၊ လေအေးပေးစက်၊ ပန်ကာအမျိုးမျိုး ၊ လျှပ်စစ်မီးပူ၊ မိုက်ခရိုဝေ့မီးပူ၊ လျှပ်စစ်မီးဖို၊ ဂဏန်းပေါင်းစက်၊ ကွန်ပျူတာ၊ ပရင်တာ၊ မိတ္တူကူးစက်၊ ရေသန့်စက်၊ သစ်သီးဖျော်စက်၊ အဝတ်လျှော်စက်၊ ဆံပင်အခြောက်ခံစက်၊ ရေစုပ်စက်၊ မော်တာအမျိုးမျိုး၊ ဓါတ်အားသွင်းစက်၊ အင်ဗာတာ၊ မီးအားမြှင့်စက်၊ လျှပ်စစ်ဂီတာ၊ အော်ဂင်အစရှိသော လျှပ်စစ်ဓါတ်သုံး တူရိယာပစ္စည်းများ၊ TV Game ကစားစက်၊ ဖုန်စုပ်စက်များအစရှိသော အီလက်ထရောနစ်လျှပ်ကူးပစ္စည်းများအသုံးပြုထုတ်လုပ်သည့် အိမ်သုံး၊ လူသုံး၊ မီးဖိုချောင်သုံး၊ အလုပ်ရုံလုပ်ငန်းသုံး၊ လျှပ်စစ်ပစ္စည်းအမျိုးမျိုးတို့ကို ပြည်ပမှ မှာယူတင်သွင်းပြီး ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် ကောင်းမွန်သော ဂုဏ်သတင်းဖြင့် ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

သို့ပါ၍ ကျွန်ုပ်၏မိတ်ဆွေမှတ်ပုံတင်သွင်းထားသော အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်ဖြင့် လည်းကောင်း၊ ကုန်အမှတ်တံဆိပ်တစ်ခုလုံး ကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ မည်သူမဆို တိုက်ရိုက်သော် လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား ပြုလုပ်သုံးစွဲခြင်းမပြုလုပ်ကြပါရန် သတိပေးတားမြစ်ကြေညာအပ်ပါသည်။ အကယ်၍ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ကျွန်ုပ်၏မိတ်ဆွေ၏ခွင့်ပြုချက်မရှိဘဲ အခြားသူတစ်ဦး တစ်ယောက်ကဖြစ်စေ၊ အများကဖြစ်စေ အသုံးပြုကြောင်းတွေ့ရှိရပါက တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရ ဖြစ်စေဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဦးသက်နိုင်ဦး (LL.B, LL.M, MRes (Law), D.B.L)
အထက်တန်းရှေ့နေ (စဉ်–၁၆၉၃၃)
အမှတ်– ၁၅၊ မြေညီ(ဘီ)၊ အထက်မန္တလေးလမ်းသွယ်(၃)၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း– ၀၉ ၉၇၅၀၂၁၈၄၁

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်နှင့် အညီ ပညာတတ်မြောက်ထားမှသာ ဘဝ ရပ်တည်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်...**

❖ **ထို့ကြောင့် ကျေးလက်နေပြည်သူများ၊ တိုင်းရင်းသားပြည်သူများ၏ ပညာရည် မြင့်မားရေးကို ဦးစားပေး အားပေး ဆောင်ရွက်သွားရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၃/၂၀၂၃) တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

**ယနေ့** ဖတ်စရာ





## ဗီယက်နမ်နိုင်ငံ၌ မျောက်ကျောက်ရောဂါ ကူးစက်ခံရသူ ၁၁၇ ဦး တွေ့ရှိ၊ ခြောက်ဦး သေဆုံး

စာမျက်နှာ » ၁၃

## နမ္မတူမြို့ထဲသို့ တပ်မတော်က ပစ်ခတ်သည့် လက်နက်ကြီး ကျရောက်ပေါက်ကွဲမှုကြောင့် ကလေးငယ် သုံးဦးနှင့် လူကြီး နှစ်ဦး ဒဏ်ရာရဟု မဟုတ်မမှန်သတင်းများ လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေလျက်ရှိ

စာမျက်နှာ » ၁၅

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေမှ ဘုရားများကို ပျက်စီးစေမည့် ကပ်ပါးပင်များအား ရှင်းလင်းမှု လုပ်ဆောင်နေ



ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘုရားတစ်ဆူတွင် ကပ်ပါးပင်များအား ရှင်းလင်းနေသည်ကို တွေ့ရစဉ်။

**ရန်ကုန် ဒီဇင်ဘာ ၂၃**

ပြည်တွင်း၊ ပြည်ပ ခရီးသွားများ အကြား စိတ်ဝင်စားမှု အများဆုံး ရရှိရာ ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေမှ ဘုရားများကို ပျက်စီး စေမည့် ကပ်ပါးပင်များအား ရှင်းလင်းမှု လုပ်ဆောင်နေရာ ပထမအဆင့်အနေဖြင့် ရာခိုင်နှုန်း အတော်များများ ပြီးစီးနေပြီ ဖြစ်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပုဂံဌာန ခွဲမှ ညွှန်ကြားရေးမှူး ဦးကျော်မျိုးဝင်းက ဆိုသည်။

ထိုသို့ ဘုရားများတွင် တွယ်ကပ်ပေါက်ပွားနေသည့် ကပ်ပါးပင်များကို ရှင်းလင်းရာတွင် ဇရိယာ ၁၁ ခု သတ်မှတ်ကာ ရှင်းလင်းနေခြင်းဖြစ်ပြီး ရာသီဥတုပြောင်းလဲခြင်းနှင့် မိုးများခဲ့ခြင်းကြောင့် အပင်များ ပေါက်ရောက်မှုမှာ ပိုမို စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ■

# မန်စီးတီးအသင်း ဖီဖာကလပ်အသင်းများ ကမ္ဘာ့ဖလားပထမဆုံးအကြိမ် ဆွတ်ခူး

မန်စီးတီးအသင်းနဲ့ ဖလူမီနန့်စ်အသင်းတို့ ဒီဇင်ဘာ ၂၂ ရက် ညပိုင်းက ဆော်ဒီအာရေဗျနိုင်ငံမှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ ဖီဖာကလပ်အသင်းများ ကမ္ဘာ့ဖလားပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ မန်စီးတီးအသင်းက ဖလူမီနန့်စ်အသင်းကို လေးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာကြောင့် ဖီဖာကလပ်အသင်းများ ကမ္ဘာ့ဖလားကို ပထမဆုံးအကြိမ် ရယူဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပါတယ်။

ပြီးခဲ့တဲ့ဘောလုံးရာသီက ချန်ပီယံလိဂ်ဖလားရရှိခဲ့တာကြောင့် ဖီဖာကလပ်အသင်းများ စာမျက်နှာ ၂၆ ကော်လံ ၁ သို့ ❖




# MNL 2 Promotion Amateur Club Tournament ပြိုင်ပွဲ အုပ်စု (က)ပွဲစဉ်များ ကျင်းပပြီးစီး

**ရန်ကုန် ဒီဇင်ဘာ ၂၃**

MNL 2 Promotion Amateur Club Tournament ပြိုင်ပွဲ အုပ်စု နောက်ဆုံးနေ့ကို ဒီဇင်ဘာ ၂၃ ရက်က ဗဟန်းမြက်ခင်းတုကွင်း၌ ဆက်လက်ကျင်းပရာ Rainbow အသင်းနှင့် Rangers အသင်းတို့ ဆီမီးဖိုင်နယ် တက်ရောက်ခဲ့သည်။

အုပ်စု (က) နောက်ဆုံးနေ့တွင် နှစ်ပွဲစလုံး သရေကျခဲ့ပြီး Rainbow အသင်းနှင့် TKG Hmawbi အသင်းတို့ တစ်ဂိုးစီသရေ၊ Rangers အသင်းနှင့် Burmese Bees အသင်းတို့ နှစ်ဂိုးစီသရေကျခဲ့သည်။ ဒုတိယပွဲပြီးကတည်းက နောက်တစ်ဆင့် တက်ရောက်ပြီးဖြစ်သည့် Rainbow အသင်းသည် အုပ်စုပထမနေရာအတွက် သရေတစ်မှတ် ရယူခဲ့ခြင်းဖြစ်သည်။ ပွဲအစ ငါးမိနစ်တွင် မျိုးသူရက TKG Hmawbi အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူသော်လည်း ၃၉ မိနစ်တွင် ဝင်းဌေးကျော်က Rainbow အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ Rangers အသင်းသည် စာမျက်နှာ ၂၆ ကော်လံ ၁ သို့ ❂